# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ခိုင်မာမြဲမြံစွာ ရပ်တည်နိုင်**

လောကဓံတရားများနှင့် တွေ့ကြုံရသော ရဟန္တာအရှင်မြတ်တို့သည် အမျက်ထွက်ခြင်းမရှိ။ သည်းခံ၏။ မြေကြီးကဲ့သို့ လည်းကောင်း၊ တံတိုင်းကြီးကဲ့သို့ လည်းကောင်း၊ ခိုင်မာမြဲမြံစွာ ရပ်တည်နိုင်၏။ အရှင်သာရိပုတ္တရာ၏ အမျက်မထွက်၊ သည်းခံခြင်းနှင့် ပြည့်စုံသောစိတ်ကို ရှိခိုးကော်ရော် ပူဇော်ကန်တော့ရာ၏။

**အရဟန္တဝဂ်(ဓမ္မပဒ - ၉၅)**


၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက် | ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ ၁ ရက်၊ အင်္ဂါနေ့၊ | အတွဲ (၅၆)၊ အမှတ် (၀၃၂)


# နိုင်ငံ့စီးပွားရေးကို အကျိုးပြုနိုင်သည့် စီမံကိန်းများ၊ ဘတ်ဂျက်များဖြစ်ရန် အစိုးရဌာနဆိုင်ရာများက တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်သိမှုရှိရန် အရေးကြီး

## နိုင်ငံတော်အနေဖြင့် ငွေရေးကြေးရေးနယ်ပယ်တွင် ပြုပြင်ပြောင်းလဲမှုများ တိုးမြှင့်ဆောင်ရွက်ရန် ပြင်ဆင်နေပြီဖြစ်



ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဘဏ္ဍာရေးကော်မရှင်(၂/၂၀၁၆) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၃၁

**ဘဏ္ဍာရေးကော်မရှင်(၂/၂၀၁၆)အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က အမှာစကားပြောကြားရာ၌ ယနေ့ကျင်းပသည့် ဘဏ္ဍာရေးကော်မရှင်(၂/၂၀၁၆)ကြိမ်မြောက် အစည်းအဝေးတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များက ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများကို ဘဏ္ဍာရေးကော်မရှင်က အတည်ပြုပေးရမည်ဖြစ်ပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်သည် မိမိတို့အစိုးရအဖွဲ့ တာဝန်ယူသည့် သက်တမ်း၏ ပထမနှစ်ဖြစ်ပါကြောင်း။

*စာမျက်နှာ ၃ ကော်လံ ၁* ❀

**ဘတ်ဂျက်နှင့်ပတ်သက်၍ ပြန်လည်ပြင်ဆင်ခဲ့ရခြင်းများကြောင့် အစိုးရ၏ ငွေလုံးငွေရင်း အသုံးစရိတ်များ အပြောင်းအလဲရှိနိုင်ခြင်းအပေါ် စောင့်ဆိုင်းသုံးစွဲရသည့်အတွက် ပြည်တွင်းဈေးကွက်တွင် သက်ရောက်မှုအချို့ရှိခဲ့**

## မြန်မာနှင့် ချက်သမ္မတနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ ဆွေးနွေး

စာ » ၄




# ကမ်းနှစ်ဖက်မှ အသံများ

မြန်မာ-ကိုရီးယား ချစ်ကြည်ရေးတံတားဟုခေါ်သော ရန်ကုန်မြစ်ကူးတံတားကြီး တည်ဆောက်မည့်ကိစ္စနှင့်ပတ်သက်၍ ဝေဖန်ကန့်ကွက်သံများ ပေါ်ထွက်လာသည်။ ပင်လယ်ကူးသင်္ဘောကြီးများ ဝင်ထွက်သွားလာလျက်ရှိသည့် မြစ်ပြင်ကျယ်ကြီးပေါ်ကို ဖြတ်သန်းကာ တံတားတည်ဆောက်ရမှာဖြစ်သည့်အတွက် တံတားကြီးမှာ ရေမျက်နှာပြင်အထက် မြင့်မားစွာတည်ဆောက်ရမည်။ တံတားကြီး၏ ဟိုဘက်ဒီဘက်မှာရှိနေသော မြို့နှစ်မြို့တို့၏ အခြေအနေမှာ စီးပွားရေး၊ လူမှုရေး အဘက်ဘက်ကပင် ကွာခြားလှသည်။ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ တည်ဆောက်ခဲ့သည့် ရန်ကုန်မြို့နှင့် မျက်နှာချင်းဆိုင်တွင် တည်ရှိနေသော ဒလမြို့နေ ပြည်သူလူထုက ရန်ကုန်မြစ်ကူးတံတားကြီးတစ်စင်း ပေါ်ပေါက်လာရေး အိပ်မက်မက်ခဲ့ကြသည်မှာ ဆယ်စုနှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်သည်။


ဒလသည် ရန်ကုန်မြို့နှင့် အနီးဆုံးမြို့နယ်တစ်ခုဖြစ်ပြီး ၁၀ မိနစ်ခန့်မျှဖြင့် မြို့လယ်သို့ တိုက်ရိုက်ရောက်ရှိသွားနိုင်သည့် ဒေသဖြစ်သည်။ အဓိကအတားအဆီးမှာ ရန်ကုန်မြစ်ကြီးပင်ဖြစ်ပြီး နေ့စဉ်နှင့်အမျှ ကူးသန်းသွားလာနေရသူများမှာ အသက်နှင့်ရင်းနေကြရသည်ဟုလည်း ဆိုနိုင်သည်။ ထို့ကြောင့်ပင် ဒလသူ ဒလသားတို့က ရန်ကုန်မြစ်ကူးတံတားကြီးကို မျှော်လင့်ကြခြင်းဖြစ်သည်။ တံတားကြီးစီမံကိန်းနှင့်ပတ်သက်၍ ကန့်ကွက်သံများမှာ ရန်ကုန်ဘက်ကမ်းမှ ပေါ်ထွက်လာခြင်းဖြစ်ပြီး ကန့်ကွက်သူများက တံတားကြီး မတည်ဆောက်စေလိုသည့်သဘောထက် မိမိတို့၏ တည်ရှိနေမှုအပေါ် မထိခိုက်စေလိုသည့်သဘောများကို အဓိက တွေ့ရှိရသည်။ လက်ရှိအခြေအနေတွင် တံတားအူကြောင်းလျာထားမှု သုံးနေရာရှိသည့်အနက် ဖြစ်နိုင်ခြေအများဆုံးရှိနေသော ရန်ကုန်ဘက်ကမ်းမှ ဘုန်းကြီးလမ်းနေပြည်သူများက ကန့်ကွက်နေကြခြင်း ဖြစ်သည်။

တံတားစီမံကိန်းနှင့်စပ်လျဉ်း၍ ရန်ကုန်မြို့ဘုန်းကြီးလမ်းနေ ပြည်သူများ၏ စိုးရိမ်ပူပန်မှုများမှာ တံတားစီမံကိန်းလုပ်ငန်းခွင်များမှ ပေါ်ထွက်လာမည့် တုန်ခါမှု၊ ဆူညံမှု၊ အခိုး အငွေ့ ဖုန်မှုန့်နှင့် အမှိုက်သရိုက်များ၊ ဆောက်လုပ်ရေးလုပ်ငန်းများကြောင့် မိမိတို့၏ နေ့စဉ်လူနေမှုအပေါ်တွင် ထိခိုက်လာနိုင်ဖွယ်ရှိသော ကိစ္စများအပေါ် စိုးရိမ်ပူပန်မှုများရှိနေကြသည်ဟု သိရသည်။ ဤသို့သိရခြင်းမှာလည်း တံတားစီမံကိန်းနှင့်ပတ်သက်၍ "စီမံကိန်းဆိုင်ရာ ပတ်ဝန်းကျင်နှင့် လူမှုရေး ထိခိုက်မှုဆန်းစစ်ခြင်း"ကို ပွင့်လင်းမြင်သာစွာ ပြုလုပ်နိုင်ခဲ့ခြင်းကြောင့် ဖြစ်သည်။

ESIA ခေါ် ပတ်ဝန်းကျင်နှင့် လူမှုစီးပွားဘဝ ထိခိုက်မှုဆန်းစစ်ချက်များပြုလုပ်ရာတွင် ဒေသတွင်းပေါက်ပင်နှင့် ဒေသမျိုးရင်းတိရစ္ဆာန်များ၊ မြေဆီလွှာ၊ ရေအရင်းအမြစ်၊ လေထု၊ ဆူညံမှု၊ မြေခင်းအလှနှင့် မြေမျက်နှာအသွင်အပြင် စသည့်ပတ်ဝန်းကျင် အခြေအနေများ ထိခိုက်နိုင်မှု ရှိ မရှိ၊ ဒေသနေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ အိမ်နေရာဖယ်ရှားရမည့် ပမာဏ၊ ဗိသုကာတန်ဖိုး၊ သမိုင်းတန်ဖိုးမြင့်မားသည့် အမွေအနှစ်များ၊ ပြည်သူအများ အပန်းဖြေသည့်နေရာများ စသည်တို့အပေါ်တွင် ထိခိုက်နိုင်မှု ရှိ မရှိ စသည်တို့ကို လေ့လာဆန်းစစ်မှုများ ပြုကြရသည်။

မြန်မာနိုင်ငံလူဦးရေ၏ ၁၀ ရာခိုင်နှုန်းကျော်ကျော် မှီတင်းနေထိုင်လျက်ရှိသော ရန်ကုန်မြို့ကြီးမှာ နိုင်ငံ၏စီးပွားရေးမြို့တော်ကြီးအဖြစ် ရပ်တည်နေပြီး မြို့နေလူဦးရေမှာလည်း လျင်မြန်စွာတိုးတက်လျက်ရှိသည်။ အစိုးရအဆက်ဆက်တို့က မြို့ကြီးကို တိုးချဲ့တည်ဆောက်ခဲ့ရာတွင် အထူးသဖြင့် ရန်ကုန်မြစ်၏ တစ်ဖက်ကမ်းကို မစဉ်းစားနိုင်ခဲ့ကြသည့်အလျောက် ဒလမြို့နေ ပြည်သူများမှာ ရန်ကုန်မြို့တော်ကြီးနှင့် နီးလျက်ကပင် ဝေးနေခဲ့ကြရသည်။ ရာသီဥတုဆိုးရွားသည့် အခြေအနေများတွင် ရန်ကုန်ဘက်သို့ ကူးသန်းသွားလာရန် အခက်တွေ့ခဲ့ကြရသည်။ ရန်ကုန်မြစ်ကြီးကို ဖြတ်ကျော်ကာ မြို့လယ်ဒေသသို့ တိုက်ရိုက်ရောက်ရှိနိုင်မည့် ရန်ကုန်မြစ်ကူးတံတားကြီးသည် ၎င်းတို့၏ ရွှေရောင်အိပ်မက်ဖြစ်သကဲ့သို့ ဒလမြို့၏ ကျောထောက်နောက်ခံဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း မဟာမျှော်လင့်ချက်ကြီးတစ်ခုပင် ဖြစ်သည်။

ဒလမြို့နေပြည်သူများ၏ မျှော်လင့်ချက်ဆန္ဒများနှင့် လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းနေပြည်သူများ၏ စိုးရိမ်ပူပန်မှုများအပေါ် မှန်မှန်ကန်ကန် ဆန်းစစ်ကာ ခေတ်မီဆန်းသစ်သော နည်းပညာများဖြင့် အခက်အခဲများကို ကျော်လွှားနိုင်ပြီး ဒလနှင့် ရန်ကုန်မြေတစ်ကြောတည်းအဖြစ် မဝေးတော့သည့်ကာလတွင် ဖန်တီးဖော်ဆောင်နိုင်မည်ဟု ယုံကြည်မိပါကြောင်း။ ။




## မကွေး၌ ကြက်သွန်နီဈေးတက်

မကွေး အောက်တိုဘာ ၃၁

မကွေးမြို့ရှိဈေးများတွင် ယခုလတ်တလော ကြက်သွန်နီ၊ အာလူးနှင့် ခရမ်းချဉ်သီးဈေးနှုန်းများ ယခင်နှစ်ကထက် ယခုနှစ်တွင် အနည်းငယ်ဈေးတက်ကြောင်း ကြက်သွန်ရောင်းသူများက ပြောကြားသည်။

မကွေးတိုင်းဒေသကြီးတွင် ယခုအချိန်၌ ကြက်သွန်အသစ်ပေါ်ခါနီးအချိန်လည်းဖြစ်သည့်အတွက် နှစ်စဉ်ယခုအချိန်တွင် ဈေးတက်နေကြ ဖြစ်ကြောင်း သိရသည်။ ယခင်ရက်များတွင် ကြက်သွန်နီ တစ်ပိဿာကို အနည်းဆုံး ငွေကျပ် ၈၀၀ ဝန်းကျင်ခန့်ရှိပြီး ယခုအချိန်တွင် အနည်းဆုံးတစ်ပိဿာကို ငွေကျပ် ၁၄၀၀ ဝန်းကျင်ရှိကြောင်း သိရသည်။ **ညီညီမောင်(မကွေး)**

ချက်သမ္မတနိုင်ငံ အမျိုးသားနေ့ အထိမ်းအမှတ် အခမ်းအနားကို နေပြည်တော် **Park Royal** ဟိုတယ်၌ အောက်တိုဘာ ၃၁ ရက် ည ၇ နာရီက ကျင်းပရာ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် ပြည်ထောင်စုဝန်ကြီးများ တက်ရောက်ချီးမြှင့်စဉ်။

(သတင်းစဉ်)



## စာရေးဆရာလက်ာရည်ကျော်၏'ပန်းမာန်'စာအုပ်မိတ်ဆက်ပွဲနှင့် ရေးသူ ဖတ်သူ ဆွေးနွေး

ရန်ကုန် အောက်တိုဘာ ၃၁

နန်းဒေဝီစာပေတိုက်မှ ထုတ်ဝေဖြန့်ချိပြီး စာရေးဆရာ လက်ာရည်ကျော်ရေးသားသည့် ပန်းမာန်လုံးချင်းဝတ္ထုစာအုပ် မိတ်ဆက်ပွဲနှင့် ရေးသူဖတ်သူဆွေးနွေးပွဲကို အောက်တို




ဘာ ၃၀ ရက် ညနေ ၃ နာရီက ရန်ကုန်မြို့ပြည်သူ့ဥယျာဉ်ရှိ TAB Book Center စာအုပ်ဆိုင်၌ ကျင်းပခဲ့သည်။ စာအုပ်မိတ်ဆက်ပွဲကို စာနယ်ဇင်းမီဒီယာများ၊ ရုပ်သံဌာနများနှင့် ဆရာ၏စာဖတ်ပရိသတ်များ တက်ရောက်ကြသည်။

ပန်းမာန်စာအုပ်သည် ဆရာလက်ာရည်ကျော်၏အောင်မြင် ခဲ့သော 'ပန်းဒေါင်း' စာအုပ်၏အဆက်ဟုလည်း ပြောရသလို သီးခြားဖတ်နိုင်သည့် ရသစာအုပ်တစ်အုပ်လည်းဖြစ်သည်။တစ်ကိုယ်တော် ပရဟိတသမား လူငယ်လေးများ၏စွန့်လွှတ် အနစ်နာခံသော စိတ်ဓာတ်များကိုဂုဏ်ပြုဖွဲ့ဆိုထားခြင်းဖြစ်သည်။ အခမ်းအနားမှူးအဖြစ် သရုပ်ဆောင် ပိုင်ဖြိုးသုက ဆောင်ရွက်ပြီး ဆရာလေး ဒေါက်ကရုဏာ၊ ဆရာကြည်မင်း ၊ ဆရာမောင်သွေးသစ်၊ ဆရာမြတ်ခိုင်၊ ဆရာကိုရင်လု၊ ဆရာဒေါက်တာ စိုးလွင်၊ ဆရာမပုညခင် တို့ကပန်းမာန်စာအုပ်နှင့်ပတ်သက်ပြီး အမှတ်တရစကားများပြောကြားခဲ့သည်။ အခမ်း အနားသို့ တက်ရောက်လာကြသော စာဖတ်ပရိသတ်များက သိလိုသည်များ မေးမြန်းရာ ဆရာလက်ာရည်ကျော်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **သတင်း-ခေးလား၊ ဓာတ်ပုံ-ဖြိုးသီဟ**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၃၁-၁၀-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၂၅၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၇၀၀၀ |

### စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၃၀/၆၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၃၀/၆၅၅ ကျပ် |
| အောက်တိန်း ၉၅ | ၆၈၀/၇၀၅ ကျပ် |
| ပရီမီယံဒီဇယ် | ၆၅၀/၆၈၀ ကျပ် |

### နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၅ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၁၀ · ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၂၂ · ၆၄ |
| ထိုင်း | တစ်ဘတ် | ၃၆ · ၆၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ · ၂၃ |
| တရုတ် | တစ်ယွမ် | ၁၈၉ · ၅၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၅ · ၉၉ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

❀ *ရှေ့ဖုံးမှ*

အစိုးရသစ် စတင်တာဝန်ယူစဉ် ပြည်ထောင်စုဝန်ကြီးဌာနများကို ပြင်ဆင်ဖွဲ့စည်းမှုများ ပြုလုပ်ခဲ့သည့်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေစာရင်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်သို့တင်ပြပြီး ပြန်လည်ပြင်ဆင်ခဲ့ရပါကြောင်း၊ ယခုပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကို ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် ဆွေးနွေးအတည်ပြုပေးနိုင်ရန်အတွက် ဘဏ္ဍာရေးကော်မရှင်က ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုစာရင်းနှင့်အတူ ထောက်ခံတင်ပြရမည်ဖြစ်ပါကြောင်း။

ဘတ်ဂျက်နှင့်ပတ်သက်၍ ပြန်လည်ပြင်ဆင်ခဲ့ရခြင်းများကြောင့် အစိုးရ၏ ငွေလုံးငွေရင်း အသုံးစရိတ်များ အပြောင်းအလဲရှိနိုင်ခြင်းအပေါ် စောင့်ဆိုင်းသုံးစွဲရသည့်အတွက် ပြည်တွင်းဈေးကွက်တွင် သက်ရောက်မှုအချို့ရှိခဲ့ပါကြောင်း၊ ယနေ့ ကမ္ဘာ့စီးပွားရေးအခြေအနေသည် တိုးတက်မှုနှေးကွေးနေသည့်အတွက် ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ရန် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့(IMF) က တိုက်တွန်းထားသည်ကို တွေ့ရပါကြောင်း၊ ကမ္ဘာ့စီးပွားရေး နှေးကွေးမှုအကျိုးဆက်ကြောင့် ကုန်သွယ်မှုနယ်ပယ်တွင် တိုးတက်မှုများ နှေးကွေးလာသည်ကိုလည်း သိရပါကြောင်း၊ IMF ၏ ခန့်မှန်းထုတ်ပြန်ချက်အရ ကမ္ဘာ့စီးပွားရေးတစ်ခုလုံးကို ကြည့်သည့်အခါ အာရှနိုင်ငံများတွင် တိုးတက်မှုအနေအထားကောင်းဖြင့် ဆက်လက်ရပ်တည်နေသည်ကို တွေ့ရပါကြောင်း၊ ဒေသတွင်းနိုင်ငံများတွင် ကောင်းမွန်သည့် စီးပွားရေးအခြေအနေကောင်းများ ထိန်းသိမ်းထားနိုင်သည့် တစ်ချိန်တည်းမှာပင် စီးပွားရေးနယ်ပယ် ပြုပြင်ပြောင်းလဲမှုများကို အရှိန်မြှင့်တင်ပြီး ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

လတ်တလောဖြစ်ပေါ်နေသည့် နိုင်ငံတော်၏ မက်ခရို စီးပွားရေးအခြေအနေအရ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)သည် ခန့်မှန်းထားသည်ထက် လျော့နည်းနိုင်ပြီး စီးပွားရေးတိုးတက်မှုနှုန်းသည်လည်း ခန့်မှန်းသည်ထက် လျော့နည်းနိုင်သည်ကို တွေ့ရှိရပါကြောင်း၊ ယင်းလျော့နည်းရခြင်းသည် လယ်ယာကဏ္ဍတွင် သဘာဝဘေးကြောင့် ကုန်ထုတ်လုပ်မှုကျဆင်းခြင်း၊ သစ်တောကဏ္ဍတွင် သစ်ထုတ်လုပ်မှုများ လျှော့ချထားခြင်း၊ စွမ်းအင်ကဏ္ဍတွင် ကမ္ဘာနှင့်အဝန်း ရေနံနှင့်သဘာဝဓာတ်ငွေ့ဈေးနှုန်းများ ကျဆင်းမှုကြောင့် ရငွေများလျော့နည်းသွားခြင်း၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများကို လျော့နည်းစေရန် စီမံဆောင်ရွက်မှုကြောင့် ထုတ်လုပ်မှု လျော့နည်းခြင်းတို့ ဖြစ်ပေါ်ခဲ့ပါကြောင်း။

အမေရိကန်ဒေါ်လာတန်ဖိုး မြင့်တက်ခဲ့မှုကြောင့် ကမ္ဘာ့နိုင်ငံအသီးသီး၏ ငွေကြေးတန်ဖိုးများအပေါ် ရိုက်ခတ်ခဲ့ရာတွင် မြန်မာနိုင်ငံသည်လည်း နိုင်ငံခြားငွေလဲလှယ်နှုန်း မတည်ငြိမ်မှုများကို ကြုံတွေ့ခဲ့ရပါကြောင်း၊ နှစ်အဆက်ဆက် ဘတ်ဂျက်လိုငွေပြမှု အပါအဝင် ကုန်ထုတ်လုပ်မှု၊ စားသုံးမှု၊ ဝယ်လိုအား၊ ရောင်းလိုအားအခြေအနေများအရ ငွေဖောင်းပွမှုနှုန်း မြင့်မားလာသည်ကို တွေ့ရှိရပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ငွေရေးကြေးရေးနယ်ပယ်တွင် ပြုပြင်ပြောင်းလဲမှုများ တိုးမြှင့်ဆောင်ရွက်ရန် ပြင်ဆင်နေပြီဖြစ်ပါကြောင်း၊ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများအတွက် ငွေကြေးထောက်ပံ့မှု တိုးမြှင့်ရရှိရန်၊ နိုင်ငံပိုင်လုပ်ငန်းများ ပြန်လည်တည်ဆောက်ရန်၊ ပြောင်းလဲနိုင်ရန် ဆက်လက်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ တစ်ဖက်တွင်လည်း ကမ္ဘာ့စီးပွားရေး နှေးကွေးကျပ်တည်းနေသည့် ယခုအချိန်တွင် နိုင်ငံတော်၏ဘဏ္ဍာငွေများကို သုံးစွဲရာတွင် စိစိစစ်စစ်၊ အကျိုးရှိရှိ သုံးစွဲကြရန်၊ သုံးစွဲမှုများနှင့်ပတ်သက်၍လည်း ပွင့်လင်းမြင်သာမှုမြှင့်တင်ပြီး စောင့်ကြည့်မှု ခံယူနိုင်ရန် မှာကြားလိုပါကြောင်း။



ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ ရှင်းလင်းတင်ပြစဉ်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ အမေရိကန်ခရီးစဉ်အပြီးတွင် စီးပွားရေးပိတ်ဆို့မှုများ ဖယ်ရှားပေးလိုက်ပြီဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုဥပဒေကိုလည်း ပြင်ဆင်ပြဋ္ဌာန်းပေးနိုင်ခဲ့သည့်အတွက် ပိတ်ဆို့မှုများ ဖယ်ရှားပေးချိန်နှင့် အချိန်ကိုက်ဟု ဆိုနိုင်ပါကြောင်း၊ ပြည်တွင်းစီးပွားရေးအပေါ် သက်ရောက်မှုရှိနေသည်မှာ ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုများနှင့် နိုင်ငံတော်အစိုးရ၏ စီမံကိန်းနှင့် ဘတ်ဂျက်သုံးစွဲမှုများပင် ဖြစ်ပါကြောင်း၊ စီးပွားရေးတိုးတက်မှုကို တွန်းတင်နိုင်ရန် စီးပွားရေးမူဝါဒ ၁၂ ချက်ကို ချမှတ်ပေးထားပြီး ရင်းနှီးမြှုပ်နှံမှု ဦးစားပေး မူဝါဒများလည်း ထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း၊ နိုင်ငံရေးတည်ငြိမ်မှု၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေး စသည့်လုပ်ငန်းစဉ်များသည်လည်း ယခုဆိုလျှင် လမ်းကြောင်းမှန်ပေါ်တွင် တည်တည်ငြိမ်ငြိမ်ဖြင့် ရှေ့သို့ဆက်လက်လျှောက်လှမ်းနေနိုင်ပြီဖြစ်ပါကြောင်း၊ အစိုးရအလွှဲအပြောင်း၏နောက်တွင် အုပ်ချုပ်ရေးယန္တရား ပြန်လည်တည်ဆောက်ရင်း တစ်ဖက်ကလည်း မူဝါဒအသစ်များနှင့် အပြောင်းအလဲများ ဖြစ်ထွန်းလာရန် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ရာတွင် ယခု အတန်အသင့် တည်ငြိမ်လာပြီဖြစ်သည့်အတွက် နိုင်ငံတော်က အလေးထားနေသည့် စီးပွားရေးနယ်ပယ်ကြီးတစ်ခုလုံး တိုးတက်မှုကို အာရုံစိုက်ပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ယခုနှစ်တွင် အစိုးရဌာနများအနေဖြင့် အဓိကအားထားရသည့် ရငွေများ လျော့နည်းနိုင်သည့်အတွက် အသုံးစရိတ်များကို ချင့်ချိန်သုံးစွဲကြရန်နှင့် ရငွေကိုလည်း တတ်နိုင်သမျှ တိုးတက်အောင် ဆောင်ရွက်ကြရန် အရေးကြီးပါကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသည့် စီးပွားရေးမူဝါဒကို အကောင်အထည်ဖော်နိုင်ရန် ဌာနများအနေဖြင့် ရငွေများကို လျာထားခဲ့သည်ထက် ပိုမိုတိုးမြှင့်ရရှိရန်၊ သုံးငွေများကို အလေအလွင့်မရှိစေဘဲ ထိရောက်စွာ သုံးစွဲရန်၊ အခြေအနေတစ်ရပ်ရပ်ကြောင့် ပိုလျှံငွေ ပြန်လည်အပ်နှံရပါကလည်း သတ်မှတ်ချိန်အတွင်း ပြန်လည်အပ်နှံကြရန် လိုအပ်ပါကြောင်း။

ဘဏ္ဍာရေးကော်မရှင် အတွင်းရေးမှူး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရှင်းလင်းတင်ပြမည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဝန်ကြီးဌာန အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုနှင့် စိစစ်မှု၊ ပြည်ထောင်စုမှ တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ထပ်မံထောက်ပံ့ရမည့်ထောက်ပံ့ငွေ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့အပေါ် ဝိုင်းဝန်းဆွေးနွေးအတည်ပြုပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြည်ထောင်စုဌာနအဖွဲ့အစည်းများ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများမှာ သာမန်အသုံးစရိတ်တွင် ကျပ် ၆၀၇ ဒသမ ၃၈၆ ဘီလီယံ၊ ငွေလုံးငွေရင်းအသုံးစရိတ်တွင် ကျပ် ၅၅၃ ဒသမ ၇၂၆ ဘီလီယံ၊ ကြွေးမြီ အသုံးစရိတ်တွင် ကျပ် ၄၆ ဒသမ ၈၆၀ ဘီလီယံ၊ လုပ်ငန်းသုံး ရင်းနှီးငွေတွင် ကျပ် ၁၄၆ ဒသမ ၆၄၂ ဘီလီယံ စုစုပေါင်း ဖြည့်စွက် ခွင့်ပြုတောင်းခံမှု ကျပ် ၁၃၅၄ ဒသမ ၆၁၄ ဘီလီယံ ဖြစ်ပါကြောင်း။



ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ရှင်းလင်းတင်ပြစဉ်

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ပထမ ခြောက်လတာကာလအတွင်း ဘတ်ဂျက်အကောင်အထည်ဖော်နိုင်မှု အခြေအနေများအရ အချို့ဗဟိုအဖွဲ့အစည်းနှင့် ဝန်ကြီးဌာနများ ရငွေလျော့နည်းလျာထားခြင်း၊ အချို့ဗဟိုအဖွဲ့အစည်းနှင့် ဝန်ကြီးဌာနများ ရငွေတိုးမြှင့်လျာထားလိုခြင်း၊ အချို့ဗဟိုအဖွဲ့အစည်းနှင့် ဝန်ကြီးဌာနများ သုံးငွေထပ်မံလိုအပ်ခြင်းနှင့် သုံးငွေလျော့နည်းသုံးစွဲလိုခြင်း စသည်တို့ကို တွက်ချက်ရာတွင် ရငွေမှာ မူလခန့်မှန်းခြေထက် ကျပ် ၁၇၃ ဒသမ ၅၀၉ ဘီလီယံ ပိုမိုရရှိလာသည်ကို အသုံးစရိတ်မှာ မူလခန့်မှန်းခြေထက် ကျပ် ၉၁၀ ဒသမ ၉၉၀ ဘီလီယံ ပိုမိုလာကြောင်း တွေ့ရှိရပါကြောင်း။

ပြည်ထောင်စုအဆင့်ဌာနအဖွဲ့အစည်းများက ဖြည့်စွက်ခွင့်ပြုငွေကျပ် ၂၁၂၁ ဒသမ ၇၇၉ ဘီလီယံ တောင်းခံခဲ့သည့်အပေါ် ကျပ် ၇၆၇ ဒသမ ၁၆၅ ဘီလီယံ စိစစ်လျှော့ချခဲ့ပြီး ကျပ် ၁၃၅၄ ဒသမ ၆၁၄ ဘီလီယံ ခွင့်ပြုထားပါကြောင်း၊ ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများ၏ မူလခန့်မှန်းခြေအသုံးစရိတ် ကျပ် ၂၀၂၆၆ ဒသမ ၆၄၀ ဘီလီယံဖြစ်ပြီး ယခုခွင့်ပြုမည့် ဖြည့်စွက်ခွင့်ပြု ငွေကျပ် ၁၃၅၄ ဒသမ ၆၁၄ ဘီလီယံ အပါအဝင် ပြုပြင်ပြီး ခန့်မှန်းခြေ အသုံးစရိတ် ကျပ် ၂၁၀၇၇ ဒသမ ၆၃၀ ဘီလီယံ ဖြစ်ပါကြောင်း၊ ရငွေဘက်တွင် မူလခန့်မှန်းခြေရငွေ ကျပ် ၁၆၉၇၈ ဒသမ ၉၉၁ ဘီလီယံဖြစ်ပြီး ပြုပြင်ပြီး ခန့်မှန်းခြေရငွေ ကျပ် ၁၇၁၅၂ ဒသမ ၅၀၀ ဘီလီယံဖြစ်ပါကြောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေအရ လိုငွေမှာ ကျပ် ၄၀၂၅ ဒသမ ၁၃၀ ဘီလီယံဖြစ်ပြီး ပြုပြင်ပြီးခန့်မှန်းခြေရေးဆွဲချိန်တွင် ခန့်မှန်းထားရှိသည့် ဂျီဒီပီတန်ဖိုးမှာ ကျပ် ၈၁၀၆၄ ဒသမ ၃၃၉ ဘီလီယံ ဖြစ်သည့်အတွက် လိုငွေနှင့် ဂျီဒီပီအချိုးမှာ ၄ ဒသမ ၉၇ ရာခိုင်နှုန်းဖြစ်ပါကြောင်း။

သို့ဖြစ်၍ ပြည်ထောင်စုဌာနအဖွဲ့အစည်းများ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းအပါအဝင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းအား ဘဏ္ဍာရေးကော်မရှင်မှ သုံးသပ်၍ ထောက်ခံအတည်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေစာရင်းတွင် တိုင်းဒေသကြီး/ပြည်နယ်များ၏ အရအသုံးလျာထားမှု အခြေအနေမှာ စုစုပေါင်းရငွေကျပ် ၅၆၁ ဒသမ ၅၁၂ ဘီလီယံ၊ စုစုပေါင်းအသုံးစရိတ် ကျပ် ၂၂၄၉ ဒသမ ၇၃၁ ဘီလီယံ၊ အသားတင်လိုငွေကျပ် ၁၆၈၈ ဒသမ ၂၁၉ ဘီလီယံ ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး/ပြည်နယ်များ၏ မူလခန့်မှန်းခြေ လိုငွေ ၁၆၈၈ ဒသမ ၂၁၉ ဘီလီယံအား ပြည်ထောင်စုမှ ထောက်ပံ့ငွေအဖြစ် ခွင့်ပြုပေးခဲ့ပါကြောင်း၊ ထို့ပြင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေအဖြစ် စုစုပေါင်း ကျပ် ၃၂ ဒသမ ၂၀၀ ဘီလီယံကိုလည်း ဥပဒေနှင့်အညီ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ပေးခဲ့ပါကြောင်း။

သို့ဖြစ်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီး/ပြည်နယ်များ၏ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှု၊ စိစစ်လျှော့ချမှုနှင့် ခွင့်ပြုနိုင်မှု အခြေအနေမှာ စုစုပေါင်းဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှု ကျပ် ၃၁၄ ဒသမ ၀၉၉ ဘီလီယံ၊ စုစုပေါင်း စိစစ်လျှော့ချမှု ကျပ် ၅၆ ဒသမ ၈၂၅ ဘီလီယံ၊ ဖြည့်စွက်ခွင့်ပြုငွေခွင့်ပြုမှု ကျပ် ၂၅၇ ဒသမ ၂၇၄ ဘီလီယံဖြစ်ပါကြောင်း။

တိုင်းဒေသကြီး/ပြည်နယ် အစိုးရများအနေဖြင့် ရရှိမည့် ဘဏ္ဍာငွေ အရင်းအမြစ်နှင့် ခွဲဝေပေးထားသည့် ဘဏ္ဍာငွေများကို မိမိဒေသအတွက် အကျိုးရှိထိရောက်စွာ အသုံးပြုသွားကြရန်ဖြစ်ပါကြောင်း၊ စီမံကိန်းများ အကောင်အထည်ဖော်သည့် နေရာတွင် အသုံးပြုသည့်ပစ္စည်းများကို ဈေးနှုန်းသင့်တင့်မျှတပြီး အရည်အသွေးပြည့်မီစေရန်၊ တည်ဆောက်မှု သပ်ရပ်ကောင်းမွန်စေရန်၊ လုပ်ငန်းများကို သတ်မှတ်ကာလအတိုင်း ပြီးစီးနိုင်ရေး လုပ်ငန်း အကောင်အထည်ဖော်မှု အချိန်ဇယားရေးဆွဲပြီး စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။



ဘဏ္ဍာရေးကော်မရှင်အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း ရှင်းလင်းတင်ပြစဉ်

တိုင်းဒေသကြီး/ပြည်နယ်များ၏ လိုငွေများကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၀ ပုဒ်မခွဲ (ဂ) ပါ ပြဋ္ဌာန်းထားချက်နှင့်အညီ ပြည်ထောင်စုက ဖြည့်ဆည်းပေးမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီး/ပြည်နယ်များ၏ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများအပေါ် စိစစ်ခွင့်ပြုထားသော ဖြည့်စွက်ခွင့်ပြုငွေ ကျပ် ၂၅၇ ဒသမ ၂၇၄ ဘီလီယံနှင့် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းအရ ပြည်ထောင်စုက ထပ်မံထောက်ပံ့ပေးရမည့် ကျပ် ၁၇ ဒသမ ၉၃၀ ဘီလီယံတို့ကို ဘဏ္ဍာရေးကော်မရှင်က သုံးသပ်၍ အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ဘဏ္ဍာရေးကော်မရှင် အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဝန်ကြီးဌာန အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုနှင့် စိစစ်မှု၊ ပြည်ထောင်စုမှ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ထပ်မံထောက်ပံ့ရမည့်ထောက်ပံ့ငွေ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ(မူကြမ်း)ကို ရှင်းလင်းတင်ပြသည်။

အစည်းအဝေးသို့ တက်ရောက်လာကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဒေသအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က နိုင်ငံ့စီးပွားရေးနှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်နေကြပါကြောင်း၊ နိုင်ငံ့စီးပွားရေးကို အကျိုးပြုနိုင်သည့် စီမံကိန်းများ၊ ဘတ်ဂျက်များဖြစ်ရန် အစိုးရဌာနဆိုင်ရာများက တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်သိမှု အပြည့်အဝရှိရန် အရေးကြီးပါကြောင်း၊ ပြည်သူ့ဘဏ္ဍာငွေများကို ကိုင်တွယ်သုံးစွဲကြရာတွင် ပြည်သူ့အကျိုးအတွက် စနစ်တကျရှိကြရန်လိုအပ်ပါကြောင်း။

ပြည်သူ့ဘဏ္ဍာငွေများကို သုံးစွဲကြရာတွင် ချမှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ ဘဏ္ဍာရေး စည်းမျဉ်း စည်းကမ်းများနှင့်အညီ တိကျစွာ သုံးစွဲကြရမည်ဖြစ်ပါကြောင်း၊ သုံးစွဲမှုများအတွက် ဌာနတွင်း စာရင်းစစ်အဖွဲ့၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့၏ စစ်ဆေးမှုများကို စနစ်တကျခံယူနိုင်ရန် လိုအပ်ပါကြောင်း၊ တည်ဆောက်ရေး၊ ဝယ်ယူရေး၊ ပြင်ဆင်ထိန်းသိမ်းရေး အသုံးစရိတ်များ သုံးစွဲရာတွင် နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတို့၏ ညွှန်ကြားချက်များနှင့်အညီ ပွင့်လင်းမြင်သာစွာ တင်ဒါခေါ်ယူဆောင်ရွက်ခြင်း၊ ဈေးနှုန်း၊ အရည်အသွေး စိစစ်ခြင်းတို့ကို ဆောင်ရွက်ကြရန် လိုပြီး အချိန်မရွေး အစစ်ဆေးခံနိုင်ရမည်ဖြစ်ပါကြောင်း။

ယခုအတည်ပြုနိုင်ပြီဖြစ်သည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှု၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို ယခုအစည်းအဝေးတွင် ဆွေးနွေးအတည်ပြုထားသည့်အတိုင်း ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်ထောင်စုလွှတ်တော်သို့ သတ်မှတ်ချိန်အတွင်း ပေးပို့သွားမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုအစိုးရ ဗဟိုအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများအနေဖြင့် ဖြည့်စွက်ခွင့်ပြုငွေများကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးမှသာ သုံးစွဲရမည်ဖြစ်ပြီး တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ပြည်ထောင်စုက ထောက်ပံ့ပေးမည့်ငွေများကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးမှသာ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်များကို နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းများကို တင်သွင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

*စာမျက်နှာ ၄ ကော်လံ ၁ သို့*

❒ ဒေသတွင်းနိုင်ငံများတွင် ကောင်းမွန်သည့် စီးပွားရေးအခြေအနေကောင်းများ ထိန်းသိမ်းထားနိုင်သည့် တစ်ချိန်တည်းမှာပင် စီးပွားရေးနယ်ပယ် ပြုပြင်ပြောင်းလဲမှုများကို အရှိန်မြှင့်တင်ပြီး ဆောင်ရွက်သွားရန် လိုအပ်

❒ အမေရိကန်ဒေါ်လာတန်ဖိုး မြင့်တက်ခဲ့မှုကြောင့် ကမ္ဘာ့နိုင်ငံအသီးသီး၏ ငွေကြေးတန်ဖိုးများအပေါ် ရိုက်ခတ်ခဲ့ရာတွင် မြန်မာနိုင်ငံသည်လည်း နိုင်ငံခြားငွေလဲလှယ်နှုန်း မတည်ငြိမ်မှုများကို ကြုံတွေ့ခဲ့



# မြန်မာနှင့် ချက်သမ္မတနိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၃၁**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ချက်သမ္မတနိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီး H.E.Mr.Jan Mládek နှင့် အဖွဲ့အား ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ချက်သမ္မတနိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေး၊ စက်မှုနှင့် စွမ်းအင်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍမြှင့်တင်ရေး ရင်းနှီးမြှုပ်နှံမှုအပါအဝင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ချက်သမ္မတနိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးအား လက်ခံတွေ့ဆုံစဉ်**
(သတင်းစဉ်)

**စာမျက်နှာ ၃ မှ**

ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များကို ပြော လိုသည်မှာ ဘတ်ဂျက်ဆိုသည်မှာ တစ်နှစ်တာကာလအတွက် သာ ခန့်မှန်းရေးဆွဲခြင်းဖြစ်ပြီး ခန့်မှန်းလျာထားမှုနှင့် အကောင်အထည်ဖော်မှုသည် တတ်နိုင်သမျှ အနီးစပ်ဆုံးဖြစ်ရမည် ဖြစ်ပါကြောင်း၊ မူလခန့်မှန်းခြေနှင့် ခြောက်လ ကျော်လွန်ပြီးသည့်နောက် ဆောင်ရွက်သည့် ပြုပြင်ပြီး ခန့်မှန်းခြေ၊ ရငွေနှင့်သုံးငွေ များစွာကွာခြားခြင်း၊ ပိုလျှံငွေများပြားစွာ ပြန်လည်အပ်နှံရခြင်း၊ ရန်ပုံငွေလွှဲပြောင်းသုံးစွဲမှုများကို မကြာခဏ ပြုလုပ်ခြင်းတို့သည် နှစ်စဉ်ဘတ်ဂျက်ရေးဆွဲမှုများအပေါ် များစွာထိခိုက်စေပါကြောင်း၊ ချမှတ်ထားသည့် ဘဏ္ဍာရေးမူဝါဒ၊ ငွေကြေးမူဝါဒများကိုလည်း အကျိုးသက်ရောက်မှု ရှိစေပါကြောင်း။

**ကြိုးပမ်းဆောင်ရွက်**

ယခုနှစ်အတွက် မူလခန့်မှန်းခြေနှင့် ပြုပြင်ပြီး ခန့်မှန်းခြေ အတွေ့အကြုံများကို အခြေခံကာ လာမည့်ဘဏ္ဍာရေးနှစ်အတွက် မူလခန့်မှန်းခြေရေးဆွဲသည့်အခါ လျာထားသင့်သည့် ရငွေများ၊ သုံးငွေများအတွက် ကြိုတင်မျှော်တွေးတွက်ဆ စီမံထားကြရန် မှာကြားလိုကြောင်း၊ ပြည်သူကအပ်နှင်းထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးပြီး ပြည်သူ့ဘဏ္ဍာငွေများကို နိုင်ငံတော်အတွက် စီမံခန့်ခွဲသုံးစွဲကြရာတွင် မြန်မာကျပ်ငွေဖြစ်စေ၊ နိုင်ငံခြားငွေဖြစ်စေ လေလွင့်ယိုဖိတ်မှုမရှိစေရန် သတိပြုကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် ရငွေများ တိုးတက်ရရှိရန်အတွက် ရငွေရှာဖွေရသည့် ဌာနများက ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုပါကြောင်း။

**ဦးထိပ်ထား**

နိုင်ငံတော်၏ နှစ်ရှည်၊ နှစ်တို၊ နှစ်စဉ်စီမံကိန်းများ အောင်မြင်စွာ ဖော်ဆောင်နိုင်ရန် လုံလောက်သည့် ဘတ်ဂျက်ရရှိနိုင်ရေး၊ နိုင်ငံ၏ ကြွေးမြီခံနိုင်ရည်ရှိမှု အခြေအနေကို မထိခိုက်စေရန် ဘတ်ဂျက်လိုငွေနှင့် ဂျီဒီပီအချိုးကို နည်းနိုင်သမျှနည်းအောင် ထိန်းသိမ်းဆောင်ရွက်ရေး၊ ပြည်ပကရရှိနိုင်သည့် ထောက်ပံ့ငွေနှင့် သက်သာသည့် ချေးငွေများကို စနစ်တကျ ရယူသုံးစွဲနိုင်ရေး၊ စီးပွားရေးဖွံ့ဖြိုးမှုနှင့် စီးပွားရေးတည်ငြိမ်မှုကို ဟန်ချက်ညီအောင် ထိန်းသိမ်းဆောင်ရွက်နိုင်ရေးတို့ကို အမြဲထာဝစဉ် ဦးထိပ်ထားဆောင်ရွက်ကြရန် အထူးမှာကြားလိုကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ အနေဖြင့် ဘဏ္ဍာရေးကော်မရှင်က ထောက်ခံတင်ပြခဲ့သည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် နောက်ထပ် ခွဲဝေပေးသည့် ဘဏ္ဍာငွေများကို နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးရှိထိရောက်အောင် စီမံခန့်ခွဲသုံးစွဲကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ကိုရီးယားသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်** (သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၃၁**

ကိုရီးယားသမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီတွင် Arisu Filtration Plant (ရေသန့်စက်ရုံ)သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

ယင်းနောက် ဆိုးလ်မြို့ရှိ Transport Control Center ကို ကြည့်ရှုလေ့လာသည်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် အဖွဲ့သည် ချစ်ကြည်ရေးခရီးစဉ်ပြီးဆုံး၍ ကိုရီးယားနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရာ အင်ချွန်လေဆိပ်တွင် ကိုရီးယားနိုင်ငံအမျိုးသားလွှတ်တော်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကိုရီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး သူရဦးသက်ဦးမောင်တို့က လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့သည် ည ၁၀ နာရီတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr.Yoo Jae-kyung တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

# ဘောလုံးလောက တိုးတက်ရန် ရွက်ပုန်းသီးအားကစားသမားများ ဖော်ထုတ်ပေးရန်လို

**မန္တလေး အောက်တိုဘာ ၃၁**

မြန်မာ့ဘောလုံးလောက တိုးတက်ရန် အဓိကအားဖြင့် စဉ်ဆက်မပြတ် ဘောလုံးပြိုင်ပွဲများကျင်းပပေး၍ ရွက်ပုန်းသီးမျိုးဆက်သစ် အားကစားသမားများကို ဖော်ထုတ်ပေးရန် လိုအပ်ကြောင်း မန္တလေးတိုင်းဒေသကြီး ဘောလုံးဆပ်ကော်မတီမှ ဒုတိယဥက္ကဋ္ဌ ဦးစိန်ဝင်းကြီးက မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး)၌ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် တွေ့ဆုံပွဲတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

မြန်မာ့ဘောလုံး လောကတွင် လက်ရွေးစင် ဘောလုံးအသင်းများ နည်းပါးရခြင်းမှာ ဘောလုံးပြိုင်ပွဲများကျင်းပပေးမှု နည်းပါးခြင်းကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ရွာများမှ အောက်ခြေဘောလုံးသမားမျိုးဆက်သစ်များကို ဖော်ထုတ်နိုင်ခြင်းမရှိကြောင်း၊ စဉ်ဆက်မပြတ် ဘောလုံးပြိုင်ပွဲများ ကျင်းပပေးကာ ၎င်းမျိုးဆက်သစ်များကို ဖော်ထုတ်ရမည်ဖြစ်ကြောင်း သိရသည်။

“ဘောလုံးလောက တိုးတက်ဖို့ဆိုတာ ပြိုင်ပွဲတွေကို စဉ်ဆက်မပြတ် ကျင်းပပေးဖို့ လိုပါတယ်။ ပြိုင်ပွဲတွေ ကျင်းပပေးခြင်းအားဖြင့် ရွက်ပုန်းသီးလေးလိုဖြစ်နေတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက အောက်ခြေမျိုးဆက်သစ် ဘောလုံးကစားသမားလေးတွေကို ဖော်ထုတ်နိုင်မှာပါ။ မျိုးဆက်သစ် ဘောလုံးသမားတွေကို ဖော်ထုတ်နိုင်မှုမရှိရင် ကျွန်တော်တို့နိုင်ငံ ဘောလုံးလောကအတွက် အများကြီး ထိခိုက်မှုတွေရှိပါတယ်”ဟု ဦးစိန်ဝင်းကြီးက ပြောသည်။

နိုင်ငံအတွင်း စနစ်တကျလေ့ကျင့်နိုင်မည့် လေ့ကျင့်ရေးကွင်းများနှင့် နည်းပြများနည်းပါးခြင်း၊ ပြိုင်ပွဲကျင်းပရန် လိုအပ်သည့် ကုန်ကျစရိတ်များနှင့် အသင်းများကို ထောက်ပံ့ပေးနိုင်မည့် စပွန်ဆာ နည်းပါးခြင်းများကြောင့် ဘောလုံးပြိုင်ပွဲများ ကျင်းပပေးနိုင်ခြင်းမရှိကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်က ပြောသည်။

“ကျွန်တော်တို့ဆီမှာက သေသေချာချာ လေ့ကျင့်နိုင်မယ့် လေ့ကျင့်ရေးကွင်းတွေ၊ နည်းပြတွေအပြင် ပြိုင်ပွဲတစ်ပွဲလုပ်ဖို့ အစအဆုံးနီးပါး အကုန်အကျခံပြီးတော့ အသင်းတွေကိုလည်း ထောက်ပံ့ပေးတဲ့ စပွန်ဆာတွေက နည်းပါးတယ်။ အဲ့ဒီလို လိုအပ်ချက်တွေကြောင့် ပြိုင်ပွဲတွေက မကျင်းပနိုင်ပါဘူး”ဟု ဦးစိုးမိုးကျော်က ပြောသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မြန်မာ-ချက် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မရှင် ပထမအကြိမ် အစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံနှင့် ချက်သမ္မတနိုင်ငံတို့အကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကော်မရှင် ပထမအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့မှ အဆင့်မြင့်အရာရှိများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများ၊ ချက်သမ္မတနိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီး H.E Mr. Jan Mládek ဦးဆောင်သည့် စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ၇၀ ခန့် တက်ရောက်ကြသည်။

ရှေးဦးစွာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက အဖွင့်အမှာစကား ပြောကြားပြီး ချက်သမ္မတနိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီး H.E. Mr. Jan Mládek က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

အစည်းအဝေးတွင် ကုန်သွယ်ရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ဘဏ်စနစ်၊ သယံဇာတနှင့် သတ္တုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ အခြေခံအဆောက်အအုံကဏ္ဍ၊ နည်းပညာကဏ္ဍ၊ အစိမ်းရောင်စီးပွားရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များတွင် မြန်မာ-ချက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရေး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနှင့်ချက် စက်မှု၊ စွမ်းအင်၊ ကုန်သွယ်ရေးနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၃၁**

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ချက်သမ္မတနိုင်ငံ၊ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီး H.E.Mr.Jan Mládek ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၃ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် စက်မှု၊ စွမ်းအင်၊ ကုန်သွယ်ရေးနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



**ဒုတိယသမ္မတ ဦးမြင့်ဆွေ ချက်သမ္မတနိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီး H.E. Mr.Jan Mládek ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံစဉ်** (သတင်းစဉ်)

# မြန်မာရွှေ့ပြောင်းအလုပ်သမားများ ကာကွယ်စောင့်ရှောက်ရန်နှင့် တရားဝင်အခွင့်အရေးများရရှိစေရန် သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေပါအကျိုးခံစားခွင့်များရရှိပြီး တရားဝင်အလုပ်သမားများ ဖြစ်စေရန်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၃၁

**ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအနက် ယာယီနေထိုင်အလုပ်လုပ်ကိုင်ခွင့်လက်မှတ် ကိုင်ဆောင်သော အလုပ်သမားများအား မည်သူမည်ဝါ ဖြစ်ကြောင်း အသိအမှတ်ပြုလက်မှတ် (CI) ထုတ်ပေးရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်ရန်သွားရောက်မည့် အရာထမ်း၊ အမှုထမ်းများကို တွေ့ဆုံသည့်အခမ်းအနားနှင့် ပြည်ပတွင်အလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေး ကော်မတီ (၃/၂၀၁၆) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။**

အခမ်းအနားတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြည်ပတွင်အလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေးကော်မတီ ပြန်လည်ပြင်ဆင်ဖွဲ့စည်းမှုအခြေအနေနှင့် မြန်မာရွှေ့ပြောင်း အလုပ်သမားများအနေဖြင့် ပြည်ပနိုင်ငံများသို့တရားမဝင် သွားရောက်မှုကြောင့် လူမှောင်ခိုကူးခံရခြင်း၊ ရောင်းစားခံရခြင်း၊ ညှဉ်းပန်းနှိပ်စက်ခံရခြင်း၊ ခေါင်းပုံဖြတ်ခံရခြင်းများ ကြုံတွေ့ခံစားနေရသဖြင့် မိမိတို့အနေဖြင့် မြန်မာရွှေ့ပြောင်း အလုပ်သမားများအား ကာကွယ်စောင့်ရှောက်ရန်နှင့် တရားဝင်အခွင့်အရေးများရရှိစေရန်၊ သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေပါ အကျိုးခံစားခွင့်များ အပြည့်အဝရရှိပြီး တရားဝင်အလုပ်သမားများ ဖြစ်စေရန်အတွက် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးတွင် သာမန်နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးဌာနစိတ် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊



ထိုင်းနိုင်ငံအတွင်းရှိ စမုဆာခွန် (မဟာချိုင်)၊ စမုပရာကန်၊ မယ်ဆိုင်၊ မဲဆောက်နှင့် ရနောင်းမြို့များမှာ မည်သူ မည်ဝါ ဖြစ်ကြောင်း အသိအမှတ်ပြုလက်မှတ် (CI) နေ့ချင်းပြီး ထုတ်ပေးနိုင်ရေးအတွက် One Stop Service Center များကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလအတွင်း ဖွင့်လှစ်ဆောင်ရွက်မည့်အခြေအနေနှင့် အဆိုပါ CI ထုတ်ပေးရေး စခန်းများအတွက် Service Provider ရွေးချယ်ဆောင်ရွက်မှုအခြေအနေများ၊ ငွေကြေးကောက်ခံမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ပြောကြားသည်။

ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ကြမည့် အလုပ်သမားအသစ်များအနေဖြင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ Passport for Job (PJ) ဖြင့် သွားရောက်ရမည့် ကိစ္စနှင့်ပတ်သက်၍ ပွဲစားများ၏လိမ်လည်လှည့်ဖြားမှု အန္တရာယ်ကင်းဝေးစေရေး၊ ပြည်ပသို့ သွားရောက်ကြမည့် အလုပ်သမားများ၏စာရင်းနှင့် သတင်းအချက်အလက်များ ရရှိနိုင်ရေး၊ ကာကွယ်စောင့်ရှောက်မှုများပေးနိုင်ရေး၊ သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေနှင့်အလုပ်သမား အကျိုးခံစားခွင့်များ ရရှိရေးတို့အတွက် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းစဉ်တွင် ပြည်ပနိုင်ငံများသို့ရောက်ရှိ အလုပ်လုပ်ကိုင်နေသော အလုပ်သမားများနှင့် ပြည်ပနိုင်ငံများမှ ခွင့်ဖြင့်ပြန်လာကြောင်း ခိုင်မာသည့် အထောက်အထားပြနိုင်သည့် အလုပ်သမားများ အကျုံးဝင်မှုမရှိကြောင်း၊ ထို့အပြင် ကျွမ်းကျင်မှုရှိသည့် အလုပ်သမားများအတွက်လည်း ပြည်ပသို့ထွက်ခွာရာတွင် ကူညီပေးနိုင်ရေးကိုလည်း ပြောကြားသည်။

မလေးရှားနိုင်ငံသို့ တရားမဝင်သွားရောက်ခဲ့၍ ထိန်းသိမ်းရေးစခန်းများတွင် ရောက်ရှိနေကြသော အလုပ်သမားများကိုလည်း အလှူရှင်များ၏ အကူအညီဖြင့် ၁၃ ကြိမ်မြောက် စင်းလုံးငှားလေယာဉ်ဖြင့် ပြန်လည်ခေါ်ယူပြီးသည့် အခြေအနေ၊ မြန်မာနိုင်ငံအနေဖြင့် အိမ်တွင်းအထောက်အကူပြု အလုပ်သမားများကို တရားဝင် စေလွှတ်ခြင်းမရှိသော်လည်း အသက်လိမ်လည်၍ တရားမဝင်ပွဲစားများဖြင့် သွားရောက်ခဲ့မှုကြောင့် ပြည်ပနိုင်ငံများတွင် ဒုက္ခရောက်မှုများရှိမှု အခြေအနေ၊ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများအနေဖြင့် ခရီးသွားလုပ်ငန်းလိုင်စင်များကိုပါ ပူးတွဲအသုံးပြုနေ၍ တရားမဝင်အလုပ်သမား စေလွှတ်သောကြောင့် လူပုဂ္ဂိုလ်နှင့် ကုမ္ပဏီကို အမည်မည်းစာရင်းသွင်းသွားမည့် ကိစ္စရပ်များကိုပါ ဆွေးနွေးပြောကြားသည်။

ထို့ပြင် အလုပ်သမားများအား ပွဲစားများမှတစ်ဆင့် လူစုဆောင်းခြင်း၊ တစ်ဖက်နိုင်ငံရှိ ပွဲစား / ကုမ္ပဏီများချိတ်ဆက်၍ အလုပ်သမားများကို လုပ်ငန်းခွင်သို့ စနစ်တကျမပို့နိုင်တဲ့ အေဂျင်စီများကို အရေးယူဆောင်ရွက်နိုင်ရေး၊ ပြည်ပနိုင်ငံတွင်ရောက်ရှိနေသော အလုပ်သမားများထံမှ မိသားစုလွှဲပို့ငွေများကို အခကြေးငွေသက်သာစွာဖြင့် တရားဝင်လမ်းကြောင်းများမှတစ်ဆင့် အမြန်ဆုံးရောက်ရှိစေရန် ဆောင်ရွက်ရေး၊ မလေးရှားနိုင်ငံတွင် အလုပ်လုပ်ကိုင် ထိခိုက်ဒဏ်ရာရခြင်း၊ သေဆုံးခြင်းများအတွက် လျော်ကြေးငွေများကို လျင်မြန်စွာရရှိစေရန် ဆောင်ရွက်ပေးရေးတို့အပြင် ဆော်ဒီနိုင်ငံသို့ တရားမဝင်သွားရောက်၍ ဒုက္ခရောက်နေသော အလုပ်သမား ၂၅ ဦးအား ပြန်လည်ခေါ်ယူရေးဆောင်ရွက်နိုင်မည့် အခြေအနေ၊ ပြည်ပတွင်ရောက်ရှိနေသော အလုပ်သမားများအတွက် ကူညီထောက်ပံ့မည့် အခြေအနေများကို ဆွေးနွေးသည်။ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဒုတိယဝန်ကြီးများ၊ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များမှ သက်ဆိုင်ရာခေါင်းစဉ်အလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အင်္ဂလန်ရှိ နားမကြားကျောင်း နှစ်ကျောင်းနှင့် ရန်ကုန်နှင့် မန္တလေး နားမကြားကျောင်းတို့ ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၃၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား NHS Foundation မှ Mr.David Blakeway Smith ဦးဆောင်သောအဖွဲ့မှ မေခလာခန်းမ၌ ယနေ့ နံနက် ၉ နာရီတွင် လာရောက်တွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် နားမကြားကလေးများအား ကူညီပေးနိုင်ရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ နားကြားကိရိယာအသုံးပြုနိုင်သော ကလေးငယ်များအတွက် နားကြားကိရိယာများ ပံ့ပိုးပေးရန်၊ အင်္ဂလိပ်စာ၊ ကွန်ပျူတာ စသည်တို့သင်ကြားပေးရန်၊ အင်္ဂလန်နိုင်ငံရှိ နားမကြားကျောင်း နှစ်ကျောင်းနှင့် မြန်မာနိုင်ငံရှိ ရန်ကုန်နှင့် မန္တလေး နားမကြားကျောင်းတို့ ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

| | |
|---|---|
| **ပြင်ဆင်ဖတ်ရှုပါရန်** | ၃၁-၁၀-၂၀၁၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၅) ကော်လံ (၁)ပထမပိုဒ်ပါ **ဗိုလ်တထောင်စေတီနှင့် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတို့၌ တန်ဆောင်မုန်းလပြည့်(နိုဝင်ဘာ ၁၆ ရက်)နံနက် အရုဏ်** (အစား) **တန်ဆောင်မုန်းလပြည့်(နိုဝင်ဘာ ၁၄ ရက်)နံနက်အရုဏ်**ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(စာရေးသူ)** |

# GIS နှင့် GPS စနစ်တို့ကို အသုံးပြု၍ ကြိုးမဲ့တယ်လီဖုန်းဖြင့် Baseline Data အချက်အလက်များကောက်ယူခြင်း သင်တန်းဖွင့်

**နေပြည်တော် အောက်တိုဘာ ၃၁**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) တို့ပူးပေါင်း၍ နယ်စပ်ရေးရာဝန်ကြီးဌာနရှိ ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာစေရန်၊ ဗဟုသုတ၊ အတွေ့အကြုံများ တိုးတက်လာစေရန် ရည်ရွယ်၍ WFP မှ ပို့ချပေးသည့် GIS နှင့် GPS စနစ်တို့ကိုအသုံးပြု၍ ကြိုးမဲ့တယ်လီဖုန်းဖြင့် Baseline Data အချက်အလက်များ ကောက်ယူခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးရဲနိုင်က အမှာစကားပြောကြားရာတွင် သင်တန်းသားသင်တန်းသူများအနေဖြင့် သင်တန်းမှ ပို့ချပေးသည့် သင်ခန်းစာများမှ ပိုမိုကောင်းမွန်သည့် အချက်အလက်များ၊ စီမံကိန်းရေးဆွဲမှု၊ ဆန်းစစ်အကဲဖြတ်မှု၊ သုံးသပ်လေ့လာမှု စသည်တို့ကို ပြုလုပ်နိုင်မည်ဖြစ်ပါကြောင်း၊ ခေတ်စနစ်နှင့် လိုက်လျောညီထွေဖြစ်သည့် သင်တန်းဖြစ်သကဲ့သို့ ဌာနအတွက်လည်း များစွာ အထောက်အကူပြုမည် ဖြစ်ပါကြောင်း၊ ပို့ချပေးလိုက်သည့် ဘာသာရပ်များကို ကြိုးစားလေ့လာ ဆည်းပူးသင်ကြားပြီး အပြန်အလှန် ပြန်လည်လေ့ကျင့်သွားခြင်းဖြင့် မိမိတို့ဝန်ကြီးဌာနအတွက်၊ နိုင်ငံတော်အတွက် အကျိုးရှိစွာ အသုံးချနိုင်အောင် ဆောင်ရွက်သွားကြရန် မှာကြားသည်။

အဆိုပါ သင်တန်းအား နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်း ၃၀ တက်ရောက်လျက်ရှိပြီး WFP မှ ကျွမ်းကျင်ပညာရှင်များက သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သာယာသောဘဝကို တည်ဆောက်နိုင်အောင် လှူဒါန်းသည့် အေးငြိမ်းဦးစာကြည့်တိုက်

**ဒီဒိုင်း(ကလေး) . . . .**



နိုင်ငံတစ်နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသူနိုင်ငံသားများအားလုံး အသိပညာ၊ အတတ်ပညာ ကျွမ်းကျင်တတ်မြောက်ရန်လိုအပ်သည်ဟုဆိုပါသည်။ ယနေ့ကာလသည် ပညာထွန်းကားသည့်ကာလဖြစ်၍ အသိပညာ၊ အတတ်ပညာနှင့်နည်းပညာများအစွမ်းကုန်ထွန်းကားနေသည်။ ထို့ကြောင့် စာဖတ်သော နိုင်ငံသည်တိုးတက်ပြီး တိုးတက်သော နိုင်ငံတိုင်းသည်လည်း စာဖတ်ကြသည်ကို တွေ့မြင်ကြရပေမည်။

ဖွံ့ဖြိုးမှုနိမ့်ကျနေသော မြန်မာနိုင်ငံတွင် နိုင်ငံတော်၏လူဦးရေ ၇၀ ရာခိုင်နှုန်းကျော်နေထိုင်သည့် ကျေးရွာများ၌ စာပေလေ့လာသင်ယူမှုများပြုလုပ်နိုင်ရေးအတွက် ၂၀၁၄-၂၀၁၅ ခုနှစ်မှစ၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နိုင်ငံနှင့်အဝန်း ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို ပြည်သူနှင့်အလှူရှင်များပူးပေါင်းကာ ဖွင့်လှစ်ထူထောင်နိုင်ခဲ့ပါသည်။

ထိုသို့ ထူထောင်ပြီးဖြစ်သော စာကြည့်တိုက်များအနက်ရှင်သန်သောစာကြည့်တိုက်များကို Community Library များအဖြစ်သို့ တိုးမြှင့်ဆောင်ရွက်နိုင်ရန် အစီအမံများလည်းရှိနေပြီဖြစ်ကြောင်း သိရသည်။ Community Library ဆိုသည်မှာအသုံးပြုသူများ၏လိုအင်ဆန္ဒများနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ပေါ်ပေါက်လာခြင်းဖြစ်သည်။ Comm- unity Library များသည် စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်း အဖွဲ့ဝင်များ၏ လူမှုရေးအရ အသုံးချတတ်စေရန်ပြောဆိုဆွေးနွေးသည့် နေရာတစ်ခုလည်းဖြစ်ပါသည်။တစ်နည်းအားဖြင့်ဆိုသော် စာကြည့်တိုက်ကို အသုံးပြုသည့်နေရာတွင်ကြုံတွေ့ရသည့်အခက်အခဲများကို ဖြေရှင်းပေးနိုင်သည့် သတင်းအချက်အလက်များပေးရာ သုတဘဏ်တစ်ခုပင်ဖြစ်ပါသည်။

Community Library of the Shenango Valley စာကြည့်တိုက်အား Google မှ ရှာဖွေကြည့်ရှုရာ၌ Com- munity Library ၏ ဝန်ဆောင်မှုလုပ်ငန်းများတွင် အသင်းဝင်များအား စာအုပ်ငှားရမ်းပေးခြင်း၊ သတင်းအချက်အလက်များကို ကူးယူရရှိနိုင်ခြင်း၊ ဒီဗီဒီများ၊ အီလက်ထရွန်နစ်စက်များ၊ ကွန်ပျူတာများကို အရွယ်ရောက်သည့်လူငယ်များအား အချိန်အကန့်အသတ်ဖြင့် ငှားရမ်းပေးခြင်း၊ အင်တာနက်အသုံးပြုခြင်းများ ပါဝင်နေကြောင်း သိရှိရပါသည်။

**Community Library ဆိုသည်မှာ အသုံးပြုသူများ၏ လိုအင်ဆန္ဒများနှင့် လိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်ရန် ပေါ်ပေါက်လာခြင်းဖြစ်သည်။ Community Library များသည် စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်း အဖွဲ့ဝင်များ၏ လူမှုရေးအရ အသုံးချတတ်စေရန် ပြောဆိုဆွေးနွေးသည့် နေရာတစ်ခုလည်းဖြစ်ပါသည်။ တစ်နည်းအား ဖြင့်ဆိုသော် စာကြည့်တိုက်ကို အသုံးပြုသည့်နေရာတွင် ကြုံတွေ့ရသည့်အခက်အခဲများကို ဖြေရှင်းပေးနိုင်သည့် သတင်းအချက်အလက်များပေးရာ သုတဘဏ်တစ်ခုပင်ဖြစ်**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ် (တောင်ပိုင်း) မြို့အဝင်မုခ်ဦးအနီးရှိ သာစည်စံပြကျေးရွာ၏ စာကြည့်တိုက်ကို ၂၀၀၅ ခုနှစ်မှစ၍ ဖွင့်လှစ်ခဲ့သည့် ကျေးရွာစာကြည့်တိုက်ဖြစ်ပြီး ယနေ့ထိတိုင်အောင် ရှင်သန်နေဆဲပင်ဖြစ်သည်။ စာကြည့်တိုက်အမည်မှာလည်း "အေးငြိမ်းဦး" ဆိုပြီး ဆန်းဆန်းလေးပါ။ စာကြည့်တိုက် အဆောက်အအုံသည် အလျား ပေ ၄၀၊ အနံ ပေ ၂၀ ကျယ်ဝန်းပြီး အာရ်စီတစ်ထပ်တိုက်ဖြစ်သည်။ ရန်ကုန်မြို့နေ ဦးအောင်ကျော်-ဒေါ်သန်းသန်းဌေး တို့မိသားစုက လှူဒါန်းသောစာကြည့်တိုက်ဖြစ်သည်။ "အေးငြိမ်းဦး" စာကြည့်တိုက် အမည်နာမပေးရခြင်းအကြောင်းမှာ အလှူရှင်ဒေါ်သန်းသန်းဌေး၏ မွေးသမိခင် ဒေါ်တင်တင်အေးမှ "အေး"၊ ရင်နှစ်သည်းချာ သားရတနာ ငြိမ်းထွန်းအောင်မှ "ငြိမ်း"၊ မောင်ငယ်ခင်မောင်ဦးမှ "ဦး" တို့ကို တည်လျက် "အေးငြိမ်းဦး"ဟု ကွယ်လွန်သူ မိသားစုများအားရည်စူး၍ စာကြည့်တိုက်ကိုလှူဒါန်းခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

အလှူရှင်ဒေါ်သန်းသန်းဌေး၏ မိတ်ဆွေများက မကြာခဏဆိုသလို မေးခွန်းထုတ်၍ မေးနေကြသည့်မေးခွန်းမှာ "ဘုရားကျောင်းကန်မဟုတ်ဘဲ စာကြည့်တိုက်ကိုမှ ဘာဖြစ်လို့ လှူဖြစ်သလဲ" ဟု မေးသည့်မေးခွန်းပင်ဖြစ်သည်။ အလှူရှင် ဒေါ်သန်းသန်းဌေးက မေးခွန်းကိုဖြေကြားရာ၌ "ကျေးဇူးရှင် မွေးသမိခင်၊ သားရတနာနှင့် မောင်ငယ်တို့မှာ ပညာနည်း၍ ဗဟုသုတမကြွယ်ဝဘဲ အသေစောကြတဲ့အတွက် ကျွန်မတို့မိသားစုလိုမျိုးမဖြစ်အောင် သင်ခန်းစာယူနိုင်အောင်လို့ အများပြည်သူကြုံရခဲ့လှတဲ့ လူ့ဘဝကို အေးငြိမ်းချမ်းသာ၊ သာယာတဲ့ဘဝကို တည်ဆောက်နိုင်ဖို့အတွက် စာကြည့်တိုက်ကို လှူဒါန်းရခြင်းဖြစ်ပါတယ်" ဟု ဖြေကြားသွားကြောင်း သိရသည်။

အေးငြိမ်းဦးစာကြည့်တိုက်ကို အမှီပြု၍ ယဉ်ကျေးမှုသင်တန်း၊ ဓမ္မစကူးသင်တန်း၊ အပတ်စဉ် ပန်းချီပြိုင်ပွဲများ၊ စာကြည့်တိုက်သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲများကို စာကြည့်တိုက်၌ ပြုလုပ်ပေးလျက်ရှိသည် ကိုလည်းတွေ့ရှိရသည်။ စာငှား၊ စာဖတ် တိုးတက်လာသည်နှင့်အညီ အမေရိကန်နိုင်ငံ ဟပ်ဗ်မွန်းမြို့ ဓမ္မာနန္ဒဝိဟာရကျောင်းတိုက်မှ အရှင်သြသနေနှင့် ဦးအောင်ကျော်-ဒေါ်သန်းသန်းဌေးတို့၏ မတည်ငွေနှင့် ကျေးရွာပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် အလျား ပေ ၄၀၊ အနံ ပေ ၃၀၊ အမြင့် ၂၄ ပေအကျယ်အဝန်းရှိ အာရ်စီနှစ်ထပ်တိုက် အဆောက်အအုံသစ်ကို မူလစာကြည့်တိုက်အဆောက်အအုံနှင့်ကပ်လျက် တိုးချဲ့အဆောက်အအုံကို ၂၀၁၅ ခုနှစ်တွင် ဆောက်လုပ်ခဲ့ရာ ၂၀၁၆ခုနှစ် ဇန်နဝါရီလက ပြီးစီးအောင် တည်ဆောက်ခဲ့ပြီးဖြစ်သည်။ အေးငြိမ်းဦးစာကြည့်တိုက်၏ တိုးချဲ့ဆောင် ဆောက်လုပ်ရာ၌ ငွေကျပ်သိန်း ၆၀၀ ကျော် ကုန်ကျခဲ့ကြောင်းလည်း သိရသည်။

တိုးချဲ့အဆောက်အအုံ၏အပေါ်ထပ်၌ အလျား ပေ ၄၀၊ အနံ ပေ ၂၀ အကျယ်အဝန်းရှိ ခန်းမတည်ရှိပြီး စာကြည့်တိုက်ကိစ္စများအပြင် အများပြည်သူနှင့်ပတ်သက်သည့် ဘာသာရေး၊ လူမှုရေးဆိုင်ရာများ ဆွေးနွေးနိုင်ရန် အသုံးပြုမည်ဖြစ်ကြောင်းနှင့် မူလအဆောက်အအုံကို စာဖတ်ခန်းသက်သက်အဖြစ်ထားရှိပြီး စာအုပ်စာစောင်များကို အဆောက်အအုံသစ်၏ အောက်ထပ်၌ထားရှိကြောင်း တွေ့ရှိရသည်။ စာအုပ်စာစောင်နှင့် ပတ်သက်၍ အများအပြားစုဆောင်းထားရှိပြီး ပရိဘောဂများလည်း စုံစုံလင်လင်ရှိကြောင်း၊ စာအုပ်များကိုယခင်က မှန်ဗီရိုထဲ၌ထားရှိသော်လည်း ယခုအခါ သံစင်များနှင့် အဆင့်တိုးမြှင့်၍ထားရှိနိုင်ကြောင်း တွေ့ရှိရသည်။

အေးငြိမ်းဦးစာကြည့်တိုက်သည် Community Library လုပ်ငန်းစဉ်များကို စတင်ပုံဖော်ဆောင်ရွက်နေပြီဟုပင် ခံယူမိပါသည်။ ထို့အပြင် ၁၀ နှစ်သက်တမ်းကျော်မျှ ကြံ့ကြံ့ခံအောင်မြင်စွာရပ်တည်လာခဲ့သည့် စာကြည့်တိုက်သည် ပြည်သူများအပေါ် မည်သည့်အတိုင်းအတာအထိအကျိုးသက်ရောက်မှုရှိသည်ကို ပေတံကိန်းဂဏန်းဖြင့်ဖော်ပြ၍ မရသော်လည်း အတိုင်းအတာတစ်ခုအထိတော့အကျိုးပြုမည်မှာ အသေအချာပင်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## ကျောင်းသား ကျောင်းသူများ လေ့လာရေးခရီးအတွက် ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၃၁**

ရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်အတွင်းမှ အခြေခံပညာကျောင်းသားကျောင်းသူများ လေ့လာရေးခရီးစဉ်အတွက် ပရဟိတ ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲကို နိုဝင်ဘာ ၁၁ ရက် ညနေ ၅ နာရီခွဲမှ ၁၁ နာရီအထိ ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဖျော်ဖြေပွဲကို သာပေါင်းဖောင်ဒေးရှင်းပရဟိတအဖွဲ့က ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး တေးသံရှင် အောင်ထက်အပါအဝင် အနုပညာရှင် စုစုပေါင်း ၁၁ ဦးက ပါဝင်ဖျော်ဖြေမည်ဖြစ်ကြောင်း ပွဲဖြစ်မြောက်ရေးတာဝန်ခံကိုကောင်းထက်ပိုင်က ပြောသည်။

"လက်မှတ်ကို ငွေကျပ် ငါးထောင်နဲ့ရောင်းပေးမှာပါ။ စီစဉ်ဖြစ်တဲ့ အဓိကအကြောင်းကတော့ ကျေးလက်ဘက်က ကလေးတွေကို ပြင်ပဗဟုသုတတွေ၊ အတွေ့အကြုံတွေရရှိစေနိုင်အောင်လို့ပါ။ ဒါကပထမရည်ရွယ်ချက်၊ နောက်တစ်ခုကတော့ သာပေါင်းဒေသတွင်းက လူငယ်တွေ အဓိကကျောင်းသားတွေ ဖွံ့ဖြိုးရေးတွေ ဆက်လက်လုပ်ဆောင်ဖို့ပါ"ဟု ဦးဆောင်ပါဝင်သူ ကိုမျိုးမင်းပိုင်က ပြောသည်။

အဆိုပါပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်အပါအဝင် သက်ဆိုင်ရာ တာဝန်ရှိသူများကိုလည်း ဖိတ်ကြားသွားမည်ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောပြသည်။ ဖျော်ဖြေပွဲအတွက် ငွေကျပ် တစ်သိန်းနှင့်အထက် လှူဒါန်းသည့် အလှူရှင်များကိုလည်း ဂုဏ်ပြုမှတ်တမ်းနှင့်တကွ ပြန်လည်ပေးအပ်ရန်စီစဉ်ထားကြောင်း လည်း သာပေါင်းဖောင်ဒေးရှင်းက ပြောသည်။

လူငယ်များဦးဆောင်ထားသည့် သာပေါင်းဖောင်ဒေးရှင်းကို ၂၀၁၄ ခုနှစ်က စတင် တည်ထောင်ခဲ့ပြီး သာပေါင်းဒေသတွင်း လူငယ်များနှင့် အခြေခံပညာကျောင်းသားများ ဖွံ့ဖြိုးမှုများလုပ်ဆောင်နေသကဲ့သို့ မူလတန်းကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းမှု ၊ရေတွင်းရေကန်များတူးဖော်ပေးမှုနှင့်အတူ ပြည်တွင်းပြည်ပ ပညာရေးအခြေနေနှင့်ပတ်သက်ပြီး ဆွေးနွေးပွဲများလည်း လုပ်ဆောင်နေကြောင်း သိရသည်။

**ပုသိမ်လှကြည်**

## သီလဝါ ( MITT)က သင်ကြားရေးအထောက်အကူပြု ပစ္စည်းများ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သို့ ပေးအပ်လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၃၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သို့ မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း သီလဝါ (MITT)က သင်ကြားရေးအထောက်အကူပြု ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို အောက်တိုဘာ ၃၁ ရက် နံနက် ၁၀ နာရီ က တက္ကသိုလ်ပင်မဆောင် အခန်း(C-6)၌ ကျင်းပခဲ့သည်။

ဆက်လက်၍ အထွေထွေမန်နေဂျာ ဦးမင်းကြည်က အမေရိကန်ဒေါ်လာ ၆၀၀၀ တန်ဖိုးရှိ Computer Sets ၊ Copiers (Print, Copy, Scan)၊ Printer၊ Projector & Screen ၊ Desk & Chairs များကို ပေးအပ်လှူဒါန်းခဲ့ရာ ပါမောက္ခချုပ် ဒေါက်တာမြတ်လွင်က လက်ခံယူခဲ့ပြီး ပါမောက္ခချုပ်က MITT ကိုယ်စား အထွေထွေမန်နေဂျာ ဦးမင်းကြည်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(ယာပုံ)**

အဆိုပါ မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း သီလဝါ ( MITT) က ၂၀၀၂ ခုနှစ်မှစတင်၍ သင်ထောက်ကူပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ရေကြောင်းသိပ္ပံပညာဌာန၊ ရေကြောင်း စက်မှုအင်ဂျင်နီယာဌာနနှင့် ဆိပ်ကမ်း အင်ဂျင်နီယာဌာနများက ဆောင်ရွက်သည့် Project များအတွက် အမေရိကန်ဒေါ်လာ ၆၅၀၀ ကိုလည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် ရေကြောင်းသိပ္ပံပညာဌာန၊ မြစ်ချောင်း နှင့် ကမ်းရိုးတန်း အင်ဂျင်နီယာဌာန၊ ဆိပ်ကမ်း အင်ဂျင်နီယာပညာဌာနများက ဆောင်ရွက်သည့် Project များအတွက် အမေရိကန်ဒေါ်လာ ၅၅၀၀ ကို လည်းကောင်း၊ ယခုနှစ်အတွက် အမေရိကန်ဒေါ်လာ ၆၀၀၀ တန်ဖိုးရှိ သင်ကြားရေးအထောက်အကူပြုပစ္စည်းများကို လည်းကောင်း ပေးအပ်လှူဒါန်းခဲ့ ကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**



### မိုးဆက်လက်ပိုမည်

၃၁-၁၀-၂၀၁၆

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်၌ လှိုင်းအသင့်အတင့်ရှိမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်၌ ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့၌ မိုးဆက်လက်ရွာမည်။ **(မိုး/ဇလ)**

# မဟာဗျူဟာအဆင့် ဆွေးနွေးညှိနှိုင်းမှုများနှင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး ပူးပေါင်းဆောင်ရွက်မှုကိစ္စများ ဆွေးနွေး



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်စစ်ဦးစီးချုပ် Gen. Fang Fenghui တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်**

**နေပြည်တော် အောက်တိုဘာ ၃၁**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲက တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်စစ်ဦးစီးချုပ် Gen. Fang Fenghui က ပေကျင်းမြို့ Ba Yi တပ်မတော်ခန်းမမျက်နှာစာ၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်စစ်ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်စစ်ဦးစီးချုပ်တို့ တွေ့ဆုံကြပြီး တပ်မတော်နှစ်ရပ် ခေါင်းဆောင်များက အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်ကိစ္စများ၊ မဟာဗျူဟာအဆင့် ဆွေးနွေးညှိနှိုင်းမှုများ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ အားကစား၊ ယဉ်ကျေးမှု၊ ဆေးပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စများ၊ လေ့ကျင့်ရေးဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်စစ်ဦးစီးချုပ် Gen. Fang Fenghui က မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် Ling Guang Si ဘုရားကျောင်းရှိ ဗုဒ္ဓမြတ်စွယ်တော်ကို သွားရောက်ဖူးမြော် ကြည်ညိုကြပြီး ဘုရားကျောင်း ဆရာတော် Chang Zang အား သက်နှီးနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် CETC ကုမ္ပဏီက ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုကြပြီး ကုမ္ပဏီဥက္ကဋ္ဌ Mr. Fan Youshan နှင့် တာဝန်ရှိသူများက ကုမ္ပဏီ၏လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။ **(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်စစ်ဦးစီးချုပ် Gen. Fang Fenghui တို့ တွေ့ဆုံဆွေးနွေးစဉ်**

# ဇီကာဗိုင်းရပ်စ်ရောဂါ ကြိုတင်ကာကွယ်ရေး ပြည်သူများ သတင်းပေးပို့ခြင်းဖြင့် ပူးပေါင်းပါဝင်စေလို

**မန္တလေး အောက်တိုဘာ ၃၁**

ဇီကာဗိုင်းရပ်စ်ရောဂါနှင့်ပတ်သက်၍ နိုင်ငံအများအပြား၌ ဖြစ်ပွားလျက်ရှိရာ ရောဂါဖြစ်ပွားမှုဆိုင်ရာ လက္ခဏာများ ပြသလာပါက ကာယကံရှင် ကိုယ်တိုင်က လည်းကောင်း၊ နီးစပ်ရာပြည်သူများက လည်းကောင်း ကျန်းမာရေးဌာနသို့ သတင်းပေးပို့ခြင်းဖြင့် ပူးပေါင်းကာကွယ်စေလိုကြောင်း မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်က ပြောကြားသည်။

"အခုဆိုရင် နိုင်ငံ ၇၂ နိုင်ငံမှာ ဖြစ်ပွားနေတဲ့အတွက် အဝင်အထွက်ကို ထိန်းချုပ်ဖို့ခက်ပါတယ်။ ကျွန်တော်တို့ ကျန်းမာရေး ဝန်ထမ်းတွေအနေနဲ့ လေဆိပ်အဝင်၊ အထွက်တွေမှာ စောင့်ကြပ်ကြည့်ရှုစစ်ဆေးတာတွေ လုပ်နေပေမယ့် ပြည်သူတွေကလည်း သံသယရှိသူကိုတွေ့ရင် အလွယ်ကူဆုံးဖြစ်တဲ့ ဖုန်းစနစ်နဲ့ ကျန်းမာရေးဌာနတွေကို သတင်းပေးပို့စေချင်တယ်" ဟု ၎င်းက ပြောကြားသည်။

လက်ရှိအခြေအနေတွင် တိုင်းဒေသကြီးအတွင်း၌ ဇီကာဗိုင်းရပ်စ်ရောဂါဖြစ်ပွားမှုအနေဖြင့် သံသယရှိသူကိုပင် မတွေ့ရှိသေးကြောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကြိုတင် ကာကွယ်ရေးအနေဖြင့် စည်ပင်ဝန်ထမ်း များ၊ NGO အဖွဲ့အစည်းများနှင့်ပူးပေါင်းကာ ရောဂါ ဖြစ်စေသည့် အေးဒီးစ်ခြင်နှိမ်နင်းရေးနှင့် ပိုးလောက်လမ်း နှိမ်နင်းရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေသည့်အပြင် ပြည်သူများအတွင်း အသိပညာပေး ဆွေးနွေးဟောပြောပွဲများ ဆောင်ရွက်ရန် စီစဉ်နေပြီဖြစ်ကြောင်း သိရသည်။

"ပြည်သူတွေကလည်း ရေဒီယို၊ ရုပ်မြင်သံကြားနဲ့ သတင်းစာတွေကို နေ့စဉ်ဖတ်ရှုစောင့်ကြည့်ရမယ်။ ကိုယ်ဝန်ရှိနေပြီဆိုရင် မြို့နယ်သားဖွားဆရာမတွေနဲ့ တိုင်ပင်ပြီး ကာကွယ်ရေးနည်းလမ်းတွေကို မေးမြန်းရပါမယ်။ ကိုယ်ဝန်ရှိပြီး ၂၈ ပတ်ကျော်မှ ကလေးရဲ့ဦးနှောက်သေး၊ မသေးစစ်ဆေးလို့ရမှာဖြစ်တဲ့အတွက် ဆေးစစ်ပြီးမှ ကိုယ်ဝန်ဆောင်သင့်ပါတယ်"ဟု ၎င်းက အကြံပြုပြောကြားသည်။ ဇီကာဗိုင်းရပ်စ်ရောဂါနှင့်ပတ်သက်၍ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အပြည်ပြည်ဆိုင်ရာ အရေးပေါ်ပြည်သူ့ကျန်းမာရေးဆိုင်ရာတစ်ရပ်အနေဖြင့် ကြေညာခဲ့သည့်အပြင် ရန်ကုန်မြို့၌လည်း ရောဂါဖြစ်ပွားသူတစ်ဦး တွေ့ရှိခဲ့သည့်အတွက် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်နေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်နိုင်ငံတပ်မတော်များ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၃၁**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းအား မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး မစ္စတာ နီကိုလိုင်း လစ်တိုပါဒြေါ့ပ်သည် ယနေ့ မွန်းလွဲ ၂ နာရီက ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်နိုင်ငံတပ်မတော်များ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကျေးသီး၊ မိုင်းကိုင်ဒေသရှိ ပြည်သူများအတွက် အနွေးထည်များနှင့် ငွေကျပ် သိန်း ၁၀၀ လှူဒါန်း

**မိုင်းကိုင် အောက်တိုဘာ ၃၁**

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း(BFM)သည် ရှမ်းပြည်နယ်တောင်ပိုင်း ကျေးသီး၊ မိုင်းကိုင်ဒေသရှိ စစ်ဘေးရှောင်စခန်းများမှ တိုင်းရင်းသားပြည်သူများအတွက် လှူဒါန်းငွေကျပ် သိန်း ၁၀၀ နှင့် ဆောင်းရာသီ အအေးဒဏ်ကာကွယ်ရန်အတွက် ခေါင်းစွပ်ပါအနွေးထည် ၂၅၃ ထည်ကို ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက မိုင်းကိုင်မြို့နယ် တုံလောကျေးရွာရှိ စစ်ဘေးရှောင်စခန်း၌ အောက်တိုဘာလဒုတိယပတ်က သွားရောက်လှူဒါန်းခဲ့သည်။ **(ဓာတ်ပုံ)**

ဖောင်ဒေးရှင်းမှ တာဝန်ရှိသူ ဦးအောင်ကျော်စိုးက "ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းရဲ့ညွှန်ကြားမှုနဲ့ အအေးလွန်ကဲမှုဒဏ် ပိုမိုခံစားရနိုင်တဲ့ ဒေသတွေက ရဟန်းသံဃာတွေ၊ သီလရှင်တွေနဲ့ စစ်ဘေးရှောင်စခန်းတွေက တိုင်းရင်းသားပြည်သူတွေအတွက် အမေရိကန်ဒေါ်လာ နှစ်သန်းကျော်တန်ဖိုးရှိတဲ့ ခေါင်းစွပ်ပါအနွေးထည် နှစ်သိန်းကို ပြည်ပကဝယ်ယူခဲ့ပြီး ဆောင်းကာလအမီ သက်ဆိုင်ရာဒေသတွေကို ပေးပို့လှူဒါန်းနေတာပါ။

"ပြီးခဲ့တဲ့လကလည်း စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိ နာဂတိုင်းရင်းသားတွေအတွက် အနွေးထည် ၃၅၀၀၊ ကရင်ပြည်နယ် မြိုင်ကြီးငူဒေသ၊ မဲသဝေါ စစ်ဘေးရှောင်ပြည်သူတွေအတွက် အနွေးထည် ၃၀၀၀ နဲ့ ခေါက်ဆွဲခြောက်ထုပ် ၁၀၀၈၀ ထုပ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့မှာ ရောက်ရှိနေတဲ့ စစ်ဘေးရှောင်ပြည်သူတွေအတွက် အနွေးထည် ၇၆၅၂ ထည်နဲ့ လားရှိုးမြို့နယ် အထက်မန်အိုင်ကျေးရွာ ချစ်ခြင်းမေတ္တာဂေဟာမှာ ရောက်ရှိနေတဲ့ စစ်ဘေးရှောင်ဒေသတွေက ကျောင်းတက်နေတဲ့ တိုင်းရင်းသားကလေးငယ်တွေအတွက် အနွေးထည်တွေရယ်၊ မန္တလေးတိုင်းဒေသကြီးအတွင်း အအေးဒဏ်လွန်ကဲနိုင်တဲ့နေရာတွေက ရဟန်းသံဃာ၊ သီလရှင်တွေနဲ့ တိုင်းရင်းသားပြည်သူတွေအတွက် အနွေးထည် ၃၆၅၀၀ စသဖြင့် လှူဒါန်းခဲ့ပါတယ်။ ကျန်တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ အအေးဓာတ်လွန်ကဲနိုင်တဲ့နေရာတွေမှာလည်း ဆက်လက်လှူဒါန်းနေပါတယ်"ဟု ပြောကြားသည်။

ဖောင်ဒေးရှင်းအနေဖြင့် ၂၀၀၇ ခုနှစ်မှ ယခုချိန်အထိ ပြည်သူ့အကျိုးပြုလှူဒါန်းငွေ စုစုပေါင်း ဘီလီယံ ၂၀၀ နီးပါးရှိပြီဖြစ်ကြောင်း သိရသည်။

**သဲနိုင်ဦး(မြန်မာစာ)**



## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁-၁၁-၂၀၁၆ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၃၅ - လူမှုစီးပွားမြင်ကွင်းများ
၈:၃၅ - ဥပဒေရေးရာအဖြာဖြာ
**လက်ဖြစ်တယ်**
ဦးစံပေါ၊ ကိုရဲဦး၊ ဟိန်းထွဋ်ဝင်း၊ ဝင်းကို၊ ဇန်၊ စိုးပြည့် (ဒါရိုက်တာ- ဝေဠု(ဝသန်))
၉:၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၀:၃၅ - မြန်မာ့ရုပ်မြင်သံကြားပညာရေးအစီအစဉ်
၁၁:၃၅ - မျက်မှောက်ရေးရာသုံးသပ်စရာ
၁၄:၂၀ - " KARAOKE World Championships (KWC) Myanmar 2016" (Final, Part-2)

**ညပိုင်း**

၁၆:၁၅ - "လုံခြုံစိတ်ချခရီးသွားကဏ္ဍ"
၁၇:၁၅ - "ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်" (ရန်ကုန်)
၁၇:၃၅ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာစကားဝိုင်း (လက်ရှိ စတော့ဈေးကွက်နှင့် အနာဂတ်အလားအလာ အကြောင်း) (အပိုင်း- ၄)
၁၈:၃၅ - ကြယ်ပွင့်များရဲ့ရင်ခုန်သံ (ထွန်းအိန္ဒြာဗိုလ်)
၁၈:၅၀ - "ကယားပြည်နယ် ရှာသစ်မြို့မှ အလင်းတန်း"
၁၉:၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **တုံ့မယူလို** (အပိုင်း - ၃၂)
၂၀:၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- နိုင်ငံခြားဇာတ်လမ်းတွဲ **ဘုရင်မရဲ့ပန်းရွှေကြာ** (အပိုင်း - ၃၁)
- ပြည်သူ့နီတိ **တစ်နေ့မှာ** မေတ္တာ၊ ဇေရီစိုးစံ၊ နွဲ့နွဲ့စန်း (ဒါရိုက်တာ - မိုးဇော်ကို)

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

# လျှပ်စစ်စွမ်းအင်ကဏ္ဍအတွက် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းအင်စီမံခန့်ခွဲမှုဆိုင်ရာကိစ္စများ ဆွေးနွေး

**နေပြည်တော်  အောက်တိုဘာ  ၃၁**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုအား ချက်သမ္မတနိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီး H. E. Mr. Jan Mládek ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့ နံနက် ၁၀ နာရီခွဲတွင်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ COMPLANT Co., Ltd. မှ Chairman ဖြစ်သူ Mr. Zhang Hui ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ **(ယာပုံ)** က မွန်းလွဲ ၁ နာရီတွင်လည်းကောင်း စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ သီးခြားစီ လာရောက်တွေ့ဆုံခဲ့ကြသည်။

ချက်သမ္မတနိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးနှင့် တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ချက်နိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေး၊ လယ်ယာသုံးစက်ပစ္စည်းကိရိယာများနှင့် အကြီးစား စက်ပစ္စည်း အစိတ်အပိုင်းများထုတ်လုပ်မှုတွင် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် Technical Cooperation Program များနှင့် Training for Trainers (ToT) Program များအတွက် အကူအညီပေးနိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ ဓာတုပစ္စည်းနှင့် စက်မှုစွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များနှင့် အခြားပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်များအား ဆွေးနွေးခဲ့ကြသည်။



တရုတ်ပြည်သူ့သမ္မတနိုင်ငံ COMPLANT Co., Ltd. နှင့် တွေ့ဆုံရာတွင် လျှပ်စစ်စွမ်းအင်ကဏ္ဍအတွက် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ စွမ်းအင်စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များနှင့် လျှပ်စစ်ပို့လွှတ်ရေးနှင့် ဖြန့်ဖြူးရေးအတွက် လိုအပ်သော Aluminum-Conductor Steel-Reinforced (ACSR) Cable ကြိုးများ၊ ထရန်စဖော်မာများနှင့် လျှပ်စစ်မီတာစသည့် လျှပ်စစ်ပစ္စည်းများပူးပေါင်းထုတ်လုပ်ရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် မီးရထားစက်ခေါင်းနှင့် မီးရထားတွဲများ ပူးပေါင်းထုတ်လုပ်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# မြန်မာ့ရိုးရာလက်မှုပစ္စည်းများ ဈေးကွက်တွင်တန်ဖိုးမြင့်မားသော်လည်း ကုန်ကြမ်းဈေးမြင့်မားမှုကြောင့် အသက်မွေးဝမ်းကျောင်းမှု နည်းပါး

**သတင်းဆောင်းပါး - ဝင်းဝင်းမော် ၊ မြတ်စန္ဒီ**

**မြန်မာ့ရိုးရာလက်မှုပညာရပ်သည် ခေတ်အဆက်ဆက်တိမ်မြုပ်ပျောက်ကွယ်ခြင်းမရှိသော်လည်း ယနေ့အချိန်တွင် ခေတ်နှင့်အညီ ဒီဇိုင်းဖန်တီးသူတို့အတွက် မူပိုင်ခွင့် အကာအကွယ်နည်းပါးမှုရှိနေ၍ နိုင်ငံတော်အပိုင်းက ကြပ်မတ်ဆောင်ရွက်ပေးရေး လက်မှုအနုပညာဖန်တီးသူများက လိုလားလျက်ရှိကြောင်း သိရသည်။**

"စိတ်ရော လူရောအားစိုက်ခဲ့ရတဲ့ လုပ်ငန်းတွေအတွက် မူပိုင်ခွင့်ကို ကာကွယ်ပေးဖို့ ပိုမိုလိုအပ်လာပါပြီ။ ဈေးကွက်တွေမှာ အတုအပလိုက်လုပ်တာတွေ ရောင်းချတာတွေကို ပိုပြီးခပ်စိပ်စိပ်တွေ့လာရတယ်။ မြန်မာ့ရိုးရာပန်း ၁၀ မျိုးဆိုရင်လည်း တီထွင်ထုတ်လုပ်တာ သိပ်မရှိတော့ဘူး။ ပစ္စည်းတစ်ခုအသစ်အဆန်း ထုတ်လုပ် လိုက်ရင် ဒီဇိုင်းပိုင်းမှာအကာအကွယ်မဲ့နေတယ်"ဟု မြန်မာ့လက်မှုအနုပညာအသင်း၏ ဥက္ကဋ္ဌ သီရိမြန်မာ့ရိုးရာလက်မှုအနုပညာလုပ်ငန်း(ပန်းထိမ်) ပိုင်ရှင် ဦးသာခုက ပြောသည်။

အဆိုပါအချက်သည် မြန်မာနိုင်ငံတွင် အားနည်းနေသေးသည့်အတွက် နိုင်ငံတော်အပိုင်းက ကြပ်ကြပ်မတ်မတ်ဆောင်ရွက်ပေးပါက ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံထုတ်လုပ်သူများအတွက် အဆင်ပြေနိုင်မည်ဟု ၎င်းက ဆိုသည်။

ယခုအချိန်တွင် မူပိုင်ခွင့်အားနည်းမှုအပြင် တုပပြုလုပ်ကြသည့် ပစ္စည်းများနှင့် ကုန်ကြမ်းဈေးနှုန်းမြင့်မားမှုတို့ကြောင့် ရိုးရာလက်မှုပညာရပ်များဖြင့် အသက်မွေးဝမ်းကျောင်းမှုမှာ တဖြည်းဖြည်းနည်းပါးလာသည်ကို တွေ့မြင်နေရသည်။

လက်ရှိကာလတွင် ပြည်တွင်းမှ ထွက်ရှိသော လက်မှုအနုပညာပစ္စည်းများသည် ကုန်ကြမ်းအဖြစ်သာ ပြည်ပသို့ တင်ပို့မှုများနေပြီး ပြည်ပနိုင်ငံများတွင်မူ တန်ဖိုးမြှင့်ကုန်ချောအဖြစ် ထုတ်လုပ်ရောင်းချနေမှုကို တွေ့မြင်နေရသည်။

"မြန်မာ့လက်မှုပစ္စည်းတွေကို အိမ်နီးချင်းနိုင်ငံတွေမှာဆိုရင် သူတို့ဆီက ထုတ်လုပ်သလို ခင်းကျင်းရောင်းချနေတာတွေ့ရတယ်၊ ဒါတွေက နယ်စပ်ကနေ အကြောင်းအမျိုးမျိုးနဲ့ ထွက်သွားတာလည်းဖြစ်နိုင်တယ်။ ကိုယ့်နိုင်ငံက ရောင်းတဲ့သူတွေအနေနဲ့ ဈေးကောင်းလည်းရမှာမဟုတ်သလို မြန်မာပြည်က ထုတ်လုပ်တယ်ဆိုတဲ့ တန်ဖိုးလည်း ပျောက်သွားတယ်၊ ဒါကြောင့်မို့ အသင်းအနေနဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ တိုင်ပင်ပြီး မြန်မာ့လက်မှုအနုပညာ စင်တာကြီးတစ်ခုကို လာမည့် ၂၀၁၇ ခုနှစ်အတွင်း ရန်ကုန်မြို့ရဲ့အချက်အချာကျတဲ့တစ်နေရာမှာ တည်ထောင်ဖို့ လျာထားပြီး ညှိနှိုင်းနေပါတယ်"ဟု ဦးသာခုက ဆိုသည်။

ထို့အပြင် ရိုးရာလက်မှုအနုပညာကို ဆက်ခံဆည်းပူးလိုသူများအနေဖြင့် စီးပွားရေးတွက်ခြေမကိုက်မှုနှင့် နှစ်ရှည်လများ ပညာသင်ယူရန်ခက်ခဲမှုရှိလာ၍ ကျွမ်းကျင်လုပ်သားများလည်း ရှားပါးလာကြောင်း သိရသည်။

"လက်ရှိမှာတော့ အိုင်တီအတတ်ပညာတွေ တိုးတက်လာတာနဲ့အမျှ လက်မှုကိုလုပ်တဲ့ လူငယ်အင်အားကလျော့သွားတယ်၊ ဒါပေမယ့် သုံးစွဲသူတွေအနေနဲ့ကတော့ စိတ်ဝင်စားတဲ့ ကဏ္ဍတစ်ခုအနေနဲ့ ရှိနေပါတယ်၊ အများအားဖြင့်တော့ လက်မှုလုပ်ငန်းကို လုပ်တယ်ဆိုတာ နယ်ဒေသတွေမှာ အဓိကလုပ်တာဖြစ်ပါတယ်၊ တချို့ကို ရာသီတစ်လျှောက်လုံး လုပ်နိုင်ပေမယ့် တချို့လက်မှုလုပ်ငန်းတွေကို ရာသီအလိုက် အပိုဝင်ငွေအဖြစ် လုပ်ကိုင်ကြတာတွေ့ရတယ်၊ လက်မှုကဏ္ဍတိုးတက်ရင် အသေးစား အလတ်စား စက်မှုလုပ်ငန်းကဏ္ဍတွေ ပိုမိုတိုးတက်လာမယ်၊ ဒါတွေ တိုးတက်အောင်ဆိုရင်တော့ သေချာတဲ့ဈေးကွက်လည်း ရှိဖို့လိုအပ်ပါတယ်" ဟု မြန်မာ့လက်မှုအနုပညာအသင်း အတွင်းရေးမှူး(၁) ဒေါ်အိအိထွေးက ပြောသည်။

သို့သော် မြန်မာ့ရိုးရာလက်မှုပစ္စည်းများ၏ ဈေးနှုန်းမှာမူ ပြည်တွင်း ပြည်ပဈေးကွက်၌ တန်ဖိုးမြှင့်ဈေးကွက်တွင် နေရာယူလျက်ရှိကြောင်း သိရသည်။

ပညာရှင်၏ လက်ရာအလိုက် ဖန်တီးပုံဖော်သည့် ကြေးသွန်းကားချပ်များ၏ ဈေးနှုန်းမှာ အနိမ့်ဆုံး ငွေကျပ် ခုနစ်ထောင်ခန့်မှ သိန်း (၃၀- ၄၀) ပတ်ဝန်းကျင်တွင် ရှိသကဲ့သို့ လက်တစ်ဝါးစာ ပမာဏရှိ ကြေးကားချပ်တစ်ခုကိုလည်း လုပ်သားအင်အား ငါးဦးခန့်ဖြင့် အချိန်သုံးရက်ကြာ ဖန်တီးဆောင်ရွက်ရကြောင်း သိရသည်။

လက်မှုအနုပညာရပ်များကို ဆန်းသစ်တီထွင်ရာတွင် အရည်အသွေးကို အကောင်းဆုံးဖြစ်အောင် ကြိုးစားသူများကလည်း ကြိုးစားဖန်တီးနေသကဲ့သို့ ယင်းဖန်တီးမှုသည် နိုင်ငံ၏ပုံရိပ်ကိုပါ ပိုမိုထင်ဟပ်ပေါ်လွင်စေကြောင်း မြန်မာ့လက်မှုလုပ်ငန်း ဆောင်ရွက်သူများက ဆိုသည်။

# ကုန်သေတ္တာတင်ယာဉ်များ သွားလာရမည့်အစီအစဉ် နိုဝင်ဘာ ၁ ရက်တွင် မစတင်နိုင်သေး

**ရန်ကုန်  အောက်တိုဘာ  ၃၁**

နိုဝင်ဘာ ၁ ရက်နေ့မှစ၍ ကုန်သေတ္တာတင်ယာဉ်များ အများပြည်သူသွားလာမှုများပြားသော နေ့ပိုင်းတွင် ရန်ကုန်မြို့တွင်း သွားလာမှုခွင့်မပြုဘဲ ည ၉ နာရီမှ နောက်တစ်နေ့ နံနက် ၆ နာရီအတွင်းသာ သတ်မှတ်ထားသည့် ခွင့်ပြုလမ်းကြောင်းအတိုင်းသာ သွားလာခွင့်ပြုမည်ဟု သတင်းမီဒီယာများတွင် ဖော်ပြပါရှိခဲ့သည်။

ယင်းသတင်း ဖော်ပြချက်အရ နိုဝင်ဘာ ၁ ရက်တွင် ကုန်သေတ္တာတင်ယာဉ်များ နေ့ပိုင်းသွားလာမှု ခွင့်မပြုသည့် ဖြစ်စဉ်နှင့်ပတ်သက်၍ ကုန်သေတ္တာတင် ယာဉ်ပိုင်ရှင်အချို့ထံ မေးမြန်းစုံစမ်းမှုကို အောက်တိုဘာ ၃၁ ရက် ညနေတွင် ပြုလုပ်ခဲ့သည်။ ယင်းနေ့ပိုင်း သွားလာခွင့်မပြုသည့် အကြောင်းကြားခြင်းသည် နိုဝင်ဘာ ၁ ရက်တွင် စတင်မှု မပြုလုပ်သေးကြောင်း သိရှိရသဖြင့် ကုန်သေတ္တာတင်ယာဉ်များ နိုဝင်ဘာ ၁ ရက်တွင် နေ့ပိုင်းသွားလာခွင့်ရှိသေးသည်ဟု ယာဉ်ပိုင်ရှင်တို့က ပြောကြားသည်။

နေ့ပိုင်းကုန်သေတ္တာတင်ယာဉ်များ သွားလာခွင့်မပြုသည့် အစီအစဉ်အပေါ် ညှိနှိုင်းဆောင်ရွက်ရန်ကိစ္စများ ရှိသေး၍ ရက်ရွှေ့ဆိုင်းထားဟန် ဖြစ်နိုင်သည်ဟု ပြောသည်။

နိုဝင်ဘာ ၁ ရက်မှ စတင်အကောင်အထည်ဖော်မည့် ယာဉ်မောင်းများ ခါးပတ်ပတ်မောင်းနှင်ရန် စီမံထားမှုနှင့်ပတ်သက်၍ အောက်တိုဘာ ၃၁ ရက်နေ့လယ်ပိုင်းက လှိုင်သာယာမှ ရန်ကုန်မြို့တွင်းသို့ မောင်းနှင်လာသော အငှားတက္ကစီယာဉ်အမှတ် 6H/---- ၏ ရှေ့ခန်းတွင် ယာဉ်မောင်းအပါအဝင် ရှေ့ခန်းစီးခရီးသည်ပါ ထိုင်ခုံခါးပတ်ပတ်ထားသည်ကို မြင်တွေ့ရသည်။

ထိုင်ခုံခါးပတ် ပတ်ထားခြင်းဖြင့် ယာဉ်အန္တရာယ်ကြုံတွေ့ရချိန် ခါးပတ်ကြိုးတင်းလာသဖြင့် လူခန္ဓာကိုယ်မှာ ထိုင်ခုံနောက်မှီတွင်ကပ်နေခြင်း၊ ယာဉ်ရှေ့ခန်းထိုင်ခုံရှေ့မှ လေအိတ်များပွင့်၍ လူထိခိုက်မှုသက်သာရာရခြင်းတို့ကြောင့် ယာဉ်စီးနင်းသူ၊ ယာဉ်မောင်းနှင်သူများအနေဖြင့် သက်ဆိုင်ရာမှ ထိုင်ခုံခါးပတ်ပတ်ထားခြင်း ရှိ/မရှိ စစ်ဆေးမှုရှိချိန်သာမက ယာဉ်မောင်းနှင်ချိန်တိုင်း ယာဉ်ပေါ်ပါသူများအတွက် ထိုင်ခုံခါးပတ်ပတ်ထားသင့်သည်ဟု ရွှေပြည်သာနေ ယာဉ်မောင်း ကိုမောင်ကိုက ပြောသည်။

**ခင်ဆိုင်**

# မောင်တော နတလ ကျောင်းမှ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာကျောင်းတက်

**စစ်တွေ  အောက်တိုဘာ  ၃၁**

ရခိုင်ပြည်နယ်အတွင်း အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်များတွင် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ကျောင်းများကို ခေတ္တပိတ်ထားပြီးနောက် အောက်တိုဘာ ၂၄ ရက်မှစ၍ ကျောင်းများ ပြန်လည်ဖွင့်လှစ်ပြီးဖြစ်သည်။



နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (မောင်တော)မှ ကျောင်းသားကျောင်းသူများကို ကျောင်းအုပ်ဆရာကြီး ဦးကျော်ဝင်းမောင်နှင့် ဆရာ ဆရာမများ ဦးဆောင်ကာ ယနေ့နံနက်ပိုင်းက ပညာရည်နို့ သောက်စို့ရန် အထက (၁) မောင်တော ကျောင်းတော်ကြီးသို့ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာကျောင်းတက်နေကြကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# နယ်အရပ်ရပ်မှ ပေးပို့လှူဒါန်းသည့် စားသောက်ဖွယ်ရာနှင့် အသုံးအဆောင်ပစ္စည်းများအား ဒေသခံပြည်သူများထံပေးအပ်

**နေပြည်တော်  အောက်တိုဘာ  ၃၁**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ၊ နယ်မြေလုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များအတွက် အနယ်နယ်အရပ်ရပ်မှ စေတနာရှင်ပြည်သူများ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ ရောင်နီဦးနှင့် မိတ်ဆွေများက ပေးပို့လှူဒါန်းသည့် စားသောက်ဖွယ်ရာနှင့် အသုံးအဆောင်ပစ္စည်းများကို အောက်တိုဘာ ၂၈ ရက်က စစ်တွေမြို့မှတစ်ဆင့် ရေယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့ရာ အောက်တိုဘာ ၂၉ ရက် ညနေပိုင်းက ဘူးသီးတောင်မြို့သို့ ရောက်ရှိခဲ့ပြီး ၎င်းရောက်ရှိလာသည့် စားသောက်ဖွယ်ရာနှင့် အသုံးအဆောင်ပစ္စည်းများကို မောင်တောမြို့နယ်၊ သရက်အုပ်ကျေးရွာ၊ ရွက်ညိုတောင်ကျေးရွာ၊ ခြံပြင်ကျေးရွာ၊ စံပေပင်ရင်းကျေးရွာ၊ ကပ္ပကောင်းကျေးရွာ၊ ဆင်သေပြင်ကျေးရွာ၊ ဖားဝပ်ချောင်းကျေးရွာနှင့် တောင်ပြိုလက်ဝဲမြို့တို့ရှိ ဒေသခံပြည်သူများထံသို့ အောက်တိုဘာ ၃၀ ရက်တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်စိုးနှင့် တာဝန်ရှိသူများက သွားရောက်ပေးအပ်ကာ ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် တောင်ပြိုလက်ဝဲ ဝင်/ထွက်စခန်းရှိ နယ်စပ်ဒေသလုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များထံ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# မြန်မာနိုင်ငံ၏ ပြည်တွင်းဆန်ဈေးကွက်ကျဆင်းနေချိန်တွင် မြန်မာ့ဆန်စပါးကို ကင်ညာ ရသလောက်ဝယ်ယူမည်

**ရန်ကုန် အောက်တိုဘာ ၃၁**
မြန်မာနိုင်ငံ၏ အဓိက ဆန်စပါးဝယ်ယူသည့် နိုင်ငံဖြစ်သော တရုတ်နိုင်ငံတွင် တရားမဝင် နယ်စပ်ဖြတ်ကျော် မှောင်ခိုများကို နှိမ်နင်းနေသည့်အတွက် မြန်မာနိုင်ငံ၏ ပြည်တွင်း ဆန်ဈေးကွက်ဆက်လက်ကျဆင်းလာနေသည်ကို စိုးရိမ်နေသော လယ်သမားများနှင့် ကုန်သည်များက ဆန်ဈေးကွက်အာမခံချက်ရှိစေရေး အစိုးရအား တိုက်တွန်းပြောကြားမှုများ လုပ်ဆောင်လျက်ရှိနေချိန်တွင် မြန်မာ့ဆန်ကို ကင်ညာနိုင်ငံက ရသလောက် ဝယ်ယူမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဆန်အမျိုးအစားမရွေးသည့်အတွက် ပြည်တွင်းဆန်ထွက်ရှိမှု၏ ၈၀ ရာခိုင်နှုန်းကို အိမ်နီးချင်းနိုင်ငံဖြစ်သော တရုတ်နိုင်ငံသို့သာ အဓိကထားပြီး တင်ပို့ခဲ့သည်။ တခြားနိုင်ငံများအနေဖြင့် ထိုင်း၊ အိန္ဒိယ၊ ကမ္ဘောဒီးယား၊ ပါကစ္စတန်၊ ဗီယက်နမ်စသည့် နိုင်ငံများမှ တင်ပို့နေသော အရည်အသွေးကောင်းသည့် ဆန်များကို ယှဉ်ပြိုင်ဝယ်ယူနေသည့်အတွက် ယခုအခါတွင် မြန်မာ့ဆန်ဈေးကွက်မှာ အကျဘက်သို့ ဦးတည်နေကြောင်း သတင်းများတွင် ဖော်ပြသည်။

သို့သော်လည်း နှစ်ဖက်ကုန်သည်များအနေဖြင့် ဆန်စပါးဈေးနှုန်း၊ သယ်ယူပို့ဆောင်စရိတ်နှင့် ဝန်ဆောင်ခ စသည့်ကိစ္စများတွင် ညှိနှိုင်းစရာများရှိနေသည်ဟု သိရသည်။ ထိုသို့ ညှိနှိုင်းပြီးမှသာ အတိအကျပြောဆိုနိုင်မည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောကြားခဲ့သည်။

ဆန်စပါးဈေးကွက် အတက်ဘက်သို့ ဦးတည်နိုင်ရန်အတွက် ပြည်ပဈေးကွက်သစ် ရှာဖွေမှုများကို ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံအနေဖြင့် ဆန်စပါးတင်ပို့နေကျ နိုင်ငံများကိုလည်း တင်ပို့မှုလျော့နည်းခြင်းမရှိရလေအောင် ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထံမှ သိရသည်။

မြန်မာ့ဆန်စပါးထုတ်လုပ်မှု ကုန်ကျစရိတ်မြင့်မားခြင်း၊ အထွက်နှုန်းနည်းခြင်း၊ အလုပ်သမားစရိတ်မြင့်တက်ခြင်း စသည့်အချက်များကြောင့် ဖိလစ်ပိုင်နိုင်ငံ၏ ဆန်စပါးဝယ်ယူရန် ကမ်းလှမ်းချက်မှာ အဆင်မပြေဖြစ်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် တစ်နှစ်လျှင် ဆန်တန်ချိန် နှစ်သန်းမှ လေးသန်းလောက်အထိ တိုးမြှင့်ကာ လာမည့် ၂၀၂၀ ပြည့်နှစ်တွင် ဆန်စပါးကို နှစ်ဆတင်ပို့နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံခြား ဆန်စပါးရောင်းချမှုဈေးကွက် ရည်မှန်းချက်ပြည့်မီခဲ့ပါက မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာ ဆန်ဈေးကွက်တွင် အဓိကအရေးပါလာမည်ဖြစ်သည်။ ကမ္ဘာ့ဘဏ်အလိုရ မြန်မာနိုင်ငံအနေဖြင့် အဆိုပါရည်မှန်းချက်ကို ရောက်ရှိရန် အရေးကြီးသည့် လုပ်ဆောင်ချက်များကို ဆက်လက်လုပ်ဆောင်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ဆန်စပါးစက်ရုံများကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများရှိအောင် လုပ်ဆောင်ရန်နှင့် ကုန်ကျစရိတ်နှင့် တင်ပို့စရိတ် လျှော့ချနိုင်မည်ဆိုပါက မြန်မာတောင်သူ လယ်သမားများအနေဖြင့် ဆင်းရဲတွင်းမှ နိုးထလာမည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်က ဖော်ပြထားသည်။

**မောင်တင်**




## ရေလှိုင်းရိုက်ခတ်မှုကြောင့် ပျက်စီးနေသည့် ကျောက်ဆည်ကန်ပေါင် ပြန်လည်ပြုပြင်

**ပျော်ဘွယ် အောက်တိုဘာ ၃၁**
ပျော်ဘွယ်မြို့နယ်အတွင်း မိုးများရွာပြီး ရေစီးဝင်မှုကြောင့် ကျောက်ဆည်ကျေးရွာအုပ်စုနှင့် ရွှေညောင်ဖူးကျေးရွာ အုပ်စုအနီးရှိ ကျောက်ဆည်ကန်သည် ကန်ရေဝင်ရောက်မှု မြင့်တက်ခဲ့ပြီး ရေလှိုင်းရိုက်ပုတ်မှုဒဏ်ကြောင့် ကန်ပေါင် အလျားပေ ၂၀၀ ခန့်သည် ကျိုးပေါက်ခြင်းမရှိသော်လည်း ကျိုးပေါက်နိုင်သည့်အခြေအနေသို့ ရောက်ရှိခဲ့ရာ လူအင်အားသုံး၍ အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းက သဲအိတ်များဖြင့် ကာရံခြင်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကျောက်ဆည်ကန်သည် ရေလှိုင်း ရိုက်ပုတ်မှုကြောင့် ပျက်စီးသွားသည့် အလျားပေ ၂၀၀ ခန့်ရှိ ကန်ပေါင်အား ကျောက်ဆည်ကျေးရွာ၊ ပုတီးကုန်းကျေးရွာ၊ ရွှေညောင်ဖူးကျေးရွာ၊ ကျောက်ချပ်ကျေးရွာတို့မှ ပြည်သူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့မှ သန္ဓေနှင့် အရန်တပ်ဖွဲ့ဝင်များ၊ ဆည်မြောင်းဦးစီးဌာနမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များသည် ကုန်းသာကျေးရွာအုပ်စု၊ သဲပုတ်ကျေးရွာ အနီးမှ သဲများ သယ်ယူ၍ သဲအိတ်များဖြင့် မြေဖို့ကာရံခြင်း၊ သစ်၊ ဝါး၊ မျောတိုင်များဖြင့် တားဆီးကာရံခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ **မင်းမင်းထွေး(ပျော်ဘွယ်)**

# မြစ်သားမြို့ စမုံမြစ်ရေလျှံရာမှ ကျေးရွာအုပ်စုများအတွင်း ရေဝင်ရောက်၍ ဒေသခံများပြောင်းရွှေ့နေရ

**မြစ်သား အောက်တိုဘာ ၃၁**
မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် မိုးများ အဆက်မပြတ် ရွာလျက်ရှိသောကြောင့် စမုံမြစ်ရေလျှံရာမှ ကျေးရွာအုပ်စုများအတွင်း ရေဝင်ရောက်၍ ဒေသခံများပြောင်းရွှေ့နေရကြောင်း အောက်တိုဘာ ၃၁ ရက် နံနက် ၆ နာရီက အင်းရင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမြင့်ဆွေထံမှ သိရသည်။

"ကျွန်တော်တို့ အင်းရင်းရွာဆို ရေမရောက်တာ ဘုရားကုန်းနဲ့ လေးငါးအိမ်ပဲ ကျန်တော့တယ်၊ အင်းရင်းနဲ့ ဆင်ခြံကိုသွားတဲ့လမ်းက တံတားသုံးစင်းလုံးရေမြုပ်နေပြီး တံတားပေါ်မှာရေက သုံးလေးပေလောက် တက်နေတာ၊ ဆင်ခြံရွာဆိုလည်း ရေလွတ်တဲ့နေရာ ဘုန်းကြီးကျောင်း၊ ဆွေမျိုးတွေအိမ်ကို ပြောင်းရွှေ့နေရတယ်၊ ရေပြင်ကြီးဖြစ်နေတော့ ဘယ်လိုမှ သွားလို့မရဘူး။ လှေနဲ့သွားရင် အဆင်ပြေပေမယ့် ကျွန်တော်တို့ရွာမှာ လှေမရှိဘူး၊ အဲ့ဒီတော့ ရေပုံးတွေနဲ့ ကူးသွားနေရတယ်။ ကျောင်းတွေလည်း ပိတ်ထားပါတယ်" ဟု ဦးမြင့်ဆွေက ပြောသည်။

"စမုံမြစ်ရိုးနဲ့ ကျွန်တော်တို့ရွာချောင်းက ယှဉ်နေပါတယ်၊ ရွာချောင်းက နိမ့်နေတော့ စမုံမြစ်ရေလျှံလာရင် ရွာထဲကို အလုံးအရင်းနဲ့ကို ဝင်လာတာ၊ ရေဝင်တာများလေ ဖို့ထားတဲ့တာတွေကပြိုလေ ရေဝင်ကြမ်းလေဖြစ်နေပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။


စမုံမြစ်ရေလျှံရာမှ စမုံမြစ်ရိုးတစ်လျှောက် ကျေးရွာများဖြစ်သော လောင်းတော်ဦး၊ ပေါက်မြိုင်၊ နွားကူးလေး၊ တမာပင်၊ အေးစိမ့်၊ နွားဖြူငယ်၊ ကင်းစိန်ဈေး၊ အောင်သပြေတို့မှ အိမ်ထောင်စုပေါင်း ၅၀၀ ခန့်တွင်လည်း ရေများ နှစ်ပေမှ လေးပေအထိ ဝင်ရောက်လျက်ရှိကြောင်းနှင့် မြင်းခြံ-မန္တလေး လမ်းဟောင်းတွင်လည်း ညောင်ဂျစ်ကျေးရွာတံတားထိပ်အနီး၊ ပေါက်မြိုင်ကျေးရွာအနီး နှစ်နေရာတွင် နှစ်ပေစီခန့် လမ်းပေါ် ရေကျော်နေကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**



# မောင်တောမြို့နယ် ငါးခူရကျေးရွာ၌ ဈေးဆိုင်ခန်းတစ်ခန်းမှစတင်ပြီး မီးလောင်မှုဖြစ်ပွား

**နေပြည်တော် အောက်တိုဘာ ၃၁**
ရခိုင်ပြည်နယ် မောင်တောမြို့နယ် ငါးခူရကျေးရွာ၌ အောက်တိုဘာ ၃၀ ရက် ည ၈ နာရီခွဲခန့်က မသင်္ကာဖွယ်ရာ မီးရောင်တွေ့မြင်ရသဖြင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ နူရှုဒိန်(ဘ)ဒီမာမောက်၏ ဈေးဆိုင်ခန်း မီးလောင်နေသည်ကို တွေ့ရသည်။



မီးလောင်နေမှုအား အဆိုပါကျေးရွာ နေထိုင်ကြသူများက ငြှိမ်းသတ်ခြင်းမရှိသဖြင့် နယ်ခြားစောင့် တပ်ဖွဲ့ဝင်များက ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ခေါ်ယူပြီး ဝိုင်းဝန်းငြှိမ်းသတ်ရာ ည ၉ နာရီခွဲခန့်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် ခနိမိုးဝါးထရံကာ ဆိုင်ကယ်ပြင်ဆိုင် တစ်ဆိုင်၊ ဆိုင်ကယ်အပိုပစ္စည်းဆိုင် တစ်ဆိုင်၊ ပရိဘောဂပစ္စည်းဆိုင် တစ်ဆိုင်၊ ဆံသဆိုင်တစ်ဆိုင်နှင့် ဆိုင်ကယ်အလွတ်နှစ်ခန်း စုစုပေါင်း ဆိုင်ခန်းခြောက်ခန်း ပျက်စီးဆုံးရှုံးခဲ့ပြီး ကျေးရွာလုံခြုံမှုရရှိစေရေးအတွက် တပ်မတော်စစ်ကြောင်းများနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

**သတင်း-(မြဝတီ)၊ ဓာတ်ပုံ-မြတ်ဝေ**

## ယောချောင်းရေတိုက်စား၍ မင်းလယ်တောမြောင်းပျက်စီး

**ကျောက်ထု အောက်တိုဘာ ၃၁**
မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ကျောက်ထုမြို့ဒေသ၌ ယခုတစ်ပတ်အတွင်း မိုးသည်းထန်စွာ အဆက်မပြတ်ရွာခြင်းကြောင့် အောက်တိုဘာ ၃၀ ရက် ညပိုင်းက ချောင်းရေများမြင့်တက်လာကာ ယောချောင်းရေတိုက်စားပြီး လယ်ယာမြေများသို့ ရေသွယ်သည့် မင်းလယ်တောမြောင်းမှာ အရှည်ပေ ၃၅၀ ခန့် ပျက်စီးသွားခဲ့သည်။

အဆိုပါ မင်းလယ်တောမြောင်းမှာ အရှည် တစ်မိုင်ခွဲခန့်ရှိပြီး လယ်မြေဧက ၅၄၀ ကျော်ကို ရေပေးဝေလျက်ရှိသည့် မြောင်းဖြစ်ကြောင်း သိရသည်။

**ကျော်သန်းဆွေ**

## လေပြင်းတိုက်ခတ်ရာမှ သစ်ပင်လဲကျ

**ဒီးမော့ဆို အောက်တိုဘာ ၃၁**
ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် ငွေတောင်ကျေးရွာအုပ်စု ဒေါခလိုက်လင်းကျေးရွာအဝင်၌ အောက်တိုဘာ ၂၈ ရက် ည ၁၀ နာရီ ၁၅ မိနစ်က လေပြင်းတိုက်ခတ်မှုကြောင့် လွိုင်ကော်-ဒီးမော့ဆို ဆက်သွယ်ထားသော ပြည်ထောင်စုလမ်းမကြီးပေါ်သို့ ပေါက်ပင်လဲကျ ပိတ်ဆို့မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်သို့ မြို့နယ်မီးသတ်စခန်းတာဝန်ခံ ဒု-မီးသတ်ဦးစီးမှူး ဦးကြည်စိုးဟန်နှင့် တပ်ဖွဲ့ဝင်များက ယာဉ်သွားလာလွယ်ကူစေရန်အတွက် သွားရောက်ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**


# ဗင်နီဇွဲလား၌ အစိုးရနှင့် အတိုက်အခံအဖွဲ့တို့ နိုင်ငံရေးအကျပ်အတည်းဖြေရှင်းရေး ဆွေးနွေး



**ဘိုဂိုတာ အောက်တိုဘာ ၃၁**
အကျပ်အတည်းကာလနှင့် ဆိုးဆိုးရွားရွားရင်ဆိုင်နေရသည့် ဗင်နီဇွဲလားနိုင်ငံရေးနှင့်ပတ်သက်၍ ကြိုးစားဖြေရှင်းရန် ဗင်နီဇွဲလားအစိုးရနှင့် အတိုက်အခံအဖွဲ့အစည်းတို့သည် ယခုနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် တွေ့ဆုံဆွေးနွေးလျက်ရှိကြောင်း သိရသည်။

ဗာတီကန်ကိုယ်စားလှယ်နှင့် အခြားသော ကြားဝင်စေ့စပ်ညှိနှိုင်းရေး ကိုယ်စားလှယ်များ ကမကထပြုသည့် အဆိုပါဆွေးနွေးပွဲတွင် ဗင်နီဇွဲလားသမ္မတ နီကိုးလပ်စ်မဒူရို ပါဝင်ဆွေးနွေးလျက်ရှိကြောင်း သိရသည်။ ဆွေးနွေးပွဲအတွင်း အတိုက်အခံခေါင်းဆောင်များသည် သမ္မတမဒူရိုရာထူးမှ နုတ်ထွက်ခြင်းမထွက်ခြင်းနှင့်ပတ်သက်၍ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲပြုလုပ်ခြင်းကို ခွင့်ပြုပေးရန် တောင်းဆိုလျက်ရှိသည်။ အစိုးရဘက်မှခေါင်းဆောင်များက အတိုက်အခံအုပ်စုအနေဖြင့် အကြမ်းဖက်လုပ်ရပ်များကိုစွန့်လွှတ်ရန်နှင့် လက်ယာယိမ်းစီးပွားရေးမူဝါဒများကို ပယ်ဖျက်ရန် လိုလားလျက်ရှိသည်။ ကရာကတ်မြို့အနောက်ပိုင်းရှိ ပြတိုက်၌ ကျင်းပခဲ့သည့် အဆိုပါ ဆွေးနွေးပွဲတွင် မစ္စတာမဒူရိုသည် ဒီမိုကရက်တစ်ပေါင်းစည်းညီညွတ်ရေး မဟာမိတ်အဖွဲ့ခေါင်းဆောင် ဂျီးဆပ်စ် တိုရီဘာ အပါအဝင် အတိုက်အခံ ခေါင်းဆောင်ငါးဦးနှင့် လက်ဆွဲနှုတ်ဆက်ခဲ့သည်။ **(ဘီဘီစီ)**

# အစ္စရေးအပြည်ပြည်ဆိုင်ရာဆက်ဆံရေး အခြားနိုင်ငံများသို့ ပျံ့နှံ့ရောက်ရှိ



**စင်ကာပူ အောက်တိုဘာ ၃၁**
လာမည့် သုံးလအတွင်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု စင်ကာပူနိုင်ငံသို့ သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း ချန်နယ်နယူးစ် အေးရှ သတင်းတစ်ရပ်တွင် အောက်တိုဘာ ၃၁ ရက်က ဖော်ပြခဲ့သည်။

ဝန်ကြီးချုပ် နေတန်ယာဟုအနေဖြင့် အစိုးရအစည်းအဝေး၌ အောက်တိုဘာ ၃၀ ရက်က စင်ကာပူနှင့် အခြားသုံးနိုင်ငံဖြစ်သော ဩစတြေးလျ၊ ကာဇက်စတန်နှင့် အဇာဘိုင်ဂျန်ဒေသများသို့ သွားရောက်ရန် ၎င်း၏အစီအစဉ်ကိုပြောကြားခဲ့သည်ဟု အစ္စရေးသတင်းစာတွင် ဖော်ပြထားသည်။

လွန်ခဲ့သော ဧပြီလက စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းသည် ၎င်း၏တရားဝင်ခရီးအဖြစ် အစ္စရေးသို့သွားရောက်ခဲ့ပြီး မစ္စတာ နေတန်ယာဟုနှင့် တွေ့ဆုံခဲ့သည်။

ယင်းခရီးစဉ်သည် လီရှန်လွန်းအတွက် အစ္စရေးသို့သွားရောက်ခဲ့သည့် ပထမဆုံးခရီးစဉ်ဖြစ်သည်။

နေတန်ယာဟု စီစဉ်ထားသည့် ခရီးစဉ်သည် စင်ကာပူနိုင်ငံသို့ သွားရောက်မည့် အစ္စရေးဝန်ကြီးချုပ်၏ ပထမဆုံးခရီးစဉ် ဖြစ်လာမည်ဖြစ်သည်။ နေတန်ယာဟုသည် စင်ကာပူသို့ မည်သည့်နေ့တွင် သွားရောက်မည်ဖြစ်ကြောင်း အတိအကျထုတ်ဖော်ပြောဆိုမှုမရှိသေးချေ။

အစိုးရအစည်းအဝေးတွင် ဝန်ကြီးချုပ်နေတန်ယာဟုက ၎င်း၏ခရီးစဉ်နှင့် အခြားသံအဖွဲ့များ၏ ခရီးစဉ်များက အစ္စရေး၏ နိုင်ငံတကာဆက်ဆံမှုနယ်ပယ်တွင် မည်သည့်အတိုင်းအတာအထိ ဖြန့်ကြက်မှုရှိနိုင်သလဲဆိုသည်ကို ပြသခြင်းပင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အစ္စရေးအပြည်ပြည်ဆိုင်ရာဆက်ဆံရေးသည် ယခုအခါ အာရှ၊ အာဖရိက၊ လက်တင်အမေရိကနှင့် အခြားနိုင်ငံများသို့ ပျံ့နှံ့ရောက်ရှိနေပြီဖြစ်ကြောင်း၊ ထိုသို့ဖွံ့ဖြိုးလာခြင်းက အစ္စရေးနည်းပညာနှင့် စီးပွားရေးလက်တံကို ဖြန့်ကြက်ရာရောက်သကဲ့သို့ တစ်ဖက်တွင်လည်း လုံခြုံရေးနှင့်စုံစမ်းထောက်လှမ်းရေး ဆိုင်ရာ လုပ်ဆောင်ချက်များ တိုးတက်လာခြင်းပင်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

**(ချန်နယ်နယူးစ်အေးရှ)**

# အိန္ဒိယအကျဉ်းထောင်တွင် အကျဉ်းသားရှစ်ဦးက အစောင့်များကို သတ်ဖြတ်ကာထွက်ပြေးလွတ်မြောက်

**နယူးဒေလီ အောက်တိုဘာ ၃၁**
အိန္ဒိယနိုင်ငံ အလယ်ပိုင်း ဘိုပယ်မြို့ရှိ အကျဉ်းထောင်တစ်ခုတွင် အကျဉ်းသားရှစ်ဦးတို့သည် အစောင့်များကို သတ်ဖြတ်ပြီးနောက် အိပ်ရာခင်းများကို အသုံးပြု၍ နံရံကိုတွယ်တက်ကာ အကျဉ်းထောင်မှ ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

အစ္စလာမ္မစ်အဖွဲ့တစ်ဖွဲ့မှ နိုင်ငံရေးတက်ကြွလှုပ်ရှားသူအကျဉ်းသား တစ်ဦးသည် အကျဉ်းထောင်စောင့်၏ လည်ကိုလှီးဖြတ်ခဲ့ကြောင်း ရဲများက ပြောကြားခဲ့သည်။

ရဲများသည် ထွက်ပြေးလွတ်မြောက်သွားသူများကိုပြန်လည်ရှာဖွေဖမ်းဆီးနိုင်ရန် စစ်ဆင်ရေးဆင်နွှဲလျက်ရှိသည်။ ပြီးခဲ့သည့်နှစ်ကလည်း အိန္ဒိယနိုင်ငံ နယူးဒေလီရှိ အဆင့်မြင့်လုံခြုံရေးစနစ်ရှိသည့် တီဟာအကျဉ်းထောင်တွင် မြေအောက် ဥမင်လိုဏ်ခေါင်းဖောက်ကာ အကျဉ်းသားနှစ်ဦးထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

မဒ္ဒရာပရာဒက်ရှ်ပြည်နယ် ဘိုပယ်ဒေသအတွင်းရှိအကျဉ်းထောင်မှအကျဉ်းသားရှစ်ဦး တနင်္လာနေ့အစောပိုင်းတွင် အကျဉ်းထောင်မှ ထွက်ပြေးလွတ်မြောက်သွားခဲ့ကြောင်း အကြီးတန်းရဲအရာရှိ ဘိုပယ်ဆင်းက ပီတီအိုင်သတင်းဌာနသို့ပြောကြားခဲ့သည်။

ထွက်ပြေးသွားသူများသည် အိန္ဒိယရှိ တားမြစ်ပိတ်ပင်ခြင်းခံထားရသည့် အစ္စလာမ္မစ်ကျောင်းသားများလှုပ်ရှားမှုအဖွဲ့မှဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။ အဆိုပါအဖွဲ့သည် ယခင်ကဗုံးခွဲတိုက်ခိုက်မှုများစွာတို့တွင် ပါဝင်ပတ်သက်ခဲ့ဖူးသည်။

**(ဘီဘီစီ)**

# တူရကီရဲအဖွဲ့က အတိုက်အခံ Cumhuriyet သတင်းစာအယ်ဒီတာချုပ်အား ထိန်းသိမ်းဖမ်းဆီးထား

**အန်ကာရာ အောက်တိုဘာ ၃၁**
တူရကီရဲများသည် အစိုးရအတိုက်အခံ ကမ်ဟူရီရက်သတင်းစာ အယ်ဒီတာချုပ်အား တနင်္လာနေ့တွင် ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်းနှင့် သတင်းစာထုတ်ဝေမှုတွင် တာဝန်ရှိသူများနှင့် သတင်းစာတွင်ပါဝင်ရေးသားသူများ၏ နေအိမ်များကိုရှာဖွေစစ်ဆေးမှုများလုပ်ဆောင်ခဲ့ကြောင်း တူရကီရှိ CNN ရုပ်မြင်သံကြားဌာနနှင့် မီဒီယာအချို့က ဖော်ပြခဲ့သည်။

အဆိုပါသတင်းစာ၏ ဥက္ကဋ္ဌဖြစ်သူ မူရတ်ဆာဗန်ကူအပါအဝင် စာရေးဆရာများနှင့်တာဝန်ရှိသူ စုစုပေါင်း၁၃ဦးကို ဖမ်းဆီးချုပ်နှောင်ခွင့် ဝရမ်းထုတ်ပြန်ချက်ရရှိခဲ့ကြောင်း CNN Turk တွင်ဖော်ပြခဲ့သည်။အဆိုပါသတင်းစာမှ စာရေးဆရာတစ်ဦးကို မြို့တော် အန်ကာရာတွင် ထိန်းသိမ်းဖမ်းဆီးထားကြောင်း သိရသည်။

ဇူလိုင်လအတွင်းက တူရကီအာဏာသိမ်းကြိုးပမ်းမှုကို ကြံစည်ခဲ့သည်ဟု စွပ်စွဲခံထားရသည့် အမေရိကန်၌ အခြေစိုက်နေထိုင်သူ ဖက်တူလာဂူလန်နှင့် ဆက်နွယ်သူများကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း အစိုးရထောက်ခံသည့် ရီနီဆာဖတ်သတင်းစာက၎င်း၏ ဝက်ဘ်ဆိုက်တွင် ရေးသားဖော်ပြခဲ့သည်။

ကမ်ဟူရီရက်သတင်းစာ၏ ယခင်အယ်ဒီတာချုပ်ဟောင်းဖြစ်သူ ကန်ဒန်ဟာသည် တူရကီ၏ ဆီးရီးယားစစ်ဆင်ရေးကိစ္စရပ်များအပါအဝင် နိုင်ငံတော်လျှို့ဝှက်ချက်များကိုထုတ်ဖော်ရေးသားခဲ့သည့်အတွက် ထောင်ဒဏ်ခြောက်နှစ် ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည်။

**(ရိုက်တာ)**

# မြောက်ကိုရီးယားခေါင်းဆောင်၏ဇနီး ပြည်သူ့မြင်ကွင်းသို့ ပြန်ပေါ်လာ

**ဆိုးလ် အောက်တိုဘာ ၃၁**
မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း၏ဇနီးသည် အများပြည်သူမြင်ကွင်းမှ ခုနစ်လခန့်ပျောက်ကွယ်သွားပြီးနောက် တစ်ဖန်ပြန်ပေါ်လာရာ ကိုယ်ဝန်ရှိနေခြင်းလား သို့မဟုတ် သဘောထားကွဲလွဲမှုများတစ်ခုခုဖြစ်နေသလားဟု ခန့်မှန်းနေကြကြောင်းသည် အင်ဒီပင်းန်ဒင့်န်သတင်းတစ်ရပ်တွင် ဖော်ပြသည်။

၂၀၁၂ ခုနှစ်တွင် နိုင်ငံ၏ကတော်အဖြစ် စတင်သတ်မှတ်ခံခဲ့ရသော မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်း၏ဇနီး ရီဆိုဂျူးသည် အာဏာရရှိရေးနှင့်ပတ်သက်ပြီး စိတ်အားထက်သန်နေသည့် ကင်ဂျုံအန်း၏အငယ်ဆုံးညီမ ကင်ရိုဂျန်နှင့် သဘောထားကွဲလွဲမှုဖြစ်ပေါ်နိုင်သည်ဟု ကျွမ်းကျင်သူများကအခြေအနေကိုစောင့်ကြည့်၍ပြောဆိုခဲ့သည်။

ကင်ဂျုံအန်း၏အငယ်ဆုံးညီမ ကင်ရိုဂျန်သည် လွန်ခဲ့သောနှစ်က မြောက်ကိုရီးယားဝါဒဖြန့်ချိရေးနှင့် လှုံ့ဆော်ရေးဌာနကို တာဝန်ယူခဲ့ပြီး ၎င်းအစ်ကို၏ ကိုယ်ရည်ကိုယ်သွေးများကို တည်ဆောက်နေသူဖြစ်သည်။

မြောက်ကိုရီးယားခေါင်းဆောင်၏ဇနီးဖြစ်သူ ရီကို ပြုံယမ်း၏ စီးပွားရေးဒေသနှင့် ကျန်းမာရေးအဆောက်အအုံတွင် မတ်လ ၂၈ ရက်က နောက်ဆုံးတွေ့လိုက်ရခြင်းဖြစ်ကြောင်း တောင်ကိုရီးယား ယွန်ဟတ်သတင်းအေဂျင်စီကဖော်ပြခဲ့သည်။

ကင်ဂျုံအန်းသည် မကြာခဏဆိုသလို နိုင်ငံအနှံ့ ခရီးစဉ်များသွားရောက်ခဲ့သည်။ နိုင်ငံ၏ပထမဆုံးအကြိမ် ပါတီကွန်ဂရက်ကို ၃၆နှစ်ကြာပြီးမှ ယခုနှစ်မေလတွင် ပြုလုပ်ခဲ့သည်။

ရီသည်ပြည်သူ့မြင်ကွင်းမှပျောက်ကွယ်ခြင်းနှင့်ပတ်သက်ပြီးဖြစ်နိုင်သော အကြောင်းပြချက်အများအပြားရှိနိုင်ကြောင်း၊ ၎င်းတွင် ကိုယ်ဝန်ရရှိခြင်းကြောင့်လည်းဖြစ်နိုင်သလို သဘောထားကွဲလွဲမှုကြောင့်လည်းဖြစ်နိုင်ကြောင်း တိုကျိုဝါဆေးဒါ တက္ကသိုလ် ပါမောက္ခ တိုရှိမစ်တ်ဆု ရှီဂီမူရာက ပြောကြားခဲ့သည်။

**(သည်အင်ဒီပင်းန်ဒင့်န်)**



# ဗြိတိန်က ဥရောပအရှေ့ပိုင်းမှာ ဘာကြောင့် စစ်ရေးဆိုင်ရာ ဖြန့်ကြက်မှုတွေဆောင်ရွက်နေတာလဲ

**တင်လင်းအောင်**

စစ်အေးကာလကတည်းက ဥရောပအရှေ့ပိုင်းဒေသမှာရှိတဲ့ နေတိုးတပ်ဖွဲ့ရဲ့ ကြီးမားတဲ့ အင်အားကို တည်ဆောက်တဲ့ အစိတ်အပိုင်းတစ်ခုအဖြစ် ဗြိတိန်ဟာ တပ်ဖွဲ့ဝင်ရာပေါင်းများစွာ၊ လေယာဉ်နဲ့ သံချပ်ကာယာဉ်တွေကို အဲဒီဒေသမှာ ဖြန့်ကြက်လျက်ရှိပါတယ်။ ဂုဏ်သိက္ခာကြီးမားတဲ့ ရုရှားရဲ့စစ်ရေးလှုပ်ရှားမှုတွေနဲ့ပတ်သက်ပြီး တင်းမာမှုတွေမြင့်တက်လာချိန်မှာ ဗြိတိန်အနေနဲ့ ထိုကဲ့သို့ ဖြန့်ကြက်မှုတွေကို ပြုလုပ်လိုက်ခြင်းပဲဖြစ်ပါတယ်။

ဗြိတိန်တော်ဝင်လေတပ်မှ တိုင်ဖွန်းလေယာဉ်တွေကို ရိုမေးနီးယားသို့ လေးလ လောက်အထိစေလွှတ်မှာဖြစ်တဲ့အပြင် သံချပ်ကာယာဉ်အကူအညီပါတပ်ဖွဲ့ဝင် ၈၀၀ လောက်ကို အက်စတိုးနီးယားသို့စေလွှတ်မှာဖြစ်ပါတယ်။ ယင်းပမာဏဟာ ယခင် အစီအစဉ်ဆွဲခဲ့တဲ့ ပမာဏထက် တပ်ဖွဲ့ဝင် ၁၅၀ ပိုများတယ်လို့ ကာကွယ်ရေးဝန်ကြီး ဌာနက ပြောခဲ့ပါတယ်။ ပြင်သစ်နဲ့ ဒိန်းမတ်နိုင်ငံတွေဟာ ဒီထက်ပိုပြီး တပ်ဖွဲ့ဝင်တွေဖြန့်ကြက်မှာဖြစ်တယ်လို့ ဗြိတိသျှအစိုးရက ပြောပါတယ်။

ဆီးရီးယားတိုက်ခိုက်ရေးမှာ ပါဝင်မယ်လို့ယူဆရတဲ့ ရုရှားရေတပ်သင်္ဘောစုဟာ ဥရောပရဲ့အနောက်ဘက် ကမ်းရိုးတန်းကမ်းလွန်မှာရှိတဲ့ ကျွန်းပေါင်း ၆၀၀ ကျော် ပါဝင်တဲ့ ကျွန်းအစုအဝေးဖြစ်တဲ့ ဗြိတိသျှကျွန်းတွေကို နီးကပ်စွာဖြတ်သန်းသွားပြီးတဲ့နောက် အခုလိုကြေညာချက်ထွက်ပေါ်လာခြင်းဖြစ်ပါတယ်။ နေတိုးဟာ စပိန်ကို ခွင့်မပြုဖို့ ဖိအားပေးခဲ့တဲ့အတွက် အောက်တိုဘာ ၂၆ ရက်က ရုရှားဟာ စပိန်ပိုင်နယ်နိမိတ်မှာ ၎င်းရဲ့သင်္ဘောတွေကို လောင်စာဆီဖြည့်ဖို့ တောင်းဆိုမှုကို ရုပ်သိမ်းခဲ့ပါတယ်။

၂၀၁၄ခုနှစ်မှာ ရုရှားဟာ ခရိုင်းမီးယားကို တိုက်ခိုက်သိမ်းယူခဲ့တဲ့အချိန်ကစပြီး နေတိုးနဲ့ ရုရှားကြား တင်းမာမှုတွေမြင့်တက်လာခဲ့ပါတယ်။ ရုရှားဟာခရိုင်းမီးယားကို အဲလိုသိမ်းယူလိုက်တဲ့အတွက်ကြောင့် ယူကရိန်းမှာ ပြည်တွင်းစစ်ဖြစ်ခဲ့ရပါတယ်။

အက်စတိုးနီးယားမှာ ဗြိတိသျှတပ်ဖွဲ့တွေကိုတပ်ဖြန့်ခြင်းကြောင့် နေတိုးအဖွဲ့ရဲ့ကတိပြု ချက်အတိုင်း စုစုပေါင်း တပ်ဖွဲ့ဝင်အင်အား ၄၀၀၀လောက်ရှိတဲ့ တပ်ရင်းလေးရင်းကို ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ ဇူလိုင်လကဝါဆောမှာ ပြုလုပ်ခဲ့တဲ့ နေတိုးအစည်းအဝေးမှာ ဒေးဗစ်ကင်မရွန်းက ဗြိတိန်နိုင်ငံအနေနဲ့ အက်စတိုးနီးယားကို တပ်ဖွဲ့ဝင် ၆၅၀ စေလွှတ်ခဲ့ပါတယ်၊ ဒါ့အပြင် နောက်ထပ်တပ်ဖွဲ့ဝင်အင်အား ၁၅၀ ကို ထပ်မံဖြည့်စွက်စေလွှတ်ခဲ့ပါတယ်၊ တပ်ဖြန့်ခြင်းနဲ့ပတ်သက်ပြီး အောက်တိုဘာ ၂၆ ရက်တွင် ကာကွယ်ရေးဝန်ကြီးဌာနက အသေးစိတ်ဖော်ပြမှုပြုလုပ်ခဲ့ရာမှာတော့ တပ်ဖြန့်ခြင်းမှာ တိုင်ဖွန်းလေယာဉ်များ အပါအဝင် ဒရုန်းတပ်ဆွယ်များနဲ့ သံချပ်ကာကားများလည်း ပါဝင်ခဲ့တယ်လို့ဆိုပါတယ်။

ဗြိတိန်ကာကွယ်ရေးဝန်ကြီး မိုက်ကယ်ဖယ်လွန်က ပထမဆုံးတပ်ဖြန့်မှုကို နောက်နှစ်မေလမှာ စတင်နိုင်မယ်လို့ခန့်မှန်းကြောင်း ပြောဆိုခဲ့ပါတယ်။ ဘရပ်ဆဲလ် နေတိုးကာကွယ်ရေးဝန်ကြီးများအစည်းအဝေးပြီးနောက် မိုက်ကယ်ဖယ်လွန်က



**ဗြိတိန်ကာကွယ်ရေးဝန်ကြီး မိုက်ကယ်ဖယ်လွန်က ပထမဆုံးတပ်ဖြန့်မှုကို နောက်နှစ်မေလမှာ စတင်နိုင်မယ်လို့ခန့်မှန်းကြောင်း ပြောဆိုခဲ့ပါတယ်။ ဘရပ်ဆဲလ် နေတိုးကာကွယ်ရေး ဝန်ကြီးများအစည်းအဝေးပြီးနောက် မိုက်ကယ်ဖယ်လွန်က ကာကွယ်ရေး ဘတ်ဂျက်နဲ့ပြုလုပ်ခဲ့တဲ့ မြေပြင်၊ ဝေဟင်၊ ရေပြင်တပ်ဖြန့်မှုကို ကြည့်ရင် ဗြိတိန်အနေနဲ့ နေတိုးရဲ့အဓိကကျတဲ့ အခန်းကဏ္ဍက ဆက်လက်ပါဝင်နေတယ်ဆိုတာကို တွေ့ရမှာဖြစ်ပါတယ် . . .**



ကာကွယ်ရေး ဘတ်ဂျက်နဲ့ပြုလုပ်ခဲ့တဲ့ မြေပြင်၊ ဝေဟင်၊ ရေပြင်တပ်ဖြန့်မှုကို ကြည့်ရင် ဗြိတိန်အနေနဲ့ နေတိုးရဲ့ အဓိကကျတဲ့ အခန်းကဏ္ဍက ဆက်လက်ပါဝင်နေတယ်ဆိုတာကို တွေ့ရမှာဖြစ်ပါတယ်။ မဟာမိတ်တွေရဲ့ မြောက်ဘက်ဒေသမှ တောင်ဘက်ဒေသအထိ ကာကွယ်ရေးနဲ့လုံခြုံရေးဆိုင်ရာတွေမှာ ပူးပေါင်းလုပ်ဆောင်သွားမှာဖြစ်ပါတယ်လို့ ၎င်းက ဆက်လက်ပြောကြားခဲ့ပါတယ်။

ပင်လယ်နက်ဒေသမှာရှိတဲ့ မဟာမိတ်တွေရဲ့ စိုးရိမ်စိတ်တွေကို ဖြေဖျောက်ပေးဖို့ ဘောလ်တစ်ဝေဟင် လုံခြုံရေးစစ်ဆင်မှုမှာ ပူးပေါင်းရန်အတွက် ဗြိတိန်တော်ဝင်တပ်ဖွဲ့ဟာ တိုင်ဖွန်းလေယာဉ်တွေကိုစေလွှတ်ခဲ့တယ်လို့ ကာကွယ်ရေးဝန်ကြီးဌာနက ပြောခဲ့ပါတယ်။ အခုလို ရိုမေးနီးယား ဝေဟင်မှာ လုံခြုံရေးဆောင်ရွက်ရန်အတွက် ဗြိတိန်တော်ဝင်လေတပ် တိုင်ဖွန်းလေယာဉ်တွေကို အသုံးပြုခြင်းဟာ ပထမဆုံးဖြစ်ပါတယ်။

အခုလိုလှုပ်ရှားမှုတွေကတော့ နေတိုးအဖွဲ့ဝင် အားလုံးအတွက် စုပေါင်းကာကွယ်ရေးတပ်ဖွဲ့ဖွဲ့မယ်ဆိုတဲ့ နေတိုးရဲ့ ကတိကဝတ်တွေပဲဖြစ်ပါတယ်။ ဒါ့အပြင် အမေရိကန်နှင့် ကနေဒါဟာလည်း ဥရောပအရှေ့ပိုင်းဒေသတွေကို တပ်ဖွဲ့ဝင်တွေစေလွှတ်ဖို့ စီစဉ်နေပါတယ်။ အမေရိကန်ဟာ ပိုလန်မှာ တပ်ဖွဲ့ဝင် ၉၀၀လောက်ကို ဖြန့်ကြက်မယ်ဆိုပြီး အမေရိကန်သမ္မတအိုဘားမားက ဒီနှစ်အစောပိုင်းမှာပြောခဲ့ပါတယ်။ ဒါ့အပြင် အမေရိကန်ဟာ ဥရောပအရှေ့ပိုင်းဒေသမှာလည်း သံချပ်ကာကားတွေကို ဖြန့်ကြက်ထားရုံတင်သာမကသေးဘဲ နော်ဝေကို ပထမဆုံးအကြိမ် တပ်ဖွဲ့ဝင်တွေ စေလွှတ်ဖို့ လုပ်ဆောင်နေပါတယ်။

ကနေဒါနဲ့ အီတလီနိုင်ငံတို့ဟာလည်း လတ်ဗီးယားကို တပ်ဖွဲ့ဝင်တွေ စေလွှတ်မယ်လို့ ဖော်ပြခဲ့သလို ဂျာမန်တပ်ဖွဲ့ဝင်ရာကျော်ဟာလည်း လစ်သူရေးနီးယားကို ရွှေ့ပြောင်းမယ်လို့ဆိုပါတယ်။ ဘယ်လ်ဂျီယံ၊ ခရိုအေးရှား၊ လူဇင်ဘတ်နိုင်ငံတွေဟာလည်း တပ်ဖွဲ့ဝင်တွေကို ပေးပို့ပေးမယ်လို့ဆိုပါတယ်။

နေတိုးဟာ ရုရှားနှင့် ထိပ်တိုက်ရင်မဆိုင်ပါဘူး။ စစ်အေးတိုက်ပွဲတွေကိုဆက် မလိုချင်တော့သလို လက်နက်အပြိုင်အဆိုင်တပ်ဆင်မှုတွေလည်း မလိုချင်တော့ပါဘူးလို့ နေတိုး စုပေါင်းမဟာမိတ်တပ်ဖွဲ့အကြီးအကဲ ဂျန်စတိုတန်ဘာ့ဂ်က ဆိုပါတယ်။ တပ်ရင်းတပ်ဖွဲ့လေးခုဖြန့်ကြက်ဖို့အရေး နေတိုးမဟာမိတ်နိုင်ငံတွေဟာ စိတ်အားထက်သန်နေကြတယ်လို့ ၎င်းကသတင်းထောက်များကို ပြောကြားခဲ့ပါတယ်။

နေတိုးမဟာမိတ်နိုင်ငံတွေဟာ တပ်ဖွဲ့တွေဖြန့်ကြက်ဖို့ ခိုင်မာတဲ့ဆုံးဖြတ်ချက်ချပြီး စိတ်အားထက်သန်နေခြင်းဟာ နေတိုးအဖွဲ့ကြီးအတွက် တစ်သွေးတည်း တစ်သားတည်း တစ်စည်းတစ်လုံးတည်းရှိနေတယ်ဆိုတာကို ပြသခြင်းပဲဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့ပါတယ်။ နေတိုးမဟာမိတ်အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံကို ရန်သူသဖွယ် ပြုခြင်းဟာ နေတိုးအဖွဲ့ကြီးကို ရန်သူသဖွယ်ပြုခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့ပါတယ်။ ဗြိတိန်ဟာ တိုင်ဖွန်းလေယာဉ်တွေကို ရိုမေးနီးယား မီဟေးလ်ကိုဂလာနီ ဆီယူနူ လေတပ်အခြေစိုက်စခန်းမှာ လာမယ့် ၂၀၁၇ ခုနှစ် လေးလပိုင်းလောက်အထိ ဖြန့်ကြက်မှာ ဖြစ်တယ်လို့ သိရပါတယ်။

Ref: The Guardian

(27-10-2016)

## မိုဆူးလ်ထိုးစစ်အတွင်း အိုင်အက်စ်အကြမ်းဖက်အဖွဲ့ ကလေးစစ်သား ၃၀၀ ကျော်သေဆုံး

**မိုဆူးလ် အောက်တိုဘာ ၃၁**

အီရတ်တပ်ဖွဲ့ဝင်များနှင့် ၎င်း၏မဟာမိတ်တပ်ဖွဲ့များ လတ်တလောတွင် အကြမ်းဖက်နယ်မြေအဖြစ် သိမ်းပိုက်ထားသည့် အီရတ်မြောက်ပိုင်း မိုဆူးလ်မြို့ကို ပြန်လည်သိမ်းပိုက်နိုင်ရေး ထိုးစစ်ဆင်နွှဲမှုပြုလုပ်ချိန်မှစပြီး အိုင်အက်စ်အကြမ်းဖက်အဖွဲ့မှ ကလေးစစ်သား ၃၀၀ ကျော်သေဆုံးခဲ့ကြောင်း သည်အင်ဒီပင်းန်ဒင့်န်သတင်းတစ်ရပ်တွင် အောက်တိုဘာ ၃၁ ရက်ကဖော်ပြခဲ့သည်။

မိုဆူးလ်ထိုးစစ်အတွင်းကျဆုံးခဲ့သော အိုင်အက်စ်အကြမ်းဖက်အဖွဲ့ဝင် ၄၀ ၏ ရုပ်အလောင်းများကို အယ်လ်ရက်ကွာသို့ ၂၄ နာရီအတွင်း သယ်ဆောင်ခဲ့ကြောင်း ဗြိတိန်အခြေစိုက် ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့က ပြောခဲ့သည်။

ရက်ကွာသို့ ပြန်လည်သယ်ဆောင်ခဲ့သည့် ရုပ်အလောင်းများမှာ အများအားဖြင့် Caliphate Cubs ဟုခေါ်သော ကလေးတိုက်ခိုက်ရေးသမားများ၏ရုပ်အလောင်းများဖြစ်ကြောင်း စောင့်ကြည့်အဖွဲ့များက ပြောခဲ့သည်။

မိုဆူးလ်ထိုးစစ်စတင်ချိန်မှစပြီး အနည်းဆုံး အိုင်အက်စ်အကြမ်းဖက်တိုက်ခိုက်ရေးသမား ၄၈၀ ကျော် သေဆုံးခဲ့သည်ဟု ဗြိတိန်အခြေစိုက်လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့က ပြောခဲ့သည်။

လွန်ခဲ့သော ရက်သတ္တပတ်တစ်ခုတည်းတွင် အိုင်အက်စ်အကြမ်းဖက်သမားများက အနည်းဆုံး အရပ်သား ၂၃၂ ဦးကို သတ်ဖြတ်ခဲ့ကြောင်း ကုလသမဂ္ဂကပြောခဲ့သည်။ ၂၃၂ ဦးလုံးမှာ အသေပစ်သတ်ခြင်းခံရသူများဖြစ်ကြောင်း ကုလသမဂ္ဂအခွင့်အရေးရုံး ပြောရေးဆိုခွင့်ရှိသူ ရာဗီနာရှန်ဒက်ဆနီက သတင်းထောက်များကို ပြောခဲ့သည်။

**(သည်အင်ဒီပင်းန်ဒင့်န်)**

**အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အီရတ်အစိုးရထောက်ခံတပ်ဖွဲ့များ မိုဆူးလ်တောင်ဘက် အယ်လ်ရှူရာဒေသရှိ အိုင်အက်စ်စစ်သွေးကြွများရှင်းလင်းမှုတွင် ပါဝင်နေသည်ကို တွေ့ရစဉ်**



# မူခင်းကြိုတင်ကာကွယ်ရေးအတွက် မူခင်းပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေး



**ရန်ကုန် အောက်တိုဘာ ၃၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မှုခင်းဖြစ်ပွားမှု လျော့နည်းကျဆင်းရေးအတွက် မှုခင်းကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူများ မှုခင်းအသိပညာ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့် အသိပညာပေးလုပ်ငန်းများကို မြို့ပေါ်သာမကဘဲ ကျေးလက်ဒေသပါမကျန် UD Counter ၁၀ ဘီး မော်တော်ယာဉ်ဖြင့် သွားရောက်ပြီး အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မှုခင်းပညာပေးပြခန်းယာဉ်မှာ ရဲတပ်ဖွဲ့က ဆောင်ရွက်နေသည့် ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစနစ်ကိုသိရှိစေရန်၊ ပြည်သူများ ပြစ်မှုကျူးလွန်ခြင်းမခံရစေရန်၊ လူကုန်ကူးမှုအန္တရာယ်၊ မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်တားဆီးရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်းလမ်းစည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်နိုင်စေရန် အသိပညာပေးခြင်းဖြစ်သည့်အပြင် ကမ္ဘာလှည့်ခရီးသွား နိုင်ငံခြားသားများ၏ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကိုပါ ဗဟုသုတရရှိစေရန် ရည်ရွယ်ပြီး ပညာပေးခြင်းလုပ်ငန်းကို နေရာအနှံ့ လိုက်လံပြသဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ယင်းသို့ အသိပညာပေးလုပ်ငန်းကို စက်တင်ဘာ ၁ ရက်မှစ၍ ဆောင်ရွက်ခဲ့ရာ ယနေ့အထိ မြို့နယ်ပေါင်း ၃၄ မြို့နယ်၌ ပြည်သူ ၂၀၁၅၀ ခန့်၊ ဆရာဆရာမ၊ ကျောင်းသား ကျောင်းသူ ၄၅၉၃၄ ဦးခန့်၊ တပ်မတော်သားနှင့် မိသားစု ၃၄၀ ခန့်တို့ လေ့လာခဲ့ကြပြီး လာရောက်လေ့လာသူများ မှုခင်းအသိပညာရရှိစေရေးအတွက် ကဏ္ဍအလိုက် သက်ဆိုင်ရာရဲတပ်ဖွဲ့ဝင်များက ရှင်းလင်းဆွေးနွေးခဲ့သည့်အပြင် ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် အများပြည်သူတို့ သိရှိလိုသည့် မှုခင်းကိစ္စများအသိပညာပေးခြင်းအပြင် ဝန်ဆောင်မှုလုပ်ငန်းများကိုပါ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

❄ *ကျောဖုံးမှ*

လျှော့ချလိုက်ပြီး ကုန်ပစ္စည်းတင်သွင်းသူတွေအနေနဲ့ B/Lမူရင်းနဲ့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကိုယ်စားလှယ် လုပ်ငန်းဌာနမှာ တိုက်ရိုက် D/O ထုတ်ယူနိုင်အောင် ဆောင်ရွက်ရခြင်းဖြစ်ပါတယ်''ဟု ရှင်းပြသည်။

အဆိုပါသင်္ဘောကိုယ်စားလှယ်များ၊ ကုန်သေတ္တာပိုင်ရှင်များထံ ကုန်ပစ္စည်းတင်သွင်းသူများက B/L ပြပြီး R/O တောင်းခံရသည့်အတွက် B/L တစ်စောင်ကို ငွေကျပ် ခုနစ်သောင်းခွဲပေးဆောင်နေရကြောင်း၊ ယင်းသင်္ဘောနှင့် ကုန်သေတ္တာပိုင်ရှင်ကိုယ်စားလှယ်များအနေဖြင့် ရွှေပြည်သာ၊ လှိုင်သာယာ စသောမြို့နယ်များ၌ နေထိုင်ကြသူများဖြစ်၍ ၎င်းတို့ထံ သွားရောက်ရသည့် အချိန်ကြန့်ကြာမှုနှင့် မလိုလားအပ်ဘဲ ငွေကြေးပေးဆောင်နေရသည့်အတွက် R/O အဆင့်ကို လျှော့ချပြီး D/O ထုတ်ပေးခြင်းကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က တိုက်ရိုက်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်း R/O အဆင့်ကို လျှော့ချလိုက်သဖြင့် နိုင်ငံနှင့်ပြည်သူများအတွက် အကျိုးမရှိဘဲ ဆုံးရှုံးသွားသည့် တစ်လလျှင် အမေရိကန်ဒေါ်လာ တစ်သန်း(မြန်မာငွေကျပ် သိန်းတစ်သောင်း)ခန့် ကာမိစေမည်ဖြစ်ကြောင်း ဦးနီအောင်က ရှင်းပြသည်။

မြန်မာ့ဆိပ်ကမ်းအနေဖြင့် အဆိုပါ R/Oအဆင့် လျှော့ချခြင်းကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာ(၂၆/၂၀၁၆)အရ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ သို့သော်လည်း ရန်ကုန်ဆိပ်ကမ်းသို့ဝင်ရောက်သည့် ကုန်သေတ္တာတင် သင်္ဘောလိုင်း ၃၁ လိုင်းရှိပြီးယနေ့အထိ ပြေးဆွဲခွင့်ပြုထားသည့် သင်္ဘောစင်းရေ ၆၉ စင်းရှိပြီး ပြေးဆွဲစင်းရေ ၅၀ ရှိကာ ၁၉ စင်း ရပ်နားထားကြောင်း၊ ယင်းကြေညာချက်ကို အဓိက သင်္ဘောလိုင်းကြီးသုံးခုက လိုက်နာဆောင်ရွက်ခြင်းမရှိကြောင်း၊ ကုန်ပစ္စည်းတင်သွင်းသူများထံမှ R/O အစား အခြားသောဝန်ဆောင်ခအမျိုးမျိုး ခေါင်းစဉ်တပ်ပြီး ကောက်ခံနေဆဲဖြစ်ကြောင်း၊ လုပ်ငန်းကြန့်ကြာအောင်အမျိုးမျိုး ပြုလုပ်လာကြောင်း၊ ယင်းအတွက်မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

# ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ ယခုနှစ် ဇန်နဝါရီမှ အောက်တိုဘာအထိ ယာဉ်မတော်တဆမှု ၆၃၃ မှု ဖြစ်ပွားခဲ့၊ သေဆုံးသူ ၁၃၄ ဦး၊ ဒဏ်ရာရသူ ၁၀၇၄ဦးရှိ

**နေပြည်တော် အောက်တိုဘာ ၃၁**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ ယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်ရေးအတွက် သတ်မှတ်အမြန်နှုန်းထက်ပိုမိုမောင်းနှင်သော မော်တော်ယာဉ်များကို နေ့ဆိုင်း ညဆိုင်းဖြင့် အမြန်နှုန်းတိုင်း ကိရိယာများဖြင့် တိုင်းတာ၍ ဖမ်းဆီးဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဖမ်းဆီးဆောင်ရွက်ရာတွင် နေပြည်တော်တိုးဂိတ် အမှတ်(၃) အမြန်လမ်းနှင့် စကားအင်းအပိုင်းအမြန်လမ်းတို့၌ သုံးနေရာခွဲ၍ ဖမ်းဆီးဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁ ရက်မှ ၃၀ ရက်အထိ နေပြည်တော် အမြန်လမ်းတိုးဂိတ်၌ သတ်မှတ်အမြန်နှုန်းထက် ကျော်လွန်မောင်းနှင်သော မော်တော်ယာဉ် ၁၀၄၀ စီး၊ အမှတ် (၃) အမြန်လမ်းဂိတ်၌ ၆၁၆ စီး၊ စကားအင်းအပိုင်းဂိတ်တွင် ၅၃ စီး စုစုပေါင်း ၁၇၀၉ စီး ဖမ်းဆီးအရေးယူနိုင်ခဲ့သည်။

ထိုကဲ့သို့ အမြန်လမ်းကြီးကြပ်မှုအဖွဲ့များနှင့် အမြန်လမ်းရဲတပ်ဖွဲ့စခန်းများမှ မော်တော်ယာဉ်များကို ကြီးကြပ်၍ သတ်မှတ်အမြန်နှုန်းထက် ပိုမောင်းသော မော်တော်ယာဉ်များအား ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသော်လည်း မော်တော်ယာဉ်မတော်တဆမှုများ သိသိသာသာ လျော့နည်းကျဆင်းသွားခြင်း မတွေ့ရပေ။

ရန်ကုန်-မန္တလေး အမြန်လမ်း၌ ယာဉ်မတော်တဆမှုများကြောင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ယာဉ်မတော်တဆမှုပေါင်း ၆၃၃ မှု ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၁၃၄ ဦး၊ ဒဏ်ရာရရှိသူ ၁၀၇၄ ဦးရှိခဲ့ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့စခန်းမှ သိရသည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလကုန်အထိ ယာဉ်မတော်တဆမှုများ ဖြစ်ပွားရခြင်းအကြောင်းရင်းမှာ အရှိန်ပြင်းထန်စွာ မောင်းနှင်မှုကြောင့် ယာဉ်မတော်တဆမှု ၂၈၇ မှု၊ ယာဉ်မောင်းအိပ်ငိုက်ခြင်းကြောင့် ၃၈ မှု၊ လမ်းကူးပေါ့ဆမှုကြောင့် ခြောက်မှု၊ တိရစ္ဆာန်ကြောင့် ငါးမှု၊ ဆိုင်ကယ်ပေါ့ဆမှုကြောင့် ၉၀ မှု၊ အနေးယာဉ်ပေါ့ဆမှုကြောင့် နှစ်မှု၊ မဆင်မခြင်မောင်းနှင်မှုကြောင့် ၄၇ မှု၊ ဘီးပေါက်မှုကြောင့် ၁၃၅ မှု၊ စက်ချွတ်ယွင်းမှုကြောင့် ရှစ်မှု၊ လမ်းချော်မှုကြောင့် ၁၅ မှု စုစုပေါင်း ၆၃၃ မှု ဖြစ်ပွားခဲ့ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့စခန်းမှ သိရသည်။

**သန်းဦး(လေးမျက်နှာ)**

# မြန်မာအလုပ်သမားများ အလုပ်လုပ်လျက်ရှိသည့် ကြက်သားစက်ရုံ၌ အမိုးနီးယားဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွား

**ဗန်ကောက် အောက်တိုဘာ ၃၁**

ထိုင်းနိုင်ငံ စမုစာခွန်ပြည်နယ်အတွင်းရှိ မြန်မာအလုပ်သမားများ အလုပ်လုပ်ကိုင်လျက်ရှိသည့် ကြက်သားစက်ရုံZia International Ltd ၌ အောက်တိုဘာ ၂၉ ရက် နံနက် ၉ နာရီက စက်ရုံသုံး အမိုးနီးယားဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ကာ စက်ရုံတွင်း အလုပ်လုပ်နေသည့် အလုပ်သမား ၃၀၀ ကို စက်ရုံအပြင် အမြန်ဆုံး ရောက်အောင် ထွက်ကြရန် အရေးပေါ်သတိပေးချက်နှင့်အတူ ကယ်ထုတ်ခဲ့ရကြောင်း၊ ထိုင်းသတင်းစာမျက်နှာတွင် ဖော်ပြထားကြောင်း သိရသည်။

အဆိုပါ ကြက်သားစက်ရုံသည် အမှတ် 153/3 Moo 4 ရပ်ကွက် အမှတ်(၄) ထစိုင်မြို့နယ်အတွင်း၌ တည်ရှိကြောင်း၊ မြန်မာနိုင်ငံသား အလုပ်သမားအများစု လုပ်ကိုင်လျက်ရှိသည့် စက်ရုံဖြစ်ကြောင်း၊ အဆိုပါဖြစ်စဉ်ကြောင့် အမိုးနီးယားဓာတ်ငွေ့ရှူမိသည့် အလုပ်သမားများထဲမှ မြန်မာအလုပ်သမားနှစ်ဦး သတိမေ့သွားခဲ့၍ အရေးပေါ်ဆေးကုသခဲ့ရကြောင်း ၊ အခြားအလုပ်သမား ၃၀ ခန့် ခေါင်းမူး၊ အသက်ရှူကျပ်၊ အော့အန်မှုများဖြစ်ခဲ့ကြောင်း၊ သေဆုံးသူမရှိခဲ့ကြောင်း ထိုင်းသတင်း Khaosod မှတစ်ဆင့် သိရသည်။

**ကျော်စိုး (ကော့သောင်း)**



# မြစ်သာမြစ်ရေတိုက်စားသဖြင့် သာလင်းရွာနှင့် မြင်သားရွာကူး ကြိုးတံတားယိုင်လဲပျက်စီး

**ဂန့်ဂေါ အောက်တိုဘာ ၃၁**

ဂန့်ဂေါမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းလျက်ရှိသည့်အတွက် မြစ်သာမြစ်ရေမြင့်တက်လာကာ သာလင်းရွာနှင့် မြင်သားကျေးရွာကူး မြစ်သာမြစ်ကူး လူကူးကြိုးတံတားမှာ အောက်တိုဘာ ၃၀ ရက် ညနေ ၆ နာရီခွဲခန့်က တံတားယိုင်လဲပျက်စီးသွားကြောင်း **(အပေါ်ပုံ)**၊ ထိခိုက်မျောပါသူမရှိကြောင်း သိရသည်။

အဆိုပါ ကြိုးတံတားပျက်စီးရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့သည် အောက်တိုဘာ ၃၁ ရက် နံနက်က ရောက်ရှိ၍ ကြည့်ရှုစစ်ဆေးကာ ဒေသနေပြည်သူများနှင့် သာလင်း ကျန်းမာရေးဌာနတွင်တွေ့ဆုံလျက် လုပ်ငန်းလိုအပ်ချက်များ ဆွေးနွေးခဲ့သည်။

ထို့ပြင် အဆိုပါကျေးရွာများ သွားလာမှုအဆင်ပြေစေရန် စက်လှေနှစ်စင်း စီစဉ်ပေးသဖြင့် ကျေးရွာချင်း ဆက်သွယ်မှု အခက်အခဲမရှိ သွားလာနိုင်သည့်အပြင် ကုန်စည်သယ်ယူမှုလည်း လွယ်ကူသွားခဲ့သည်။

အဆိုပါကြိုးတံတားသည် ၂၀၀၆ ခုနှစ်က ငွေကျပ် ၅၄၅ သိန်းဖြင့် ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ခဲ့ခြင်းဖြစ်ကာ နာဂစ်မုန်တိုင်းဒဏ်သင့်ခဲ့သဖြင့် ၂၀၁၂-၂၀၁၃ ခုနှစ်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးရေး အစီးရရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၅၀ တို့ဖြင့် ပြန်လည်ပြုပြင်ခဲ့သည့် တံတားဖြစ်ကြောင်း သိရသည်။

**(၁၀၁)**

# အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုများတွင် ပါဝင်ပတ်သက်သူများနှင့် ကူညီသူများကို ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၃၁**

ရခိုင်ပြည်နယ် မောင်တောမြို့မင်္ဂလာကြီးကျေးရွာအုပ်စု သာစည်ကျေးရွာနေ ကော်ရီမူလာ(ဘ)ဇော်ဟိရ်အာမတ်နှင့် မင်္ဂလာကြီးကျေးရွာနေ ဘာဘက်စ်(ဘ) ဆော်လာတူလာတို့သည် တစ်ဖက်နိုင်ငံသို့ သွားရောက်မည့် ဘင်္ဂါလီများကို တစ်ဦးလျှင် ငွေကျပ်တစ်သိန်းဖြင့် ပြင်ဖြူချောင်းဝနှင့် မင်္ဂလာကြီးချောင်းဝတို့မှ လှေဖြင့်ပို့ဆောင်ပေးလျက်ရှိရာ ၎င်းတို့နှစ်ဦးကို တပ်မတော်စစ်ကြောင်းနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များက ယနေ့နံနက် ၁၁ နာရီခွဲခန့်က သာစည်ကျေးရွာနှင့် မင်္ဂလာကြီးကျေးရွာတို့၌ ဖမ်းဆီးရမိခဲ့သည်။ ၎င်းတို့ ပို့ဆောင်ပေးနေသူများထဲတွင် အကြမ်းဖက်တိုက်ခိုက်မှုများ၌ ပါဝင်ခဲ့သူများ ပါရှိကြောင်း သိရှိရသည်။

အလားတူ အကြမ်းဖက်တိုက်ခိုက်မှုများတွင် ပါဝင်ပတ်သက်မှုရှိသည်ဟု ယူဆရသူ နူရ်အာလောင်(ဘ)အာဒူကော်ရိမ်ကို အောက်တိုဘာ ၃၀ ရက် ညနေ ၃ နာရီ ၁၅ မိနစ်က ဘူးသီးတောင်မြို့မဈေးအနီး၌ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများကို တရားဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရေးအတွက် ပြင်ဖြူနယ်မြေရဲစခန်းနှင့် မောင်တောမြို့မရဲစခန်းသို့ စနစ်တကျလွှဲပြောင်းအပ်နှံပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# ကမ်းသာယာလမ်းမကြီးပေါ်၌ ဓားထိုးမှုဖြစ်

**ရန်ကုန် အောက်တိုဘာ ၃၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၁၆) ရပ်ကွက် မောင်းမကန် ကမ်းသာယာလမ်းမကြီးပေါ်၌ လူတစ်ဦး ဓားထိုးခံရပြီး သေဆုံးနေသဖြင့် ပြစ်မှုကျူးလွန်သူအား ဖော်ထုတ်ဆဲဖြစ်ကြောင်း သိရသည်။

အောက်တိုဘာ ၃၀ ရက် ည ၁၀ နာရီခွဲက လူတစ်ဦး ဓားဒဏ်ရာများဖြင့် လဲကျနေကြောင်း သတင်းရရှိသဖြင့် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ရဲစခန်းမှ စခန်းမှူး ဒုရဲမှူးသိန်းထွန်းအောင်၊ အပိုင်နယ်ထိန်း ရဲဒုတပ်ကြပ် နိုင်လင်းဦး၊ ရဲဒုတပ်ကြပ် သန်းဌေးအောင်တို့ သွားရောက်စစ်ဆေးရာ ဒဏ်ရာရရှိသူ ဦးခင်စိုး (နေရပ်စုံစမ်းဆဲ)မှာ ခန္ဓာကိုယ်အနှံ့ ထိုးသွင်းဒဏ်ရာခြောက်ချက်ဖြင့် လဲကျနေသည်ကို တွေ့ရှိရသဖြင့် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့မရဲစခန်းမှ မြောက်ဥက္ကလာပဆေးရုံသို့ အတွင်းလူနာ(စိုးရိမ်ရ)အဖြစ် ပို့ဆောင်ပေးခဲ့သည်။

အဆိုပါ ဒဏ်ရာရရှိသူ ဦးခင်စိုးသည် မြောက်ဥက္ကလာပဆေးရုံ၌ အတွင်းလူနာအဖြစ်ကုသနေစဉ် ရရှိဒဏ်ရာများဖြင့် သေဆုံးသွားသဖြင့် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် မြို့မရဲစခန်းက ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးဖော်ထုတ်နိုင်ရေး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်၌ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ဘောလုံးအခြေခံအားကစားသင်တန်းကို အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၁၂ ရက်အထိ အောက်ဝေါကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ဘောလုံးအခြေခံအားကစားနည်းစနစ်များကို မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးမြတ်စိုးလင်းက လေ့ကျင့်သင်ကြားပြသပေးစဉ် ကျော်ဇင်မင်း(ပြန်/ဆက်)

*ကျော့ဖုံးမှ*

ကာတာ၊ တောင်ကိုရီးယား၊ ဂျပန်၊ ထိုင်း၊ ဆော်ဒီ၊ ဩစတြေးလျ၊ ဥဇဘက်ကစ္စတန်၊ ဆီးရီးယား၊ အီရတ်၊ အီရန်နှင့် တရုတ်အသင်းတို့ ယှဉ်ပြိုင်ခွင့်ရထားပြီး တတိယအဆင့်ခြေစစ်ပွဲတွင် မြန်မာအသင်းနှင့်အတူ မြောက်ကိုရီးယား၊ ဂျော်ဒန်၊ အိုမန်၊ လက်ဘနွန်၊ ပါလက်စတိုင်း၊ ကာဂျစ္စတန်၊ ဟောင်ကောင်၊ တာ့ခ်မင်နစ္စတန်၊ ယီမင်၊ တာဂျစ်ကစ္စတန်၊ မလေးရှား၊ အိန္ဒိယ၊ ကမ္ဘောဒီးယား၊ မော်လ်ဒိုက်၊ ဘူတန်၊ တရုတ်(တိုင်ပေ)၊ စင်ကာပူ၊ ဗီယက်နမ်၊ ကူဝိတ်၊ ဖိလစ်ပိုင်၊ ဂူအမ်၊ ဘာရိန်း၊ အာဖဂန်နစ္စတန်အသင်းတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

ကူဝိတ်အသင်းသည် လက်ရှိတွင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA) ၏အရေးယူမှုကို ခံထားရပြီး နိုင်ငံတကာပြိုင်ပွဲဝင်ခွင့်ရရန် မသေချာသေးကြောင်းနှင့် ခြေစစ်ပွဲယှဉ်ပြိုင်ခွင့်ရရန် မသေချာသေးကြောင်း သိရသည်။ ယင်းခြေစစ်ပွဲတွင် လေးသင်း ခြောက်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ အမှတ်အများဆုံးရသည့် နှစ်သင်းစီမှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ ယင်းခြေစစ်ပွဲစဉ်များကို အိမ်ကွင်း၊ အဝေးကွင်းပုံစံဖြင့် ကျင်းပမည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင်အသင်းသည် ဆုဇူကီးဖလားပြိုင်ပွဲအပြီး ၂၀၁၇ ခုနှစ်အတွင်း ထပ်မံယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲလည်း ဖြစ်သည်။ အာရှဖလားတတိယအဆင့် ခြေစစ်ပွဲ တတိယအဆင့် မဲခွဲပွဲကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၈ ရက်တွင် ယူအေအီးနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး ခြေစစ်ပွဲစဉ်များကို ၂၀၁၇ ခုနှစ် မတ်လမှ ၂၀၁၈ ခုနှစ် မတ်လအထိ ကျင်းပမည်ဖြစ်သည်။

## တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မိုးရွာနိုင်မည့် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၃၁**

ကချင်၊ ကယားနှင့် ရခိုင်ပြည်နယ်တို့၌ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့၌ နေရာစိပ်စိပ်မှနေရာကျဲကျဲ မိုးထစ်ချုန်း ရွာမည်ဖြစ်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။
(မိုး/ဇလ)

# မဲခေါင် -ရောဝတီ ချစ်ကြည်ရေးခရီးစဉ်အဖြစ် မြန်မာနိုင်ငံသို့ လည်ပတ်ခဲ့သော ထိုင်းနိုင်ငံမှ စက်ဘီးစီးအဖွဲ့ ခရီးစဉ်ပြီးဆုံး

**မြဝတီ အောက်တိုဘာ ၃၁**

မဲခေါင် -ရောဝတီ ချစ်ကြည်ရေးခရီးစဉ်အဖြစ် မြန်မာနိုင်ငံအတွင်းသို့လာရောက်လည်ပတ်ခဲ့သော ထိုင်းနိုင်ငံမှ စက်ဘီးစီးအဖွဲ့သည် ခရီးစဉ်ပြီးဆုံးသွားပြီဖြစ်၍ အောက်တိုဘာ ၂၉ ရက် ညနေ ၆နာရီက မြဝတီမြို့သို့ ရောက်ရှိခဲ့ပြီး နှစ်နိုင်ငံချစ်ကြည်ရေးတံတားမှတစ်ဆင့် ထိုင်းနိုင်ငံ မဲဆောက်မြို့သို့ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း ချစ်ကြည်ရေးတံတားတာဝန်ခံ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးရန်အောင်မြင်ထံမှ သိရသည်။

အဆိုပါ စက်ဘီးစီးအဖွဲ့များသည် အောက်တိုဘာ ၁၆ ရက်က Myanmar Mystery Land Travels & Tours Co,.Ltd. ၏အစီအစဉ်ဖြင့် တာချီလိတ်မြို့မှ စတင် ဝင်ရောက်ခဲ့ပြီး ထိုင်းနိုင်ငံသား အမျိုးသား၂၆ ဦး၊ အမျိုးသမီး လေးဦး စုစုပေါင်း ၃၀ တို့သည် တာချီလိတ်-ကျိုင်းတုံ-မိုင်းပျဉ်း-ကွန်ဟိန်း-နန့်ဆန်- အင်းလေး-သီပေါ- ပြင်ဦးလွင်-မန္တလေး- ပဲခူး- ကျိုက်ထီးရိုးနှင့် မော်လမြိုင်မြို့တို့သို့ လည်ပတ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် အောက်တိုဘာ ၂၅ ရက်က မန္တလေးသို့ ရောက်ရှိခဲ့ပြီး လမ်း ၇၀ နှင့် ၂၉ လမ်းထောင့်ရှိ ပန်းသခင်ကဖေး၌ ခရီးစဉ်နှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ပြုလုပ်ခဲ့ကြောင်းသိရသည်။ ထိုင်းစက်ဘီးစီးအဖွဲ့တွင် အမျိုးသား အမျိုးသမီးများအပြင် အသက် ၇၀ အရွယ်ရှိ သက်ကြီးရွယ်အိုများလည်းပါဝင်ကြောင်း အဆိုပါစက်ဘီးစီးအဖွဲ့ထံမှ သိရသည်။

ယခုကဲ့သို့ ပြည်တွင်းသို့ ဝင်ရောက်လည်ပတ်နိုင်ရန်အတွက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ဦးစီးအရာရှိ ဦးဝေလွင်၊ ဧည့်လမ်းညွှန် ဒေါ်သင်းသင်းလတ်တို့က မော်တော်ယာဉ်ဖြင့် လိုက်ပါကူညီဆောင်ရွက်ခဲ့ပြီး မြဝတီချစ်ကြည်ရေးတံတားသို့ အောက်တိုဘာ ၂၉ရက် ညနေ ၆ နာရီခန့်က ရောက်ရှိကာ ၆နာရီခွဲခန့်တွင် ထိုင်းနိုင်ငံ မဲဆောက်မြို့သို့ ပြန်လည်ထွက်ခွာသွားခဲ့သည်။

မဲခေါင် -ရောဝတီ ချစ်ကြည်ရေးစက်ဘီးစီးအဖွဲ့(Mekong Challenge 2016 ထိုင်းစက်ဘီးစီးအဖွဲ့)ကို ၂၀၀၂ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ကာ မဟာမဲခေါင်မြစ်ဝှမ်းဒေသ အိမ်နီးချင်းနိုင်ငံများနှင့် မိတ်ဆွေဖြစ်ရေးရည်ရွယ်၍ ယခုစက်ဘီးစီးအဖွဲ့ကို ဖွဲ့စည်းတည်ထောင်ရခြင်းဖြစ်ကြောင်း အဖွဲ့ဝင်တစ်ဦးက ပြောကြားခဲ့သည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**



# နပန်းပြိုင်ပွဲ ရန်ကုန်တိုင်းဒေသကြီး တံခွန်စိုက်ဖလားဆွတ်ခူး

**ရန်ကုန် အောက်တိုဘာ ၃၁**

တိုင်းဒေသကြီးနှင့်ပြည်နယ်နပန်းပြိုင်ပွဲကို ရခိုင်ပြည်နယ် စစ်တွေမြို့၌ ၂၀၁၄ ခုနှစ်က စတင်ကျင်းပခဲ့ပြီး တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး၊ လူငယ်သွေးသစ်အားကစားသမားများပေါ်ထွက်လာစေရေး၊ အနာဂတ်တွင် ထူးချွန်ထက်မြက်သည့် မြန်မာ့လက်ရွေးစင်အားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ရည်ရွယ်ကာ တိုင်းဒေသကြီးနှင့် ပြည်နယ် နပန်းပြိုင်ပွဲကို အောက်တိုဘာ ၂၉ ရက်မှ ၃၁ ရက်အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူ အားကစားရုံ၌ ကျင်းပခဲ့သည်။

အဆိုပါ နပန်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ကီလိုတန်းအလိုက် ယှဉ်ပြိုင်ခဲ့ကြရာ ပထမနှင့် ဒုတိယဆုရရှိသူများအား မြန်မာနိုင်ငံ နပန်းအဖွဲ့ချုပ်နှင့် အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက လည်းကောင်း၊ အမျိုးသားအကောင်းဆုံးဆုရ ချင်းပြည်နယ်မှ မောင်လာလ်ထောင်လျန်၊ အမျိုးသမီးအကောင်းဆုံးဆုရ ကယားပြည်နယ်မှ မလှသိန်းတို့အား နပန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော်လင်းက လည်းကောင်း၊ အမျိုးသမီးတံခွန်စိုက်ဆုကို ရောဝတီတိုင်းဒေသကြီးအသင်း၊ အမျိုးသားတံခွန်စိုက်ဆုကို ရခိုင်ပြည်နယ်အသင်း၊ အမျိုးသား၊ အမျိုးသမီး စုပေါင်းတံခွန်စိုက်ဆုဖလားကို ရန်ကုန်တိုင်းဒေသကြီးအသင်းတို့က ရရှိကြရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦးနှင့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းတို့ကလည်းကောင်း ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**တင်စိုး(မြန်မာ့အလင်း)**

**တစ်ဦးတည်းဖြစ်ပါကြောင်း**
နေပြည်တော်ကောင်စီနယ်မြေ၊ ဥတ္တရခရိုင်၊ ဇေယျာသီရိမြို့နယ်၊ ရေဆင်းကျေးရွာအုပ်စု၊ နယ်မြေ(၄)နေ ဦးလှ ၉/ပမန(နိုင်) ဝ၈၄ဝ၄၃ ၏သား မောင်ဇော်ဝင်းလှ(ခ)မောင်နေဦးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**မောင်ဇော်ဝင်းလှ(ခ)မောင်နေဦး**

**ယာဉ်မောင်းအလိုရှိသည်**
ရန်ကုန်မြို့တွင်း လိုင်စင် ၅နှစ်
လစာ-၂၀၀၀၀၀-၂၅၀၀၀၀
ရန်ကင်း/တောင်ဥက္ကလာနေသူ
ဦးစားပေး
**ဖုန်း-၀၉-၄၅၉၁၉၀၂၆၂**

**အမည်ပြောင်း**
ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ဦးကျော်ဟန်ဇေယျာ ကိုယ်ပိုင်အထက်တန်းကျောင်း သတ္တမတန်းမှ ဦးကျော်သန်းဝင်း ၁၁/ကတန(နိုင်) ဝ၆ဝ၆၆ဝ၏ သား မောင်ရှိုင်းမင်းအောင်အား မောင်စံထွန်းအောင်ဟု ပြောင်းလဲခေါ်ပါရန်။
**မောင်စံထွန်းအောင်**

**ယာဉ်အိုယာဉ်ဟောင်းအပ်နှံခြင်းနှင့် အစားထိုးတင်သွင်းယာဉ် ပုံစံ(ဃ)မိတ္တူပျောက်ထားခြင်း**
ယာဉ်အမှတ် ၃ခ/၄၀၁၈ Nine. Star NSJ-2 Jeepယာဉ်လက်ဝယ်ရှိသူ ဦးရန်မင်းကျော် ၉/ပကခ(နိုင်)၀၂၂၉၈၄က ယာဉ်အိုယာဉ်ဟောင်းအပ်နှံခြင်းနှင့် အစားထိုးတင်သွင်း၍ ပုံစံ(ဃ) မိတ္တူထုတ်ပေးရန် ပျောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**
၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းကြီးကြပ်မှုဖြင့် မွန်ပြည်နယ် သထုံမြို့နယ်၊ အင်းရှည်ရွာအနီးတွင် အကောင်အထည်ဖော်တည်ဆောက်မည့် ကော့စတစ်ဆိုဒါစက်ရုံ (သထုံ)၌ အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်မည်ဖြစ်ပါသည်-
(က) မြေသားအမာခံပြုလုပ်ခြင်းလုပ်ငန်း၊
(ခ) စက်ရုံ၏ခွဲရုံအတွင်း လေအေးပေးစနစ်တပ်ဆင်ခြင်းနှင့်ဆက်စပ်ပစ္စည်းများ တပ်ဆင်ခြင်းလုပ်ငန်း၊
(ဂ) စက်ရုံဝင်းနှင့် ဝန်ထမ်းအိမ်ရာအတွင်း လျှပ်စစ်မီးလိုင်းသွယ်တန်းခြင်းလုပ်ငန်း၊
(ဃ) ဝန်ထမ်းအိမ်ရာအတွင်း ရေလိုင်းသွယ်တန်းခြင်းနှင့် မြစ်ရေတင်စက်အတွက်လိုအပ်သော ဆက်စပ်ပစ္စည်းများ တပ်ဆင်ခြင်းလုပ်ငန်း၊
(င) စက်ရုံဝင်းအတွင်း ကွန်ကရစ်လမ်းဖောက်လုပ်ခြင်းနှင့် ရေထုတ်မြောင်းလေးခုတည်ဆောက်ခြင်းလုပ်ငန်း၊
(စ) ဝန်ထမ်းအိမ်ရာအတွင်း ကွန်ကရစ်လမ်းခင်းခြင်း၊
(ဆ) ဝန်ထမ်းအိမ်ရာခြံစည်းရိုးကာရံခြင်းနှင့် စက်ရုံအဝင်လမ်းထိပ်စစ်ဆေးရေးဂိတ်ဆောက်လုပ်ခြင်းလုပ်ငန်း၊
၂။ ဈေးနှုန်းတင်သွင်းလွှာများကိုပေးသွင်းရမည့်အစီအစဉ်
(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၄-၁၁-၂၀၁၆ရက်
(ခ) **တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန်** - ၁၈-၁၁-၂၀၁၆ရက်
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ဆက်သွယ်ဝယ်ယူနိုင်ပါသည်-
**နည်းပညာဖွံ့ဖြိုးရေးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊**
**စက်မှုဝန်ကြီးဌာန၊**
**ရုံးအမှတ်(၃၇)၊ နေပြည်တော်၊ ဖုန်း-၀၉-၉၇၄၉၀၉၈၁၄၊**
**၀၉-၈၃၀၃၈၄၁၊ ၀၆၇-၄၀၈၁၂၉**

**ကန့်ကွက်နိုင်ပါကြောင်း**
တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၄HI၊ မြေကွက်အမှတ် ၉၁၊ မြေကွက်တည်နေရာအမှတ် ၂၉၊ စက်မှု ၂လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ် (ဦးအောင်သန်း) အမည်ပေါက် ပါမစ်မြေ အားအမည်ပေါက် ဦးအောင်သန်း ခင်ပွန်း(ကွယ်လွန်)သဖြင့် ဒေါ်သိန်းရင် ၁၂/တမန(နိုင်)၀၆၄၈၇၀က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးအမှတ် ၁၀၁၆၀/၁၆(၆-၇-၁၆)ကျမ်းကျိန်လွှာ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်းနှင့် ပါမစ်မူရင်းတင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် အောက်တိုဘာ ၃၁**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ထီးလင်းမြို့၌ ၅ ဒသမ ၂၀ လက်မ၊ ကျောက်ထုမြို့၌ ၃ ဒသမ ၅၁ လက်မ၊ ကလေးဝမြို့၌ ၁ ဒသမ ၆၁ လက်မ၊ ဂန့်ဂေါမြို့၌ ၁ ဒသမ ၀၆ လက်မ၊ ကော့သောင်းမြို့၌ ၀ ဒသမ ၉၉ လက်မ၊ မော်လိုက်မြို့၌ ၀ ဒသမ ၉၀ လက်မနှင့် ဖျာပုံမြို့၌ ၀ ဒသမ ၈၂ လက်မတို့ ဖြစ်ကြသည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။
(မိုး/ဇလ)




**ဖောင်းကြွပျောက်လျှောက်ထားခြင်း**
ယာဉ်အမှတ် 9H/1842 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊
ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)



## ကျိုင်းတုံ၌ အဘိဓမ္မာနှင့်ဝိသုဒ္ဓိမဂ် စာအောင်လက်မှတ်များချီးမြှင့်

**ကျိုင်းတုံ အောက်တိုဘာ ၃၁**
သာသနာရေးဦးစီးဌာနက ၂၀၁၅ ခုနှစ်အတွင်း ကျင်းပခဲ့သည့် (၆၃)ကြိမ်မြောက် အဘိဓမ္မာရိုးရိုး၊ အဘိဓမ္မာ(ဂုဏ်ထူးဆောင်)နှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲများတွင် ကျိုင်းတုံမြို့နယ်မှ အောင်မြင်သူများအား စာအောင်လက်မှတ်များကို ကျိုင်းတုံမြို့ သာသနာ့ဗိမာန်တော်၌ အောက်တိုဘာ ၂၉ ရက်က ချီးမြှင့်ခဲ့သည်။

စာအောင်လက်မှတ်ချီးမြှင့်ပွဲတွင် ကျိုင်းတုံမြို့ တူးယားကျောင်းတိုက်ဆရာတော် ဦးစီးသော သံဃာတော်များအား ကျိုင်းတုံမြို့ အဘိဓမ္မာပြန့်ပွားရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာစိုင်းမောက်ဇင်းက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းလျှောက်ထားပြီး အတန်းအဆင့်အလိုက် ထူးချွန်သူများနှင့် စာမေးပွဲအောင်မြင်သူများအား ဆရာတော်များက စာအောင်လက်မှတ်များ ချီးမြှင့်ခဲ့သည်။

ကျိုင်းတုံမြို့တွင် အဘိဓမ္မာသင်တန်းကို ၂၀၁၂ ခုနှစ် ဇွန်လအတွင်းက စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး ယင်းနှစ် ဒီဇင်ဘာလ၌ အဘိဓမ္မာပြန့်ပွားရေးအသင်းဖွဲ့စည်း၍ စာမေးပွဲများဝင်ရောက်ဖြေဆိုခဲ့ကြသည်။ ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် စာမေးပွဲတွင် ကျိုင်းတုံမြို့နယ်မှ ဝိသုဒ္ဓိမဂ်(ပထမ၊ ဒုတိယ၊ တတိယ)အဆင့်ကို ၆၁ ဦး ဖြေဆို၍ ၅၅ ဦး အောင်မြင်ပြီး အဘိဓမ္မာ(ဂုဏ်ထူးဆောင်)တွင် နှစ်ဦးဖြေဆို၍ နှစ်ဦးလုံးအောင်မြင်ခဲ့ကာ အဘိဓမ္မာရိုးရိုး(ပထမ၊ ဒုတိယ၊ တတိယ)အဆင့်တွင် ၁၂၇ ဦး ဖြေဆို၍ ၁၀၈ ဦး အောင်မြင်ခဲ့ကြောင်း သိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**

## လူထုအခြေပြု ဥပဒေအထောက်အကူပြုသင်တန်းဖွင့်

**ပုဏ္ဏားကျွန်း အောက်တိုဘာ ၃၁**
ပုဏ္ဏားကျွန်းမြို့နယ်အတွင်း တရားဥပဒေစိုးမိုးရေး၊ ပြည်သူများ ဥပဒေ ဗဟုသုတတိုးပွားကာ ဆင်းရဲချမ်းသာမရွေး ဥပဒေ၏အကာအကွယ်ကို ရရှိကြစေရေးနှင့် လူငယ်ရှေ့နေများ အရည်အချင်းစွမ်းရည်မြင့်မားရေး ရည်ရွယ်ချက်များဖြင့် လူထုအခြေပြု ဥပဒေအထောက်အကူပြုသင်တန်းကို ပုဏ္ဏားကျွန်းမြို့နယ်ခန်းမ၌ အောက်တိုဘာ ၂၉ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းကို တရားလွှတ်တော်ရှေ့နေ ဦးကျော်မြင့်(Law Firm)က ကြီးမှူး၍ ဖွင့်လှစ်ခြင်းဖြစ်သည်။ သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းဌေးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က အမှာစကားပြောကြားကာ တရားလွှတ်တော်ရှေ့နေကြီးက သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်များနှင့် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး သင်တန်းကို ဆက်လက်ပို့ချခဲ့သည်။ သင်တန်းသို့ သင်တန်းသားသင်တန်းသူ ၃၁ ဦး တက်ရောက်ပြီး သင်တန်းတွင် ဥပဒေကျွမ်းကျင်ပညာရှင်ငါးဦးက သင်တန်းကာလသုံးရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သူ(ပုဏ္ဏားမြီ)**

## သတင်းတိုများ

### ကျေးရွာသုံးထင်းစိုက်ခင်းမှထင်းများ အခမဲ့ဖြန့်ဝေပေး

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ခြသေ့်လက်ကျေးရွာ၌ မြို့နယ်အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း တည်ထောင်စိုက်ပျိုးခဲ့သည့် ကျေးရွာသုံးထင်းစိုက်ခင်း ငါးဧကမှ ထွက်ရှိသောထင်းများကို ဒေသခံပြည်သူများသုံးစွဲရန် အောက်တိုဘာ ၂၇ ရက်က အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ ထင်းစိုက်ခင်းမှထွက်ရှိသည့် ထင်း ၁၁ တန်ကို မြင်းခြံခရိုင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကံထွန်း၊ မြို့နယ်ဦးစီးအရာရှိ ဦးမြင့်နိုင်နှင့် မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးညွန့်ရွှေတို့က ဒေသခံပြည်သူများထံ အခမဲ့ ဖြန့်ဝေပေးခဲ့ကြခြင်းဖြစ်သည်။

**သက်နောင်ဦး(ငါန်းဇွန်)**

### မြို့နယ်အုပ်ချုပ်ရေးမှူးဖလားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

ကချင်ပြည်နယ် ပူတာအိုမြို့နယ် အုပ်ချုပ်ရေးမှူးဖလား အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၂၈ ရက်က မြို့နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပခဲ့သည်။ ဗိုလ်လုပွဲတွင် လေယာဉ်ကွင်းရပ်ကွက် ဘောလုံးအသင်းနှင့် မူလာရှီးဒီကျေးရွာအုပ်စု ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး လေယာဉ်ကွင်းရပ်ကွက်ဘောလုံးအသင်းက နှစ်ဂိုးတစ်ဂိုးဖြင့် ဆုဖလား ဆွတ်ခူးရရှိသွားသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ဆုရရှိသော အသင်းများနှင့် နေရာအလိုက် အကောင်းဆုံးဆုရကစားသမားများအား ပူတာအိုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုးရွှေ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးယောဆီနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျာမြတ်သူတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**(ခရိုင် ပြန်/ဆက်)**

# အထူးကုဆရာဝန်ကြီးများအဖွဲ့က ရောဂါရှာဖွေစစ်ဆေးခြင်းနှင့် ဆေးကုသပေးခြင်းများ အခမဲ့ ကွင်းဆင်းဆောင်ရွက်ပေး

**ညောင်လေးပင် အောက်တိုဘာ ၃၁**
ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့ပေါ်နှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ရောဂါရှာဖွေစစ်ဆေးခြင်းနှင့် ဆေးကုသပေးခြင်းများကို ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများအဖွဲ့က အောက်တိုဘာ ၂၉ ရက်က မဒေါက်မြို့ တိုက်နယ်ဆေးရုံသို့ အခမဲ့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်းဆေးကုသရာတွင် ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ လက်ထောက်ဆေးရုံအုပ် ဒေါက်တာထွန်းထွန်းဝင်းနှင့် အထူးကုဆရာဝန် ခြောက်ဦး၊ လက်ထောက်ဆရာဝန် ၁၁ ဦး၊ အခြားကျန်းမာရေးဝန်ထမ်း ၃၄ ဦး စုစုပေါင်း ၅၂ ဦး ပါဝင်သည့်အဖွဲ့က ဒေသခံ ကျန်းမာရေးဝန်ထမ်းများနှင့်ပူးပေါင်းကာ လူနာများအား ရောဂါအမျိုးအစား အလိုက် ခွဲခြားကုသပေးခဲ့သည်။



အထွေထွေကုသဆောင်၊ အကြောအဆစ်ကုသဆောင်၊ အရိုးကုသဆောင် သွားကုသဆောင်၊ ခွဲစိတ်ကုသဆောင်၊ ကလေးကုသဆောင်၊ စိတ်ကျန်းမာရေးကုသဆောင်၊ နား နှာခေါင်း လည်ချောင်းကုသဆောင်၊ သားဖွားမီးယပ် ကုသဆောင်၊ တိုင်းရင်းဆေးကုသဆောင်နှင့် မျက်စိကုသဆောင်ဟု ဆေးကုသဆောင် ၁၁ ခုဖွင့်လှစ်၍ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ရာ မဒေါက်မြို့ပေါ်နှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၆၄၁ ဦးအား ရောဂါရှာဖွေစစ်ဆေးခြင်းနှင့် ဆေးကုသခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ကွင်းဆင်းဆေးကုသပေးခြင်းမှာ ပဲခူးဆေးရုံကြီးသို့ မလာရောက်နိုင်သောလူနာများအနေဖြင့် ဆေးကုသမှုခံယူနိုင်အောင် ပဲခူးတိုင်းဒေသကြီးကျန်းမာရေးအဖွဲ့၊ ဒေသခံကျန်းမာရေးအဖွဲ့၊ ဒေသခံအုပ်ချုပ်ရေးအဖွဲ့နှင့် ဒေသခံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ စီစဉ်ပေးခြင်းဖြစ်ကြောင်း ကွင်းဆင်းဆေးကုသရေးအဖွဲ့တွင် ဦးဆောင်သူ ဒေါက်တာထွန်းထွန်းဝင်း၏ ပြောကြားချက်အရ သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရေယာဉ်နစ်မြုပ်မှုတွင် ကူညီကယ်ဆယ်ပေးခဲ့သော လုပ်အားရှင်များနှင့် ပရဟိတအသင်းများအား ဂုဏ်ပြုပွဲ မုံရွာမြို့၌ကျင်းပ

**မုံရွာ အောက်တိုဘာ ၃၁**
အောက်တိုဘာ ၁၅ ရက်က ချင်းတွင်းမြစ်အတွင်း အောင်စိုးမိုးကျော်(၂) အမြန်ရေယာဉ် နစ်မြုပ်မှုတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသော စေတနာရှင် လုပ်အားရှင်များနှင့် ပရဟိတအသင်းများအား မုံရွာမြို့ ချင်းတွင်းအားမာန် ကူညီကယ်ဆယ်ရေးပရဟိတအသင်းနှင့် ဥပုသ်နေ့တိုင်း ဆန်ပြုတ်နှင့် သောက်ရေသန့် ကုသိုလ်ပြုအဖွဲ့တို့ ပူးပေါင်း၍ အောက်တိုဘာ ၃၀ ရက်က ဂုဏ်ပြုခဲ့ကြောင်း သိရသည်။

မုံရွာမြို့ FOTO-1 စားသောက်ဆိုင်ခန်းမ၌ ကျင်းပသည့် ဂုဏ်ပြုပွဲတွင် မုံရွာမြို့နယ်၊ ကနီမြို့နယ်နှင့် ဘုတလင်မြို့နယ်များမှ လူမှုကူညီရေးအသင်းများ အပါအဝင် ရေငုပ်အဖွဲ့များ၊ ကူညီကယ်ဆယ်ပေးသော ကျေးရွာဒေသခံများ စုစုပေါင်း လူပုဂ္ဂိုလ်နှင့် အဖွဲ့ ၅၀ အား စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွန့်ဝင်းနှင့် စည်ပင်ဝန်ကြီးဦးမြင့်ကြည်တို့က ဂုဏ်ပြုခဲ့သည်။



"အောက်တိုဘာ ၁၅ ရက် မနက် ၅ နာရီက နစ်မြုပ်တယ်လို့ ကြားကြားချင်း တိုင်းဒေသကြီးအစိုးရနဲ့ ဒေသခံပြည်သူတွေဟာ ချက်ချင်းရောက်လာပြီး အသက်ကယ်နိုင်သမျှကို ကယ်ဆယ်ခဲ့သလို ဆယ်ယူရရှိတဲ့ ရုပ်အလောင်းတွေ သယ်ယူဖို့အတွက် မုံရွာ၊ ကနီ၊ ဘုတလင်စတဲ့ ဒေသတွေက လူမှုကူညီရေးအသင်းတွေကို အကူအညီတောင်းခံခဲ့တာ တစ်နာရီကျော်ကျော် အတွင်းမှာ ကား ၁၅ စီးလောက် ရောက်လာပါတယ်။ အဲဒီလောက် ထင်မှတ်မထားပေမယ့် ရောက်လာတဲ့အတွက် အားတက်မိသလို ဂုဏ်ယူမိပါတယ်။ ၁၅ ရက်ကနေ ၂၀ရက်အထိ ငါးရက်တာအတွင်း တိုင်းဒေသကြီးအစိုးရ တာဝန်ရှိသူတွေ၊ ဒေသခံ ပရဟိတစိတ်ရှိသူတွေနဲ့အတူ မြို့နယ်အသီးသီးက ပရဟိတအသင်းတွေကလည်း အစကနေအဆုံးအထိ လူမှုရေးစိတ်ဓာတ်အပြည့်နဲ့ ဆောင်ရွက်ပေးကြတာဟာ အရင်ကနဲ့လုံးဝမတူတာကို အားလုံးသတိပြုမိကြမှာပါ"ဟု ကနီမြို့နယ် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်းက ပြောသည်။

နိုဝင်ဘာ ၁ ရက်တွင် တစ်နှစ်ပြည့်မည့် လောင်းဂရိတ်ဝဲအတွင်း ရေယာဉ်နစ်မြုပ်မှုတွင် ရေယာဉ်ကို ယခုအချိန်အထိ ပြန်လည်မဆယ်ယူနိုင်သေးသလို သေဆုံးသူ ၁၀ ဦး၏ ရုပ်အလောင်းကိုသာ မော်တော်အဖွဲ့က ဆယ်ယူနိုင်ခဲ့ကြောင်း တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၏ ပြောကြားချက်အရ သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ဖားများပေါ်ထွက်သည့်ရာသီဖြစ်သဖြင့် သာစည်မြို့မဈေး၌ အသားငါးများ ရောင်းအားကျနေ

**သာစည် အောက်တိုဘာ ၃၁**
သာစည်မြို့နယ်တွင် ယခုအောက်တိုဘာလအတွင်း၌ မိုးအဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် မိုးရာသီတွင်ပေါ်ထွက်လေ့ရှိသည့် ဖားပေါင်စင်းဖားများ ပေါ်များနေပြီး မြို့ဝန်းကျင်ရှိ ကျီတိုင်ကုန်း၊ သမန်းကန်၊ ညဏ်ကန်၊ မောင်းတိုင်၊ ညောင်တို၊ ကွမ်းခြံရိုး၊ ဘိုကုန်း စသည့်ကျေးရွာများမှ ပြည်သူများမှာ ဖားပေါင်စင်းများကိုရှာဖွေ၍ မြို့ပေါ်တွင်တက်ရောင်းခြင်းဖြင့် အပိုဝင်ငွေရရှိနေကြကြောင်း သိရသည်။

ဖားပေါင်စင်းများရှာဖွေရောင်းချသူ ကျီတိုင်ကုန်းတောင်ရွာမှ အမျိုးသမီးတစ်ဦးက "တစ်ညတစ်ညဆိုရင် ဖားအကောင်ရေ ၈၀ လောက်အထိ ရပါတယ်။ ရလာတဲ့ဖားတွေကို မနက်ခင်းလင်းတာနဲ့ မြို့မဈေးကြီးနဲ့ မြို့ပေါ်ရပ်ကွက်တွေထဲမှာ ရောင်းတယ်။ ဖားအကောင်ကြီးရင် လေးကောင်တစ်တွဲ၊ ဖားအကောင်ငယ်ရင် ငါးကောင် တစ်တွဲ နှီးနဲ့တွဲပြီး တစ်တွဲကိုတစ်ထောင်ကျပ်နဲ့ ရောင်းရပါတယ်။ မြို့ပေါ်ကလူတွေက ကြိုက်ကြပါတယ်။ အထူးသဖြင့် စားသောက်ဆိုင်တွေက ပိုဝယ်ပါတယ်။ တစ်နေ့ ဖားရောင်းရငွေက ၇၀၀၀ လောက်အထိ ရပါတယ်"ဟု ပြောသည်။

သာစည်မြို့နယ်အတွင်း လူကြိုက်များသည့်ရာသီစာ ဖားပေါင်စင်းများ ပေါ်များနေသောကြောင့် သာစည်မြို့မဈေးကြီးထဲတွင်လည်း ဖားရောင်းချနေကြသူအများအပြားရှိနေပြီး အမဲ၊ ဆိတ်၊ ဝက်စသည့် အသားရောင်းချသည့်ဆိုင်များပင် ရောင်းအားကျဆင်းနေကြကြောင်း သိရသည်။

**မောင်ကို(သာစည်)**

# ကသာမြို့အနီး ဧရာဝတီမြစ်အတွင်း သောင်ထွန်းမှုမြင့်တက်လာ

**ကသာ အောက်တိုဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့အနီး ဧရာဝတီမြစ်အတွင်း၌ ယခုနှစ်တွင် သဲသောင်ထွန်းမှုများ ပိုမိုမြင့်တက်များပြားလာလျက်ရှိကြောင်း မြစ်အတွင်း ရေယာဉ်မောင်းသူများထံမှ သိရသည်။

ကသာ-ဗန်းမော် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်တွင် သဲသောင်ထွန်းမှုမှာ ယမန်နှစ်ထက် သိသိသာသာ များပြားလာခြင်းကြောင့် ရေလမ်းပြောင်းလဲလာသဖြင့် ရေယာဉ်မောင်းနှင်ရာတွင် အထူးသတိထားနေရကြောင်း၊ ဗန်းမော်မြို့အဝင်တွင် သောင်ထွန်းမှုကြောင့် ရေကြောင်းကျဉ်းပြီး မင်းကျောင်းကုန်းနားတွင် ရေစီးထပ်ခြင်း၊ ကသာမြို့အဝင်တွင်လည်း ရေအနက်မှာ သုံးတောင်၊ လေးတောင်မျှသာရှိခြင်းနှင့် သောင်ထွန်းမှုမှာ ကျယ်ပြန့်နေ၍ ရေယာဉ်များအနေဖြင့် ကွေ့ပတ်ပြီးဝင်ရခြင်းတို့ကြောင့် ယခုနှစ်သောင်ထွန်းမှုမှာ ယမန်နှစ်ထက် ပိုဆိုးသည်ဟု ဆိုရမည်ဖြစ်ကြောင်း ရေယာဉ်မောင်းသူတစ်ဦးက ပြောသည်။

ဧရာဝတီမြစ်သည် မြစ်ကြောင်းအလျား ၂၁၇၀ ကီလိုမီတာနီးပါး ရှည်လျားကာ တိုင်းပြည်၏ အရေးအကြီးဆုံး ကူးသန်းရောင်းဝယ်ရေး ရေကြောင်းလမ်းလည်း ဖြစ်သည်။ ကသာ-ဗန်းမော် ရေလမ်းခရီးမှာ ၈၅ မိုင်ရှိကာ ကသာမြို့နယ် မိုးတားလေး ကျေးရွာအနီးမှစ၍ သဲသောင်များထွန်းနေပြီး မြစ်ကြောင်းပြောင်းလဲမှုများဖြစ်နေရာ ဗန်းမော်မှဆင်းလာသော ရေယာဉ်များမှာ ရေလမ်းကြောင်း အကွေ့အကောက်များစွာဖြင့် သဲသောင်ပြင်များကိုပတ်၍ ကသာမြို့အောက်နားအထိ သွားရပြီးမှ ပြန်ဆန်ကွေ့ကာ ကသာမြို့ကိုဝင်ရောက်ရသည့်အနေအထား ဖြစ်ပေါ်နေကြောင်း သိရသည်။

လက်ရှိအချိန်တွင် ကသာမြို့ကမ်းနား၌ သဲသောင်ပြင်ကျယ်များ ပေါ်ထွန်းနေခြင်းကြောင့် ရေပြင်အကျယ်မှာ ၇၅ ကိုက်ခန့်သာ ရှိနေပြီး အဆိုပါ သဲသောင်ပြင်ကြီးများ၊ ကိုင်းကျွန်းတောကြီးများကြောင့် ကသာမြို့အဝင်တွင် ရေယာဉ်လမ်းကြောင်းများ ပိတ်ဆို့ကာ ကုန်စည်သယ်ယူရေးလုပ်ငန်းကိုလည်း ထိခိုက်စေလျက်ရှိကြောင်း သိရသည်။

ဧရာဝတီမြစ်အတွင်း သဲသောင်များပေါ်ထွန်းမှု ပိုများလာခြင်းမှာ မြစ်ကို သွယ်ဝိုက်အကျိုးပြုနေသည့် သစ်ပင်သစ်တောများကို ခုတ်ယူမှုများပြားခြင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်၍ ရာသီဥတုဖောက်ပြန်လာခြင်း၊ မြစ်အတွင်း ကမ်းပါးပြိုကျမှုများလာခြင်း၊ မြစ်ရေစီးရေလာကောင်းမွန်ရေးအတွက် ကျေးရွာများတွင် ကမ်းထိန်းနံရံ ပြုလုပ်ပေးနိုင်မှုနည်းပါးခြင်း၊ ရေလမ်းကြောင်းအတွင်း သဲသောင်ထွန်းလာမှု တစ်စတစ်စများလာခြင်းကို မထိန်းချုပ်နိုင်ခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ မြစ်ကြောင်းအတွင်း သဲသောင်ထွန်းမှုများကို ထိန်းသိမ်းနိုင်ရန် မြစ်ကမ်းတစ်လျှောက်နေထိုင်သူများအနေဖြင့် ကမ်းပြိုကျမှုကာကွယ်ရေးလုပ်ငန်းများကို တာဝန်တစ်ရပ်အနေဖြင့် သဘောထားဆောင်ရွက်ရန်နှင့် ကမ်းထိန်းနံရံကဲ့သို့ဖြစ်စေမည့် နှစ်ရှည်သစ်ပင်ကြီးများ စိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း ပညာရှင်များက လေ့လာဆန်းစစ်ထားသော စာတမ်းများတွင် ဖော်ပြထားချက်များအရ သိရသည်။

**ငွေအိုး(ကသာ)**





နေပြည်တော် လယ်ဝေးမြို့ အထက(၂)တွင် ကျောင်းနှင့် ဝန်းကျင်သန့်ရှင်းရေးနေ့အဖြစ် စုပေါင်းသန့်ရှင်းရေးနှင့် လက်ဆေးခြင်းတို့ကို ကျောင်းအုပ်ဆရာကြီး ဦးအောင်လွင်နှင့် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများက အောက်တိုဘာ ၂၉ ရက်က ပြုလုပ်စဉ် မောင်ကျော်ကြီး

## ဇီကာဗိုင်းရပ်စ်ရောဂါအကြောင်း သိကောင်းစရာများ ဟောပြော

**ဗန်းမောက် အောက်တိုဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ရဲတပ်ဖွဲ့ဝင် မိသားစုများနှင့် ပြည်သူများအား ဇီကာဗိုင်းရပ်စ်ရောဂါအကြောင်း အသိပညာပေးဟောပြောပွဲကို မြို့နယ်ရဲတပ်ဖွဲ့က ကြီးမှူး၍ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂၉ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ဗန်းမောက်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနေထွန်းက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့်ယဉ်ကျေးမှုအဖွဲ့အစည်း ကျန်းမာရေးအဖွဲ့ခွဲမှ ထုတ်ဝေသော ဇီကာဗိုင်းရပ်စ်အကြောင်း သိကောင်းစရာအချက်အလက်များ အပါအဝင် ဇီကာဗိုင်းရပ်စ်ရောဂါ၏ လက္ခဏာများ၊ ကိုယ်ဝန်ဆောင်မိခင်များတွင် ရောဂါဖြစ်ပွားပါက မွေးလာသည့်ကလေးများတွင် ချို့ယွင်းမှုများ ရှိနိုင်ပုံများကို အသေးစိတ်ရှင်းလင်းဟောပြောခဲ့သည်။ ဟောပြောပွဲသို့ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ၊ ဒေသခံပြည်သူများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

**ကျော်စွာ(ဗန်းမောက်)**

# နတ်သမီးကမ်းပါး မြစ်ရေတင်စီမံကိန်းအပါအဝင် ရေပေးဝေရေးလုပ်ငန်းများကို ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များဖြည့်ဆည်းပေး

**ညောင်ဦး အောက်တိုဘာ ၃၁**

ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော နတ်သမီးကမ်းပါး မြစ်ရေတင်စီမံကိန်းလုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းနှင့် တာဝန်ရှိသူများအဖွဲ့က အောက်တိုဘာ ၂၈ ရက်က ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး နတ်သမီးကမ်းပါး မြစ်ရေတင်စီမံကိန်း လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးခဲ့ရာ မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမင်းဟန်က နတ်သမီးကမ်းပါး မြစ်ရေတင်ရေစက်ရုံမှ တောင်ဇင်းနှင့် စက်စက်ယို ရေစက်ရုံများသို့ ရေသွယ်ယူပြီး ကျေးလက်နေပြည်သူများအတွက် သောက်သုံးရေဖြန့်ဝေပေးနေမှု လုပ်ငန်းများနှင့် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် နတ်သမီးကမ်းပါး မြစ်ရေတင်ရေစက်ရုံ၌ ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံရေးအတွက် ရေစုကန်များသို့ ရေတင်ပို့ပေးနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆက်လက်၍ ငှက်ပစ်တောင် ရေတင်စက်ရုံ၊ တောင်ဇင်းရေစက်ရုံနှင့် စက်စက်ယိုရေစက်ရုံများသို့ သွားရောက်ကာ အဆိုပါရေစက်ရုံများတွင် ရေဖြန့်ဝေပေးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျေးလက်နေပြည်သူများ သောက်သုံးရေအခက်အခဲ မဖြစ်စေရန်အတွက် ရေတင်စက်ရုံများမှ ရေဖြန့်ဝေပေးရာတွင် စနစ်တကျ ဖြန့်ဝေပေးနိုင်ရေး ကြိုတင်စီမံမှုများဆောင်ရွက်ထားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ရွှေပါရမီ ကျန်းမာရေးဖောင်ဒေးရှင်းမှ သနပ်ပင်မြို့တွင် အခမဲ့ ကွင်းဆင်းဆေးကုပေး

**သနပ်ပင် အောက်တိုဘာ ၃၁**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား အခမဲ့ ကွင်းဆင်း ဆေးကုသမှုများကို ရွှေပါရမီ ကျန်းမာရေးဖောင်ဒေးရှင်းမှ အထူးကုဆရာဝန်ကြီးများအဖွဲ့က အောက်တိုဘာ ၂၉ ရက်နှင့် ၃၀ ရက်များက အထက (သနပ်ပင်) ကျောင်း၌ လာရောက်ဆောင်ရွက်ပေးခဲ့ကြသည်။

ကွင်းဆင်းဆေးကုသရာတွင် မျက်စိ၊ နား၊ နှာခေါင်း၊ သွားနှင့်ခံတွင်း၊ ခွဲစိတ်၊ သားဖွားနှင့် မီးယပ်၊ ကလေး၊ ဦးနှောက်နှင့် အာရုံကြော၊ အစာအိမ်နှင့် အူလမ်းကြောင်း၊ မျက်စိနှင့်ခါတ်မှန်စသော ကဏ္ဍများအလိုက် အထူးကုဆရာဝန်ကြီးများက ရောဂါရှာဖွေစစ်ဆေးခြင်းနှင့် ကုသခြင်းများ ဆောင်ရွက်ပေးကြပြီး လိုအပ်သည့် ဆေးဝါးများလည်း အခမဲ့ပေးခဲ့ကြောင်း သိရသည်။

ဆေးဝါးကုသမှုခံယူကြသော ပြည်သူများအား ကျောင်းသားကျောင်းသူများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးမှူးများက လိုအပ်သည်များကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသည်။

**တင်အောင်ဆန်း(သနပ်ပင်)**



ဆေးကုသမှု လာရောက်ခံယူကြသောပြည်သူများ

## မှုခင်းသတင်းတိုများ

### ဘိန်းဖြူနှင့်စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်အတွင်း ကျပ် ၂၃ သိန်းကျော်တန်ဖိုးရှိ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများကို အောက်တိုဘာ ၂၉ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ ဝန်းသို-ပင်လည်ဘူး ကားလမ်းမပေါ်တွင် မူးယစ်ဆေးဝါးများသယ်ဆောင်လာသည့်သတင်းအရ ဝန်းသိုမြို့မရဲစခန်းမှ ရဲတပ်ကြပ်ကြီးအုန်းကျော်နှင့် အဖွဲ့က သက်သေများနှင့်အတူ စောင့်ဆိုင်းရှာဖွေစဉ် ပင်လည်ဘူးဘက်မှ ဝန်းသိုဘက်သို့ စိုးလင်းသူမောင်းနှင်လာပြီး နောက်မှ နိုင်လင်းဆိုသူ လိုက်ပါလာသည့်ဆိုင်ကယ်ကို စစ်ဆေးရာ နိုင်လင်းထံမှ ဘိန်းဖြူ ၁၁ ဒသမ ၅၆ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၄၅ ပြားကို ဖမ်းမိ ခဲ့ခြင်းဖြစ်သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ နိုင်လင်းနှင့် စိုးမင်းသူတို့အား ဝန်းသိုမြို့မ ရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

### ရေနံစိမ်းစည်များ ခွင့်ပြုမိန့်ထက် ပိုမိုသယ်ဆောင်သူများကိုဖမ်းဆီး

မင်းလှမြို့နယ်အတွင်း ခွင့်ပြုချက်ထက် ရေနံစိမ်းစည် ၃၅ လုံးကို ပိုမိုတင်ဆောင်၍ ခွင့်ပြုလမ်းကြောင်းမှ သယ်ဆောင်ခြင်းမပြုသူများအား အောက်တိုဘာ ၂၇ ရက်က ဖမ်းမိခဲ့ကြောင်း ရေနံမနယ်မြေရဲစခန်းမှသိရသည်။

ပုသိမ်-မုံရွာကားလမ်းတွင် တရားမဝင်ရေနံစိမ်းများ သယ်ဆောင်နေကြောင်း သတင်းအရ ရေနံမနယ်မြေရဲစခန်းမှ ဒုရဲအုပ်စိုးအေးနှင့်အဖွဲ့က ပုသိမ်-မုံရွာကားလမ်း မိုင်တိုင်အမှတ် (၂၄၇/၅) အနီး အောက်တိုဘာ ၂၇ ရက် ညပိုင်းက စောင့်ဆိုင်းဖမ်းဆီးစဉ် မင်းတုန်းဘက်မှ ပါဒန်းကျေးရွာဘက်သို့ သိန်းဇော်(၃၉ နှစ်) မောင်းနှင်လာသည့် ၁ဂ/--- နီဆန်း ၁၂ ဘီးယာဉ်ပေါ်မှ ရေနံစိမ်း ၁၁၅ စည်(ဂါလန် ၅၇၅၀)ကို တွေ့ရှိပြီး ၎င်းတို့တွင်ပါရှိသော မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထုတ်ပေးထားသည့် ရေနံစိမ်းသယ်ဆောင်ခွင့်ပြုမိန့်တွင် ရေနံစိမ်း ၈၀ ပေပါ(၄၀၀၀ ဂါလန်)ကို စမ်း(ကံ)-ရေနံမ-ကန်တုတ်-ပါဒန်းလမ်းအတိုင်း သယ်ဆောင်ခွင့်ပြုကြောင်း တွေ့ရှိရသဖြင့် ခွင့်ပြုမိန့်ထက် ရေနံစိမ်း ၃၅ စည် (ဂါလန် ၁၇၅၀)ပိုမိုတင်ဆောင်ပြီး ခွင့်ပြုလမ်းကြောင်း မဟုတ်သည့်လမ်းမှ သယ်ဆောင်လာခြင်းဖြစ်ကြောင်း တွေ့ရှိရသဖြင့် ယာဉ်မောင်း သိန်းဇော်၊ ယာဉ်နောက်လိုက် ပေါ်ပိုနှင့် ရေနံလုပ်ကွက်တာဝန်ခံ ဦးသောင်းအေး (နေရပ်စုံစမ်းဆဲ) တို့ သုံးဦးအား မင်းလှမြို့နယ် ရေနံမနယ်မြေရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

### အိမ်ထောင်ရေးအဆင်မပြေ၍သေကြောင်းကြံစည်

ငဖဲမြို့နယ် ဂုတ်ဝကျေးရွာတွင် အောက်တိုဘာ ၂၉ ရက်က လူတစ်ဦး မိမိကိုယ်ကို ဓားလှံဖြင့်ထိုး၍ သေကြောင်းကြံစည်မှုဖြစ်ပွားခဲ့ကြောင်း ငဖဲမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၉ ရက် နံနက် ၁ နာရီခန့်က ဂုတ်ဝကျေးရွာနေ ချင်းအမျိုးသား ဦးကပ် ၅၀ နှစ်သည် အိမ်ထောင်ရေးအဆင်မပြေသဖြင့် စိတ်ညစ်၍ မိမိကိုယ်မိမိ သံရိုးတပ် အရိုးအသွား ၁၇ လက်မခွဲခန့်ရှိ ဓားလှံဖြင့်ထိုး၍ သတ်သေခြင်းဖြစ်ကြောင်း၊ ထိုဖြစ်စဉ်ကို နံနက် ၅ နာရီခန့်တွင် သိရှိရသဖြင့် အုပ်ချုပ်ရေးမှူး ဦးမောင်ကျော်နှင့်အဖွဲ့၊ ဦးကပ်၏အစ်ကို ဦးရွှေတို့က ဦးကပ်အား ပါဒန်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ကုသပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မိမိကိုယ်မိမိ သတ်သေရန်ပြုလုပ်သူ ဦးကပ်အား ဥပဒေအရ အရေးယူပေးပါရန် ရဲတပ်ကြပ်ကြီး ဌေးလွင်က တရားလိုပြုလုပ်၍ ငဖဲမြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# မြို့ပြအမွေအနှစ် ရန်ကုန်ဘူတာကြီး

မောင်သာ(ရှေးဟောင်းသုတေသန)

**ရန်ကုန်မြို့လယ်တွင်တည်ရှိသည့် ဘူတာကြီးသည် မြန်မာနိုင်ငံတစ်ဝန်း ၃၁၂၆ မိုင် ဖြန့်ကြက်ထားသည့် မီးရထားကွန်ရက်၏ ဗဟိုအချက်အချာနေရာဖြစ်ကာ အဓိကအဝေးပြေးရထားလမ်းမကြီး သုံးခုသည် ရန်ကုန်ဘူတာကြီးမှ မန္တလေး၊ ပြည်နှင့် မော်လမြိုင်သို့ ဖြာထွက်နေသည်။ မန္တလေးလမ်းမှ မြစ်ကြီးနားနှင့် လားရှိုးအထိ၊ မော်လမြိုင်လမ်းမှ ထားဝယ်အထိ၊ ပြည်လမ်းမှ ပုဂံ အထိ မီးရထားဖြင့် တစ်ဆက်တည်းသွားရောက်နိုင်သကဲ့သို့ ဂန့်ဂေါ၊ လွိုင်ကော်၊ တောင်ကြီးစသည့် ဝေးလံဒေသများနှင့် တောင်ပေါ်ဒေသများသို့လည်း မီးရထားဖြင့်သွားရောက်နိုင်ကြသည်။**

ရန်ကုန်မြို့နှင့် ဆင်ခြေဖုံးဒေသများရှိ ပြည်သူများသွားလာရာတွင် လွယ်ကူစေရန်ရန်ကုန်မြို့ပတ်ရထားလမ်းအား အိမ်စောင့်အစိုးရလက်ထက် ၁၉၅၉ ခုနှစ်တွင် ဖောက်လုပ်ခဲ့သည်။ ယခုအခါတွင် မြို့ပတ်ရထားများသည် ရန်ကုန်ဘူတာကြီးကို အခြေပြုလျက် ရထားအစင်းရေ ၂၀၀၊ အဆိုင်း ၃၀ ဖြင့် လက်ဝဲရစ်၊ လက်ယာရစ် အသွားအပြန်နေ့စဉ် ပြေးဆွဲလျက်ရှိရာ မြို့ပတ်ရထားလမ်းတစ်လျှောက် ဘူတာ ၃၈ ဘူတာရှိသည်။ မြို့ပတ်ရထားလမ်းပေါ်တွင် မရှိသည့် လှော်ကား၊ သန်လျင်နှင့် ရွာသာကြီးတို့သို့လည်း ရန်ကုန်ဘူတာကြီးမှ ရထားများပြေးဆွဲပေးလျက်ရှိသည်။

လွန်ခဲ့သောနှစ် ၁၄၀ မှ စတင်၍ ရထားများပြေးဆွဲခဲ့သည့် ရန်ကုန်ဘူတာကြီးကို ယခင်က မီးရထားရုံတော်ဟုလည်းကောင်း၊ ဖယ်ရာလမ်း(ယခုပန်းဆိုးလမ်း)ထိပ်တွင်ရှိသဖြင့် ဖယ်ရာစခန်းဟုလည်းကောင်း ခေါ်ဆိုခဲ့သည်။ ဘူတာအနီးတွင်ကွမ်းခြံများရှိခဲ့သဖြင့် ကွမ်းခြံဘူတာဟုလည်း ခေါ်ဝေါ်ကြသည်။ မူလက ရန်ကုန်ဘူတာကြီး အဆောက်အအုံသည် မီးရထားသံလမ်းများ၏ မြောက်ဘက်ခြမ်း၊ ယခုရှိနေသည့် နေရာမဟုတ်ဘဲ သံလမ်းများ၏တောင်ဘက်ခြမ်း(ယခု ဗိုလ်ချုပ်အောင်ဆန်းလမ်းဘက်)တွင် သွပ်မိုး သစ်သား အဆောက်အအုံတစ်ခုအဖြစ် တည်ရှိခဲ့သည်။

### မီးရထားအစ

သံလမ်းပေါ်တွင်မောင်းနှင်သော စက်ခေါင်းတစ်ခုက တွဲများကိုဆွဲယူကာ လူနှင့်ပစ္စည်းများအားသယ်ယူပို့ဆောင်သည့် ရထားပို့ဆောင်ရေးစနစ်သည် အင်္ဂလန်နိုင်ငံရှိ ကျောက်မီးသွေးတွင်းများမှ အစပြုခဲ့သည်။ မီးရထားစက်ခေါင်းကို မတီထွင်မီက ကျောက်မီးသွေးတွင်းမှ ကျောက်မီးသွေးများကို လှည်းများဖြင့် တင်ဆောင်ကာ ပျဉ်ပြားအထူများခင်းထားသည့် လမ်းများအတိုင်း မြင်းများဖြင့် ဆွဲယူခဲ့ကြရသည်။သစ်သားပြားများကို ရွှံ့ဗွက်များအပေါ်မြှင့်ထားပြီး မြင်းရထားဘီးများ ချော်မသွားစေရန် ပျဉ်ပြားများ၏အပြင်နှုတ်ခမ်းတွင် အနားများ တပ်ဆင်ထားသည်။ ယင်းတို့သည် ရထားလမ်းများ၏ ရှေ့ပြေးဖြစ်ပြီး ၁၈၀၄ ခုနှစ်တွင် ရစ်ချတ်ထရီ ဗီသစ်က ပထမဆုံးရထားစက်ခေါင်းကို တီထွင်ခဲ့သော်လည်း လက်တွေ့တွင် အသုံးမပြုနိုင်ခဲ့သဖြင့် ဆက်လက်တီထွင်ခဲ့သူများက ရထားစက်ခေါင်းကို ကောင်းသည်ထက်ကောင်းရန် ကြိုးပမ်းခဲ့ကြသည်။

၁၈၂၅ ခုနှစ်တွင် ဂျော့စတီဖင်ဆန် (၁၇၈၁-၁၈၄၈) တီထွင်သည့် ရေနွေးငွေ့သုံးစက်ခေါင်းသည် ရထားလမ်းပေါ်တွင် ကောင်းစွာမောင်းနှင်နိုင်ခဲ့သည်။ စတော့တန်နှင့် ဒါလင်တန်သွားသည့် ရထားလမ်းဖွင့်ပွဲတွင် ကမ္ဘာပေါ်တွင် ပထမဆုံးသော လူစီးနှင့်ကုန်ရထားကို ဂျော့စတီဖင်ဆန်တီထွင်ထားသည့် ရေနွေးငွေ့စွမ်းအင်သုံးရထား စက်ခေါင်းဖြင့် မောင်းနှင်ခဲ့သည်။ ယင်းရထားစက်ခေါင်းကို စက်ခေါင်းအမှတ် (၁) ဟု အမည်ပေးခဲ့ရာ အလွန်ကောင်းမွန်၊ အဓိပ္ပာယ်ရှိသော အမည်ဖြစ်ပေသည်။

မီးရထားပေါ်ပေါက်လာသည်နှင့် မီးရထားသယ်ယူပို့ဆောင်ရေးနှင့် ဆက်စပ်နေသည့် ဘူတာရုံများသည်လည်း ရထားလမ်းတစ်လျှောက် ပေါ်ထွန်းလာခဲ့သည်။

### ပထမဆုံး မြန်မာ့မီးရထားလမ်း

ဒုတိယအင်္ဂလိပ်-မြန်မာစစ်ပွဲအပြီး ၁၈၅၂ ခုနှစ်တွင် အင်္ဂလိပ်တို့သည် အောက်မြန်မာနိုင်ငံကို သိမ်းပိုက်ခဲ့သည်။ ဗြိတိသျှတို့သည် ကုန်သွယ်မှုဖွံ့ဖြိုးလာသည့် အောက်မြန်မာပြည်တွင် မီးရထားလမ်းတစ်ခုဖောက်လုပ်ရန် စီစဉ်ခဲ့ပြီး ထိုအချိန်က အောက်မြန်မာနိုင်ငံ၏ ဝန်ရှင်မင်းကြီး ဆာအက်ရှလီအီဒင်သည် မီးရထားလမ်းဖောက်လုပ်နိုင်ရေးကို အထူးကြိုးပမ်းခဲ့သည်။ ရန်ကုန်မြို့မှ အနောက်မြောက်ယွန်းယွန်း ၁၇၄ မိုင် ကွာဝေးသည့် ပြည်မြို့သို့ ၁၆၁ မိုင်ရှည်လျားသည့် မီးရထားလမ်းဖောက်လုပ်ရန် ၁၈၆၉ ခုနှစ်တွင် ခွင့်ပြုချက်ရရှိခဲ့သည်။

မီးရထားလမ်းဖောက်လုပ်ရန် တိုင်းထွာတွက်ချက်မှုများပြုခဲ့ပြီး သံလမ်းအကျယ် ၃၉ ဒသမ ၃၇ လက်မ၊ သံလမ်းနှစ်ခုအကြား အကွာအဝေး ၃ ပေ၊ ၃ ဒသမ ၃၇၅ လက်မထားရှိရန် ဆုံးဖြတ်ခဲ့ပြီး သံလမ်းများကို ကရာချိမှ မြန်မာနိုင်ငံသို့ သယ်ယူခဲ့သည်။ မြန်မာနိုင်ငံ၏ ပထမဆုံးမီးရထားလမ်းဖြစ်သည့် ရန်ကုန်-ပြည်ရထားလမ်းကို ၁၈၇၆ ခုနှစ်တွင် ဖောက်လုပ်ခဲ့ပြီး ရထားလမ်းတစ်မိုင်အတွက် ငွေကျပ် ၇၃၀၀၀ ကုန်ကျခဲ့သည်။ ယင်းရထားလမ်းအား ရန်ကုန် - ဧရာဝတီမြစ်ဝှမ်း မီးရထားလမ်း (Rangoon - Irrawaddy Valley State Railway) ဟု ခေါ်ဆိုခဲ့သည်။

၁၈၇၇ ခုနှစ် မေလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံ၏ ပထမဆုံးမီးရထားသည် ရန်ကုန်ဘူတာမှ ပြည်မြို့သို့ထွက်ခွာခဲ့သည်။ သို့သော် ထိုမီးရထားသည် ပြည်မြို့အထိမသွားဘဲ ရန်ကုန်ဘူတာမှ ကိုးမိုင်ကွာဝေးသည့် အင်းစိန်ဘူတာအထိသာ ခုတ်မောင်းခဲ့သည်။ လမ်းတွင်ကြည့်မြင်တိုင်ဘူတာနှင့် သမိုင်းဘူတာများတွင် ရပ်နားပြီး အင်းစိန်ဘူတာမှ ရန်ကုန်သို့ ပြန်လည်မောင်းနှင်ခဲ့သည်။ မြန်မာနိုင်ငံတွင် ပထမဆုံးပြေးဆွဲခဲ့သည့် ရထားစက်ခေါင်းသည် ပေါင်ချိန် ၃၈၅၇ ဆွဲအားရှိသည့် ၁၈ တန် အင်ဂျင်ဖြစ်ပြီး ရိုးရိုးတွဲ ၁၂ တွဲနှင့် သီးသန့်တွဲ တစ်တွဲပါရှိခဲ့သည်။ ရန်ကုန်ဘူတာမှ နံနက်ခြောက်နာရီ ရထားစတင်ထွက်ခွာခဲ့ရာ ပေထုပ်များ ပစ်ဖောက်၍ ဂုဏ်ပြုခဲ့ကြသည်။

**မြန်မာနိုင်ငံ၏ ပထမဆုံးမီးရထားလမ်းဖြစ်သည့် ရန်ကုန်-ပြည်ရထားလမ်းကို ၁၈၇၆ ခုနှစ်တွင် ဖောက်လုပ်ခဲ့ပြီး ရထားလမ်းတစ်မိုင်အတွက် ငွေကျပ် ၇၃၀၀၀ ကုန်ကျခဲ့သည်။ ယင်းရထားလမ်းအား ရန်ကုန် - ဧရာဝတီမြစ်ဝှမ်းမီးရထားလမ်း (Rangoon - Irrawaddy Valley State Railway) ဟု ခေါ်ဆိုခဲ့သည်**

ထိုစဉ်က ရန်ကုန်နှင့်ပြည် အကြားတွင် ဘူတာရုံ ၁၈ ခုဆောက်လုပ်ခဲ့ရာ ရန်ကုန်နှင့် ပြည်ဘူတာများသည် အဓိကဘူတာများဖြစ်ကြသည်။ အင်္ဂလန်နိုင်ငံရှိ မီးရထားဘူတာများ ပုံစံကိုယူ၍ တည်ဆောက်ထားသည့် ကြည့်မြင်တိုင်ဘူတာနှင့် အင်းစိန်ဘူတာသည် ယနေ့တိုင် မူလလက်ရာအတိုင်း ရှိနေသဖြင့် ရန်ကုန်မြို့ပတ်ရထားများတွင် လိုက်ပါစီးနင်းကြသည့် ပြည်ပခရီးသွားအချို့သည် ကြည့်မြင်တိုင်ဘူတာနှင့် အင်းစိန်ဘူတာသို့ ရောက်ရှိလျှင်ဓာတ်ပုံများ ရိုက်ကူးလေ့ရှိကြသည်။

ရန်ကုန် - ပြည် မီးရထားလမ်းဖွင့်ပွဲ အခမ်းအနားသို့ အောက်မြန်မာပြည် ဝန်ရှင်တော်မင်းကြီး ဆာအေရေဗား သွန်မဆင်တက်ရောက်ခဲ့ပြီး ရထားပေါ်တွင် လိုက်ပါစီးနင်းခဲ့သည်။ ဧည့်သည်တော်များနှင့် အရာရှိ၊အရာခံလူကြီး လူကောင်းများလည်း လိုက်ပါခဲ့ကြပြီး ရန်ကုန်မြို့သူ မြို့သားများသည် မီးရထားကို ပထမဆုံးအကြိမ် မြင်တွေ့ကြရသဖြင့် အံ့သြခဲ့ကြရသည်ဟု ဆိုပါသည်။

မြန်မာ့မီးရထား၏ အစောပိုင်းကာလများတွင် တစ်လမ်းသွားရထားလမ်း ၈၈၆ မိုင်နှင့် နှစ်လမ်းသွား ၁၃၉ မိုင်ဖောက်လုပ်ခဲ့သည်။ နှစ်လမ်းသွားရထားလမ်းဖောက်လုပ်ထားသည့်နေရာများတွင် ရထားများသည် တစ်ချိန်တည်း အစုန်အဆန် မောင်းနှင်နိုင်သဖြင့် ပိုမိုခရီးတွင်ခဲ့သည်။ ဆယ်စုနှစ်တစ်ခုအတွင်းရထားလမ်းကွန်ရက်ကို နှစ်ဆတိုးခဲ့ကာ တစ်လမ်းသွား ရထားလမ်း ၁၅၂၉ မိုင်နှင့် အစုန်အဆန် ဒွေးလမ်း ၃၂၉ မိုင်အထိ ဖောက်လုပ်ခဲ့သည်။

### ရန်ကုန်ဘူတာကြီး

၁၈၇၆ ခုနှစ်တွင် တည်ဆောက်ခဲ့သော ရန်ကုန်ဘူတာကြီးကို ဖျက်သိမ်းပြီး အသစ်ပြန်လည်တည်ဆောက်ရန် ၁၉၁၀ ပြည့်နှစ်တွင် စီစဉ်ခဲ့ကာ အိန္ဒိယနိုင်ငံ ဘုံဘေမြို့ရှိ အစိုးရ ဗိသုကာအကြံပေးဟောင်း မစ္စတာဝီလ်ကော့အား တည်ဆောက်မည့် ပုံစံရေးဆွဲရန် တာဝန်ပေးခဲ့သည်။ မစ္စတာဝီလ်ကော့က ရန်ကုန်ဘူတာကြီး စီမံကိန်းဧရိယာစတုရန်းပေ ၁၀၀၀၀၀ အနက် ဘူတာကြီးပင်မအဆောက်အအုံအတွက် စတုရန်းပေ ၆၀၄၀၀ နှင့် ကျန်အဆောက်အအုံများနှင့် ရထားလမ်းများအတွက် စတုရန်းပေ ၅၈၄၀၀ အသုံးပြုရန် ပုံစံထုတ်ပေးခဲ့သည်။ ရန်ကုန်ဘူတာကြီးဆောက်လုပ်ရာတွင် ရထားဆိုက်ရောက်ရန် ပေ ၁၀၀၀ ရှည်၍ ငါးပေကျယ်သည့် စင်္ကြံများနှင့် ပေ ၂၅၀ စီ ရှည်သော ကုန်လှောင်ရုံများကို ထည့်သွင်းထားပြီး ထိုခေတ်ရန်ကုန်ဘူတာကြီး၏ ပုံစံသည် ကိုလိုနီခေတ်လက်ရာ ဝိတိုရိယအဆောက်အအုံဒီဇိုင်းဖြစ်သည်။

ဘူတာကြီး၏ မျက်နှာစာတွင် မော်တော်ကား၊ မြင်းလှည်း၊ လန်ချားနှင့် လက်တွန်းလှည်းများ ရပ်နားရန်နေရာနှင့် ကုန်ပစ္စည်းများ သယ်ယူရန်နေရာများ ပြုလုပ်ခဲ့သည်။ ထိုစဉ်က မီးရထားများသည် ပထမတန်း၊ ဒုတိယတန်းနှင့် တတိယတန်းဟု သတ်မှတ်ထားရာအတန်းလိုက် စီးနင်းလိုက်ပါကြမည့် ခရီးသည်များအတွက် နေရာများပြုလုပ်ပေးထားသည်။ တတိယတန်းနေရာသည် အရှည် ပေ ၇၀၀ ၊အကျယ် ပေ ၄၀ ရှိသည်။ ပထမတန်းနှင့် ဒုတိယတန်းနေရာသည် အရှည်ပေ ၁၅၀ ၊ အကျယ်ပေ ၄၀ ကျယ်ဝန်းပြီး ပထမတန်းနှင့် ဒုတိယတန်း ကြိုတင်လက်မှတ်အရောင်းဌာနကိုပါ ပူးတွဲဖွင့်လှစ်ထားသည်။တတိယတန်းကြိုတင်လက်မှတ်ရုံကို ဘူတာကြီး ပင်မအဆောက်အအုံတွင်ထားရှိပြီး အတန်းစုံ လက်မှတ်အရောင်းဌာနသည် မောင်ဂိုမာရီလမ်း (ဗိုလ်ချုပ်အောင်ဆန်းလမ်း) ခုံးတံတားအဝင်အဝတွင်ရှိခဲ့သည်။ ဘူတာကြီးခုံးကျော်တံတားတွင် လမ်းသုံးလမ်းပါဝင်ခဲ့ကာ ၁၁ ပေကျယ်ဝန်းသည့် အလယ်လမ်းသည် ဘူတာရုံမှထွက်ရန်ဖြစ်ပြီး ခုနစ်ပေ ကျယ်သော ဘေးဝဲယာလမ်းနှစ်ခုသည် ဘူတာစင်္ကြံအသီးသီးသို့ သွားရန်ဖြစ်သည်။

ထိုစဉ်က မီးရထားဘူတာရုံများကို အေ၊ ဘီ၊ စီ အဆင့်များခွဲထားရာ မြို့ကြီးများနှင့် လမ်းဆုံလမ်းခွဲရှိ ဘူတာများကို အေအဆင့်သတ်မှတ်သည်။ မြို့ငယ်များရှိ ဘူတာများကိုမူ ဘီ အဆင့်သတ်မှတ်၍ မြို့ကြီးများအကြား ရထားလမ်းတစ်လျှောက်ရှိ ကျေးရွာများရှိ ဘူတာများကို စီအဆင့်သတ်မှတ်သည်။ အေအဆင့် မီးရထားဘူတာများတွင် အင်္ဂလိပ်နှင့် အင်္ဂလိပ် ကပြားများကို ရုံပိုင်များ အဖြစ်ခန့်ထားပြီး အိန္ဒိယလူမျိုးများကို ဘီအဆင့် ရုံပိုင်နေရာများ၊ မြန်မာလူမျိုးများကို စီအဆင့် ဘူတာများတွင် ရုံပိုင်များအဖြစ်ခန့်ထားခဲ့သည်။ တိုင်းတစ်ပါး၏ အုပ်ချုပ်မှုအောက်တွင်နေခဲ့ရချိန်ဝယ် တိုင်းရင်းသား မြန်မာလူမျိုးများ အနှိမ်ခံရခြင်း၏ သရုပ်တစ်ခုဟု ဆိုနိုင်ပေသည်။

ရန်ကုန်ဘူတာရုံကြီးကို ၁၉၁၁ ခုနှစ် ဧပြီလ ၄ ရက်နေ့တွင် အခမ်းအနားဖြင့် ဖွင့်လှစ်ခဲ့ရာ လူ၁၀၀၀ ကျော်တက်ရောက်ခဲ့ပြီး ဒုတိယဘုရင်ခံချုပ် ဆာဟင်နရီအဒမ်ဆင်က ဘူတာရုံသစ်ကြီးကိုဖွင့်လှစ်ပေးခဲ့သည်။ ဘူတာရုံတည်ဆောက်စရိတ်သည် ၃၂၄၂၀၀၀ ဖြစ်ပြီး တတိယတန်းခရီးသည်များ စောင့်ဆိုင်းရာ အဆောက်အအုံကို ငွေကျပ် ငါးသိန်းအကုန်အကျခံ၍ ဆောက်လုပ်ခဲ့ကြောင်း မီးရထားကုမ္ပဏီ၏ ခေတ္တကိုယ်စားလှယ် မစ္စတာကို့ချမင်းက တင်ပြခဲ့သည်။

ဘူတာကြီး၏ တောင်ဘက်တွင် ဘူတာကြီးကို ပုံစံရေးဆွဲခဲ့သူ ဗိသုကာပညာရှင် မစ္စတာဝီလ်ကော့ကို ဂုဏ်ပြုသောအားဖြင့် နာရီစင်တစ်ခုတည်ဆောက်ခဲ့ပြီးဘူတာကြီးဝင်း၏ အနောက်ဘက်တွင် မီးရထားဟိုတယ်တစ်ခုကို ဖွင့်လှစ်ခဲ့သည်။ မီးရထားဟိုတယ်ကို ရထားစီး ခရီးသည်များနားခိုနိုင်ရန် တစ်ယောက်ခန်း ၁၀ ခန်းနှင့်နှစ်ယောက်ခန်း ငါးခန်းဖွဲ့စည်းထားသည်။

တစ်ဆက်တည်းမှာပင် မီးရထားလုပ်ငန်းများ စီမံခန့်ခွဲနိုင်ရန် မီးရထားရုံးချုပ်အဆောက်အအုံကို ယခု ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဆူးလေဘုရားလမ်းထောင့်တွင် ၁၈၇၇ ခုနှစ်တွင် တည်ဆောက်ခဲ့ကြောင်း ရန်ကုန်မြို့ရှိ ရှေးဟောင်းအဆောက်အအုံ ၃၀ စာအုပ်တွင် ဖော်ပြထားသည်။မီးရထားရုံးချုပ်အဆောက်အအုံ ဒီဇိုင်းဆွဲခဲ့သူ ဗိသုကာအမည်ကိုကား မှတ်တမ်းမတွေ့ရှိသေးပါ။

ရန်ကုန်ဘူတာကြီးသည် ဒုတိယ ကမ္ဘာစစ်အတွင်း ဗုံးဒဏ်များကြောင့် များစွာပျက်စီးခဲ့သည်။ ရန်ကုန်ဘူတာကြီး အပြင် တစ်ပြည်လုံးအတိုင်းအတာအရ စက်ခေါင်း ၃၂၀ မှ ၃၅၄ ခေါင်း၊ရထားတွဲပေါင်း ၇၀၀၀ ကျော်သည် စစ်ဘေးစစ်ဒဏ်ကြောင့် ပျက်စီးခဲ့ရပေသည်။ ရထားသံလမ်းတံတား ၅၀၀ ကျော်နှင့် မီးရထားရုံးချုပ်ကြီးသည်လည်း ဗုံးဒဏ်သင့်ခဲ့သည်။

၁၉၄၃ ခုနှစ်တွင် အင်္ဂလိပ်များ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာခဲ့ချိန်တွင် ရန်ကုန်ဘူတာကြီးကို အသစ်ပြန်လည်တည်ဆောက်ခဲ့သည်။ ယင်းအဆောက်အအုံသည် ယနေ့မြင်တွေ့နေရသည့် ရန်ကုန်ဘူတာကြီးဖြစ်ပြီး မြန်မာအင်ဂျင်နီယာဦးလှသွင်က ဒီဇိုင်းဆွဲ ပုံစံထုတ်ခဲ့သည်။ ဦးလှသွင်၏ ဒီဇိုင်းကို မီးရထားအုပ်ချုပ်ရေးအဖွဲ့က ၁၉၄၆ ခုနှစ်တွင် အတည်ပြုခဲ့ပြီး မေလ ၂ ရက်နေ့တွင် ပန္နက်ရိုက်ခဲ့သည်။ ဘူတာကြီးတည်ဆောက်ရေးလုပ်ငန်းကို ၁၉၄၇ ခုနှစ် ဇန်နဝါရီလတွင် စတင်ခဲ့ပြီး ထုထည်ကြီးမား၍ စုလစ်မွမ်းချွန်တို့ဖြင့် လုပတင့်တယ်သည့် ရန်ကုန်ဘူတာကြီးကို မြန်မာအင်ဂျင်နီယာ ဦးတင်က တာဝန်ယူဆောက်လုပ်ခဲ့သည်။ ရန်ကုန်ဘူတာကြီးဆောက်လုပ်ရေးလုပ်ငန်းတွင် အေစီမာတင် ကုမ္ပဏီ၊ ကလပ်အင်ဂရိတ် ကုမ္ပဏီ၊ ဦးလင်းကုမ္ပဏီ၊ ဦးမြသန်းနှင့် မစ္စတာချောင်ဒရီတို့အား လုပ်ငန်းကန်ထရိုက်များ ခွဲဝေပေးခဲ့သည်။

ရန်ကုန်ဘူတာကြီး၏ ဒီဇိုင်းပုံစံသည် မြန်မာမှုဗိသုကာလက်ရာများဖြင့် ခံ့ညားထည်ဝါကာ အကျယ်အဝန်း စတုရန်းမီတာ ၅၀၀၀ ရှိသည်။ ရန်ကုန်ဘူတာကြီး တည်ဆောက်ရာတွင် ငွေကျပ် ၄၇၄၆၁၈၇ ကုန်ကျခဲ့ပြီး ၁၉၅၄ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် ထိုစဉ်က နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုက ဖွင့်လှစ်ပေးခဲ့ပြီး သဃ်န်းကျွန်းဘူတာအထိ အထူးရထားမောင်းနှင်ခဲ့သည်။

ထိုစဉ်က ရန်ကုန်ဘူတာကြီးအပါအဝင် မီးရထားဘူတာရုံများ၏ သန့်ရှင်းသပ်ရပ်မှု၊ ရထားဝင်ချိန်ထွက်ချိန်တိကျမှု၊ ရထားစောင့်ပြည်သူများအတွက် တန်းလျားများအပါအဝင် နေရာထိုင်ခင်းစီစဉ်ပေးမှု၊ ရထားများစီးရာတွင် သက်သောင့်သက်သာရှိမှုများကြောင့် မြန်မာနိုင်ငံ၏မီးရထားလုပ်ငန်းသည် များစွာအောင်မြင်ခဲ့ပြီး ပြည်သူများအားထားကြသည့် ပို့ဆောင်ရေးလုပ်ငန်းအဖြစ် ထင်ရှားခဲ့သည်။

ရန်ကုန်ဘူတာကြီးသည် မြန်မာနိုင်ငံရှိ မီးရထားဘူတာရုံများအနက် အကြီးဆုံးဖြစ်ပြီး မြန်မာနိုင်ငံတစ်လွှား ပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် မီးရထားကွန်ရက် အခြေတည်သည့်နေရာဖြစ်သည်။ မြန်မာနိုင်ငံဒေသအသီးသီးသို့ မီးရထားဖြင့် သွားရောက်နိုင်သည့် ပင်မဘူတာရုံကြီးလည်း ဖြစ်ပေသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ရန်ကုန်ဘူတာကြီးအား ရှေးဟောင်းအမွေအနှစ် အဆောက်အအုံတစ်ခုအဖြစ် ၂၀၀၁ ခုနှစ်တွင် သတ်မှတ်ခဲ့ပြီး ၂၀၀၇ ခုနှစ်မှစ၍ ရန်ကုန်ဘူတာကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို ဆောင်ရွက်ခဲ့သည်။ ရန်ကုန်မြို့သမိုင်းနှင့် ဆက်စပ်လျက် လွန်ခဲ့သော နှစ် ၁၀၀ ကျော်က တည်ဆောက်ခဲ့သည့် ဘူတာရုံကြီးနှင့် နှစ် ၁၄၀ က ဖောက်လုပ်ခဲ့သည့် ရထားလမ်းများသည် ရန်ကုန်မြို့၏ မြို့ပြအမွေအနှစ်များဖြစ်သည်သာမက ယနေ့တိုင် ရထားစီးခရီးသွားပြည်သူများအား အကျိုးပြုလျက်ရှိနေပေသည်။

**ကိုးကား**

**မြန်မာ့စွယ်စုံကျမ်း အတွဲ(၃)(၅)(၉)**

**မြန်မာ့မီးရထား နှစ် (၁၀၀) ပြည့်စာစောင်**

**မြန်မာ့မီးရထားနှစ်တစ်ရာသမိုင်း(မြင့်ဆွေ)**

# မှုခင်းကြိုတင်ကာကွယ်ရေး ရဲတပ်ဖွဲ့နှင့်အတူ ကူညီပေး

**ကိုပေါက်(ဥက္ကာမြေ)**

"ဤနေရာတွင် အနားယူအပန်းဖြေနေကြသော ညီငယ်၊ ညီမငယ်များခင်ဗျား၊ လုယက်မှုကျူးလွန်သူ ဒုစရိုက်သမားများသည် အချိန်အခါကို အခွင့်ကောင်းယူကာ အနားယူအပန်းဖြေနေကြသော ညီငယ်၊ ညီမငယ်များအား ပစ်မှတ်ထားကာ လုယက်မှုများ ကျူးလွန်ဖြစ်ပွားလျက်ရှိပါသည်။ သို့ဖြစ်၍ ညီငယ်၊ ညီမငယ်များ ဘေးအန္တရာယ်မဖြစ်စေရေးနှင့် မှုခင်းကြိုတင်ကာကွယ်တားဆီးသည့်အနေဖြင့် ဤနေရာမှ မိမိနေထိုင်ရာအသီးသီးသို့ ထွက်ခွာပေးကြပါရန် အသိပေးနှိုးဆော်ပန်ကြားအပ်ပါသည် "ဟု ဇမ္ဗူသီရိမြို့နယ် အမှတ်(၃)နယ်မြေရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်အောင်သွင်ဦးနှင့် တပ်ဖွဲ့ဝင်များက Hand Speaker ဖြင့် လျှပ်စစ်မီး အလင်းရောင်မရှိသည့် အမှောင်ထုထဲမှစကားပြောရင်း အပန်းဖြေနေကြသည့် ညီငယ်၊ ညီမငယ်စုံတွဲများအား အသိပေးပြောကြားနေခြင်းပင်ဖြစ်သည်။

ထိုနည်းတူစွာ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်အသီးသီးတွင်လည်း ညအချိန် မှောင်ရိပ်ကြီးစိုးသည့်နေရာ(လမ်းများ၊ ပန်းခြံများ)၌ ယနေ့ခေတ်လူငယ်လူရွယ်များ ဘေးအန္တရာယ်မဖြစ်စေရေးနှင့် မှုခင်းကြိုတင်ကာကွယ်ရေးအတွက် သက်ဆိုင်ရာ နယ်မြေရဲတပ်ဖွဲ့များက Hand Speaker များဖြင့် ယခုကဲ့သို့ ဝန်ဆောင်မှုကိုရှေးရှုသောပြည်သူ့ဗဟိုပြုရဲလုပ်ငန်း စနစ်များအရ သတိပေးလျက်ရှိနေသည်။

ည ၉ နာရီခန့်တွင် စာရေးသူသည် လယ်ဝေးမြို့မှ နေပြည်တော်သို့အပြန် အဆင့်မြင့်ဈေးကိုဖြတ်၍ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ရွှေကြာပင်လမ်းအတိုင်း ဆိုင်ကယ်ဖြင့် မောင်းနှင်လာရာ သပြေဆောင်(၄)ခေါ် အမျိုးသားဆောင်နှင့် သဇင်(၆)ခေါ် အမျိုးသမီးဆောင် မရောက်မီ တစ်ဖာလုံခန့်အကွာအရောက်တွင် အဆိုပါကြေညာချက်ကို စတင်ကြားခဲ့ရခြင်းဖြစ်သည်။

အဆိုပါကြေညာချက်တွင် ပါရှိသည့်အတိုင်း အချိန်အခါ အခြေအနေအပေါ် အခွင့်ကောင်းယူပြီး အနားယူအပန်းဖြေနေကြသည့် မျိုးဆက်သစ် ညီငယ်၊ ညီမငယ်လေးများကို ပစ်မှတ်ထား ကျူးလွန်လာကြသည့် ဒုစရိုက်သမားများနှင့် မှုခင်းဖြစ်ရပ်များကို နေ့စဉ်ထုတ်သတင်းစာများ၊ ရုပ်မြင်သံကြား၊ လူမှုဆက်သွယ်ရေးလိုင်းများမှပင် မြင်တွေ့နေကြရမည်ဖြစ်ပေသည်။ အထူးသဖြင့် ညအချိန်အများပြည်သူ အပန်းဖြေနားနေရာပန်းခြံများ၊ အမှောင်ထုကြီးစိုးသည့် လမ်းသွယ်လမ်းဖြတ်များတို့တွင် ရဲတပ်ဖွဲ့အနေဖြင့် အထူးသတိပေးကြေညာစောင့်ကြည့်နေကြရပေသည်။ နေ့ခင်းကြောင်တောင်ပင်ဖြစ်လင့်ကစား လူသွားလူလာပြတ်လပ်သည့် နေရာဆိုလျှင် လုယက်မှုနှင့် ကြုံတွေ့သည့်အခါ အကူအညီရယူရန် ခက်ခဲပေလိမ့်မည်။

"ဒီဖြစ်စဉ်မျိုးက ပထမတော့ အတွဲချောင်းတဲ့ အနေထားမျိုးပေါ့။ ပြီးတော့မှ အခြေအနေအပေါ်မူတည်ပြီး လုယက်မှုတို့၊ အဓမ္မမှုတို့၊ လူသတ်မှုတို့ ဖြစ်လာတာ။

**ပထမတော့ အတွဲချောင်းတဲ့ အနေထားမျိုးပေါ့။ ပြီးတော့မှ အခြေအနေအပေါ်မူတည်ပြီး လုယက်မှုတို့၊ အဓမ္မမှုတို့၊ လူသတ်မှုတို့ ဖြစ်လာတာ။ အစကတည်းက ရည်ရွယ်ချက်ရှိတာလည်းဖြစ်နိုင်သလို တချို့ကြတော့ ကျူးလွန်ချင်တဲ့စိတ်ကို ပြောင်းလဲသွားကာ ကျူးလွန်သူဖြစ်တာပါ**

အစကတည်းက ရည်ရွယ်ချက်ရှိတာလည်း ဖြစ်နိုင်သလို တချို့ကျတော့ ကျူးလွန်ချင်တဲ့စိတ်ကို ပြောင်းလဲသွားကာ ကျူးလွန်သူဖြစ်တာပါ" ဟု တာဝန်ရှိသူတစ်ဦးက သုံးသပ်ပြောဆိုသည်။

မြို့နယ်အတွင်း သက်ဆိုင်ရာ ရဲတပ်ဖွဲ့အနေဖြင့်လည်း မှုခင်းကျဆင်းရေးနှင့် မှုခင်းကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲများ မှုခင်းအသိပညာပေး ပြခန်းယာဉ်ဖြင့် လှည့်လည်ပြသကြိုတင် အသိပေးခြင်းအပြင် အခြေခံပညာကျောင်းများအထိ အသိပညာပေးသွားရောက် ဆောင်ရွက်လျက်ရှိသည်။

"ကျွန်တော်တို့ သတိပေးတဲ့အချိန်က ည ၈နာရီနှင့် ၉ နာရီကြားမှာပါ။ ၉ နာရီထက် ကျော်သွားရင်တော့ ကလေးတွေအတွက် အန္တရာယ်ဖြစ်နိုင်ပါတယ်။ ဒါပြီးရင် MICC-2 ရှေ့ပန်းခြံမှာ တစ်ခါထပ်ပြီး သတိပေးပါတယ်"ဟု တာဝန်ရှိသူရဲအရာရှိတစ်ဦးကပြောသည်။

ယင်းကဲ့သို့ တာဝန်ရှိရဲတပ်ဖွဲ့ဝင်များမှ ကြိုတင်အသိပေးနှိုးဆော်သော်ငြားလည်း အချို့သော ညီငယ် ညီမငယ်များမှာမူ ကြေညာတုန်းခဏမှာပင် ပြန်မည့်ဟန်ပြပြီးတာဝန်ရှိသူများ ပြန်လည်ထွက်ခွာသွားသည့်ခါ ထိုနေရာသို့ ထပ်မံရောက်ရှိကာ ချစ်သူ့နယ်မြေအဖြစ် မှတ်ယူထားကြပြန်ပါသည်။

"ယခုလို နိုင်ငံနှင့်အဝန်း မိန်းကလေးတွေအနိုင်ကျင့်ခံ၊ လုယက်ခံနေရုံမျှမက ယောကျ်ားလေးတွေတောင် အကြမ်းဖက် လုယက်ခံနေရတဲ့အချိန်မှာ မောင်ငယ်၊ ညီမငယ်များအနေဖြင့် အချိန်မတော်သွားလာနေတာတွေကို ရှောင်ရှားသင့်သလို တချို့မှုခင်းတွေက ကိုယ့်ကိုယ်တိုင်က ကြိုတင်ဆင်ခြင်လို့ရပါတယ်" ဟု သဇင်(၆)တွင် နေထိုင်သူဌာနတစ်ခုမှ အမျိုးသမီးတစ်ဦးက အကြံပြုပြောဆိုသည်။

ယမန်နှစ်က ဂျန်းရှင်းစင်တာနောက်တွင် ဖြစ်ပွားခဲ့သော လူငယ်ယောကျ်ားလေးနှင့် မိန်းကလေးတို့နှစ်ဦးအား လူသတ်မှု၊ အဓမ္မပြုကျင့်မှု ကျူးလွန်သူတို့ကို များမကြာမီကာလကပင် ၎င်းတို့နှင့်ထိုက်တန်သော ပြစ်မှုပြစ်ဒဏ်များကို သက်ဆိုင်ရာတရားရုံးက အမိန့်ချမှတ်လိုက်ပြီးပြီဖြစ်ကြောင်း ညီငယ်၊ ညီမငယ်တို့ သိရှိပြီးဖြစ်ပေလိမ့်မည်။ "အစားမတော် တစ်လုပ်၊ အသွားမတော်တစ်လှမ်း" ဆိုသကဲ့သို့ မှောင်ရိပ်ကြီးစိုးပြီး ပတ်ဝန်းကျင်လူသူပြတ်လပ်သောနေရာတို့ကို အသိတရားနှင့်သတိထားကာ သွားလာနေထိုင်ခြင်းဖြင့် သက်ဆိုင်ရာ ရဲတပ်ဖွဲ့နှင့်အတူ မှုခင်းကျဆင်းရေး၊ မှုခင်းကြိုတင်ကာကွယ်ရေးအစီအမံကောင်းများကို ဝိုင်းဝန်းကူညီပေးရာ ရောက်မည်ဖြစ်သည်။

သို့မှသာ ညီငယ်၊ ညီမငယ်တို့၏ အနာဂတ်ဘဝသာယာလှပရေး မှန်ကန်သောရည်ရွယ်ချက်တို့ဖြင့် အကောင်အထည်ဖော်နိုင်မည် ဖြစ်ပါကြောင်း အသိပေးရေးသား အကြံပြုတင်ပြလိုက်ရပါသည်။

# ဒေသခံပြည်သူများ၏ လိုလားချက်အရ မြစိမ်းရောင်စီမံကိန်း ကျေးရွာတိုးချဲ့

**လက်ပံတန်း အောက်တိုဘာ ၃၁**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ ချမ်းသာကုန်းကျေးရွာ၊ ချောင်းသုံးခွကျေးရွာ၊ ထန်းပင်ချောင်းကျေးရွာ၊ လှစင်ကုန်းကျေးရွာ အပါအဝင် ကျေးရွာပေါင်း ၂၀ အား ဒေသခံပြည်သူများ၏လိုလားချက်အရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် မြစိမ်းရောင်စီမံကိန်းကျေးရွာများအဖြစ် တစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ ကို ထုတ်ချေးပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ တိုးချဲ့ဖွဲ့စည်းပေးသည့်ကျေးရွာရှိ ကော်မတီများအား ငွေစာရင်းထိန်းသိမ်းနည်း၊ စီမံခန့်ခွဲမှုသင်တန်းများပို့ချပြီး၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း သိရသည်။ **အောင်ဆင့်**

**တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံ ငွေကျပ် သိန်း ၁၆၃၀ ဖြင့် မြိတ်ခရိုင်-တနင်္သာရီမြို့နယ် တကူကျေးရွာအုပ်စု တကူသံတိုက်ကျေးရွာ၌ ထူးထက်ရှိန် -ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်လျက်ရှိသော မီးသတ်အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာတို့မှာ အောက်တိုဘာ ၂၇ ရက်တွင် ၇၅ ရာခိုင်နှုန်းပြီးစီးနေပြီကို တွေ့ရစဉ်**
နန်းသာရီ-ထိန်ဝင်း



B.Sc နိုင်ဝင်းအဖွဲ့
TV,LCD-LED-PLASMA TV, PROJECTOR, 2' UBC AUDIO, ထမင်းကျော်စက်နှင့် အားလုံးကို အိမ်အရောက်ပြုပြင်ပေးပါသည်။
09 73098630

ချာချီးယား ဒဂုံမြို့သစ်
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်း များရှိမြေကွက်များကို ဈေးကောင်းပေးဝယ်သည်။
09-450026077
09-510 1862

အရှုံးခံရောင်းမည်
(၁၈ပေ×၅၅ပေ)စေတုတ္ထထပ် လူနေခွင့်ကျပြီး သာကေတ၊ အနော်မာအနောက် (၁၁)လမ်း၊ အ-မ-က(၁)၊ အ-လ-က(၁)၊ ကျောင်း၊ ဈေး၊ မှတ်တိုင် Capital ဗလီအလွန်အနီး (အလျော်အတင်းရှိသည်)
PH:09-773014986, 09-799210173

ပျောက်ဆုံးကြောင်း
ကျွန်မ မယုယုမွန် ၁၀/မလမ(နိုင်)၂၂၃၀၀၂ Passport (No-မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၇၀၁၆၅၀၇၀

ကံ့ကော်ရိပ် စတုတ္ထတန်း
၂၀၁၅ ခုနှစ်၊ ၂၀၁၆ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ ခရိုင်အသီးသီးတွင် စစ်ဆေးခဲ့သော (၂) နှစ်စာ မေးခွန်းဟောင်းနှင့် စံပြအဖြေများ
မြန်မာစာ – ဦးထွန်းသန်း (ပါမောက္ခ-ငြိမ်း)
အင်္ဂလိပ်စာ – UTA (ရန်ကုန်တက္ကသိုလ်)
သင်္ချာ – Dr.TW(Maths.)
ပထဝီ – ဒေါက်တာမေမြင့်(ရန်ကုန်တက္ကသိုလ်)
သမိုင်း – ခင်စုမေ (သမိုင်းဌာန)
စာရိတ္တ+ဘဝတွက်တာ – ဦးထွန်းထွန်း
သိပ္ပံ – ဒေါက်တာနီ
ခရိုင်မေးခွန်းစုံလင်စွာ ပါဝင်ပါသည်
စာမေးပွဲမေးခွန်းများကို အခန်းတစ်ခုချင်းစီ အလိုက်စုစည်းပြီး တိကျရှင်းလင်းသော အဖြေများကို အမှတ်ပေးစည်းမျဉ်းနှင့်အညီ ပြုစုထားပါသည်။
ဇေကာရီစာပေ C/၃၄၊ နေကြာသာယာကုန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ၀၉၇၃၀၅၁၁၁၄၊ ၀၉၅၁၂၉၆၇၀၊ ၀၉၅၅၀၁၁၅၄/ အမြို့မြို့အနယ်နယ်တွင်ဝယ်ယူရရှိနိုင်ပါသည်။

'အရွယ်ရောက်သူတိုင်းယာဉ်မောင်းတတ်ရမည်'
ALL ADULTS MUST BE ABLE TO DRIVE
နယူးအာရှ(NEW ASIA)အပါတ်စဉ်(၂၀၄)
အခြေခံယာဉ်မောင်းနှင့်စက်ပြုပြင်ထိန်းသိမ်းသင်တန်းကျောင်း
၂၀၁၆၊ နိုဝင်ဘာလ (၃)ရက်နေ့ဖွင့်မည်။
* Air-con ရေခဲသေတ္တာပြုပြင်ထိန်းသိမ်းသင်တန်း(၁လပြတ်)
* အခြေခံယာဉ်မောင်းစက်ပြင်သင်တန်း၊ ၁လ-ပုံမှန်သင်တန်း
* စက်ပြင်အထူး(သီးသန့်) သင်တန်း (၂လပြတ်)
* လျှပ်စစ်နှင့်ဓါတ်ငွေ့ ဂဟေဆက်သင်တန်း (၁လအပြတ်)
နယ်ဝေးဘော်ဒါရှိသည်။
နည်းပြဆရာ/ဆရာမများအား အိမ်ကားဖြင့် ခေါ်ယူသင်ကြား လိုပါကသီးခြား စီစဉ်ပေးပါသည်။
ဆက်သွယ်ရန် - အမှတ် ၉၅၃၊ ရွှေနှင်းဆီလမ်း၊ ဂမုန်းပွင့် (မဟာစည်မှတ်တိုင်)၊ မရမ်းကုန်းမြို့နယ်။ Ph- 09 43198384, 09 43171697, 09 43157424, 09 43198381
သင်တန်းခွဲ - အမှတ်(၁၄၇)၊ ခရေပင်လမ်းမကြီး၊ သုံးရာသီမှတ်တိုင်အနီး၊ မင်္ဂလာဒုံမြို့နယ်။ Ph-09 43144310, 09 260736397, 09 795743297
သင်တန်းခွဲ - အမှတ် ၅၂၁၊ မကွေးလမ်း၊ တံတားဖြူ၊ ဂရုပ်ကွက်၊ လှိုင်သာယာမြို့နယ်။ Ph-09 31339152, 09 261436057, 09 420138573






- MPT ၏ Prepaid/Postpaid-GSM/WCDMA မိုဘိုင်းဖုန်း အသုံးပြုသူများအားလုံး ရယူအသုံးပြုနိုင်ပါသည်။
- MPT အချင်းချင်းကြိုက်သလောက်ပြော၊ တစ်နေ့လုံး ၃၉၉ ကျပ်သာကျသင့်မည့် Daily Unlimited Voice Package ကို VP1 ဟု ရိုက်နှိပ်၍ 1331 သို့ အခမဲ့ စာတိုပေးပို့ခြင်းဖြင့်လည်းကောင်း၊ *399# ဟု ရိုက်နှိပ်ခေါ်ဆိုခြင်းဖြင့်လည်းကောင်း ရယူနိုင်ပါပြီ။
- အဆိုပါ Package ကို ဝယ်ယူသည့်နေ့၏ ညသန်းခေါင်ယံအချိန်အထိ အသုံးပြုနိုင်ပါသည်။

*၂၀၁၆ ဧပြီလ (၁) ရက်နေ့မှစ၍ လက်ရှိနှုန်းထားများတွင် အစိုးရကုန်သွယ်ခွန် ၅% ကိုထပ်ဆောင်းကောက်ခံသွားပါမည်။

အသေးစိတ်သိရှိလိုပါက
www.mpt.com.mm mptofficialpage mptofficial
CALL CENTER 106 | free hotline 24 hours everyday


The first
PREMIUM BRANDSHOP
in Asia
PREMIUM LG SERVICE CENTER
29th October ~ 2nd November, 2016
LG
Life's Good
GRAND OPENING
LG OLED TV 4K
LG SERVICE CENTER
LG BRANDSHOP
ကမ္ဘာ့ပထမဆုံး အကြီးမားဆုံးဖြစ်တဲ့ LG 77"OLED TV နှင့်
မြန်မာ့ပထမဆုံး ခြင်ပြေးစနစ်ပါဝင်တဲ့ LG Mosquito Away LED TV နဲ့ Inverter Aircon ကို စတင်မိတ်ဆက်ပြသမယ် !
77" OLED TV SPECIAL OFFER !
World First and Largest OLED (77EG970T)
FREE GIFT
65" 4K Smart Curved 3D OLED TV
+
BH9540TW
3D Blu-ray Home Theater
"ငွေကျပ် (၂)သိန်းဖိုးဝယ်ရုံဖြင့် နှစ်ကြိမ်နှစ်ခါ ကံစမ်းနိုင်ပါပြီ"
ငွေကျပ် သိန်း
၂၅၀၀
ကျော် တန်ဖိုးရှိ
LG 65" OLED TV | 55" | 49" | 43" | 32" | 24" LED TV
AIR CONDITIONER | MICROWAVE OVEN | VACUUM CLEANER | BLU-RAY PLAYER |
DVD PLAYER
နေ့စဉ် နေ့လည် (၁း၃၀-၄း၃၀)နာရီ
30%
Discount
Limited Quantity !!!
28" LED TV (28MT48V)
Lucky Draw Coupon ထည့်ရုံဖြင့်
LG Handset ကံစမ်းနိုင်ပါပြီ !
LG K7
(5pcs)
နေ့စဉ် နေ့လည်(၃)နာရီ
LG G5 SE
ဝယ်ယူသူများအတွက်
Free Gift
Cam Plus
Cover
Screen Guard
LG Stylus 2
ဝယ်ယူသူများအတွက်
Free Gift
Quick Cover View
Screen Guard
16GB SD Card
Mini Tri Pod
Towel
Cup
K Series
ဝယ်ယူသူများအတွက်
Free Gift
Quick Cover View
Screen Guard
8GB SD Card
Selfie Stick
Towel
Cup
နေ့စဉ် နံနက် (၉း၀၀ - ၉း၃၀)နာရီထိ
29-10-2016
1-11-2016
30-10-2016
2-11-2016
31-10-2016
Korea Most Famous Noodle
Korea Most Favourite Choco Pie
Korea Most Famous Towel
ငွေကျပ် ၁၀၀
50 Sets Only
တည်းနဲ့ ရောင်းပေးမယ်နော် . . .
REFRIGERATOR
GN-B602HLPL, GN-B702HLCL, SIDE BY SIDE
ဝယ်ယူသူတိုင်းအတွက်
Lock & Lock
Drink Set
လက်ဆောင်
LG ပစ္စည်းဘာပဲဝယ်ဝယ်
Sorabol Restaurant
10% Discount
Coupon (1) စောင်
လက်ဆောင်ရယူပါ။
Premium Model
ဝယ်ယူသူတိုင်းအတွက်
Korea Traditional
SPECIAL GIFT
FREE
Korea Traditional Book Mark
လာရောက်လေ့လာကြည့်ရှုသူအားလုံးအတွက်
While Stock Last !!!
FREE SERVICE CAMPAIGN (29TH OCT ~ 4TH NOV, 2016)
LG Service Center
စတင်ဖွင့်လှစ်ခြင်း
အထိမ်းအမှတ်
• လက်ခမဲ့
• အပိုပစ္စည်း (Spare Part)
30% Discount
LG Service Call Center (CIC) 01-8603499
Pearl St.,
Har Mit Tic
Kabar Aye Pagoda Road
LG Premium Brand Shop
Maharsi Thathana Yeikthar St.,
LG PREMIUM BRAND SHOP
အမှတ် (၅၆) ၊ ကမ္ဘာအေးဘုရားလမ်း ၊
ဗဟန်းမြို့နယ် ၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၅၄၅၉၆၃ ၊ ၀၁-၅၅၆၉၉၇
LG loves Myanmar


ကောင်းမွန်စွာ အိပ်စက်အနားယူလိုက်ပါ...
Time Release
Dietary Supplement
SOMINO-SLEEP
Melatonin 3mg
Promote Restful Sleep & Wake Up Fresh
Non Sedative
Natural Aid to Sleep
SOMINO ဟာ အိပ်ဆေးများကဲ့သို့မဟုတ်ဘဲ လူ့ခန္ဓာကိုယ်အတွင်းရှိ
အိပ်စက်ခြင်းကိုအထောက်အကူပြုတဲ့ သဘာဝဟော်မုန်းကို တိုးမြှင့်စေခြင်းဖြင့်
ကောင်းမွန်စွာ အိပ်စက်အနားရစေပါတယ်။
အိပ်စက်ခြင်းအတွက်သဘာဝဓါတ်ဓာ
ဆိုမီနို
K.T.Z Company Limited


telenor
သင့်အတွက် တည်ဆောက်ထားတဲ့
အကြီးမားဆုံးကွန်ရက်မှာ
ပါဝင်ချိတ်ဆက်လိုက်ပါ
အသေးစိတ်အချက်အလက်များကို www.telenor.com.mm တွင် ဝင်ရောက်ကြည့်ရှုပြီး
သင်နဲ့အကိုက်ညီဆုံး Pack အမျိုးမျိုး၊ ဝန်ဆောင်မှုအမျိုးမျိုးကို နှစ်သက်သလို ရွေးချယ်အသုံးပြုနိုင်ပါသည်။
မြန်မာနိုင်ငံရဲ့ အကြီးမားဆုံးအင်တာနက်ကွန်ရက်

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန၊ ဗန်းမော်ခရိုင်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ပြည်နယ်ငွေလုံးငွေရင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သော ဘိလပ်မြေ၊ သံချောင်း၊ ကျောက်မျိုးစုံ၊ မြစ်သဲများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

**တင်ဒါအမှတ်စဉ်(၂)** — **၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်**

(က) **တင်ဒါလျှောက်လွှာဝယ်ယူနိုင်သည့်ရက်** - ၁-၁၁-၂၀၁၆ ရက်

(ခ) **တင်ဒါလျှောက်လွှာတင်သွင်းရမည့်နောက်ဆုံးရက်** - ၂၂-၁၁-၂၀၁၆ ရက် ညနေ ၄း၀၀ နာရီထိ

(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူးရုံး လမ်းဦးစီးဌာန၊ ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့

၂။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဗန်းမော်မြို့ ဖုန်း-၀၇၄-၅၀၀၁၉ တွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလုပ်ငန်းကော်မတီ**

---

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**ကရင်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကရင်ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ခရိုင်/မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် အသုံးပြုရန်အတွက် ဆေးနှင့်ဆေးပစ္စည်းများ၊ ရုံးသုံးပရိဘောဂ၊ လေအေးစက်နှင့်မီးအားမြှင့်စက်များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**
**စတင်ရောင်းချမည့်ရက်** - ၃-၁၁-၂၀၁၆ ရက် (ကြာသပတေးနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၈-၁၁-၂၀၁၆ ရက် (တနင်္လာနေ့) ညနေ ၄ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး**
**ကရင်ပြည်နယ်-ဘားအံမြို့**
**ဖုန်း-၀၅၈-၂၁၂၃၆၊ ၀၅၈-၂၁၀၅၃**

---

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန၊ ဆေးရုံအုပ်ကြီးရုံး**
**ဘားအံမြို့-ပြည်နယ်ပြည်သူ့ဆေးရုံကြီး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ ဘားအံမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသောလူနာများအား ကုသပေးရန်လိုသော ဆေးဝါးများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဒုတိယအရစ်အဖြစ် မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။ FDA အသိအမှတ်ပြုဆေးဝါးများသာ တင်သွင်းခွင့်ပြုမည်ဖြစ်ပါသည်။

၂။ **အိတ်ဖွင့်တင်ဒါပုံစံများစတင်ရောင်းချမည့်ရက်** - ၇-၁၁-၂၀၁၆ ရက်

၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၁၁-၂၀၁၆ရက် ညနေ ၁၆း၀၀နာရီ

၄။ သတ်မှတ်ရက်ထက်ကျော်လွန်သော တင်ဒါလျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**ပြည်နယ်ပြည်သူ့ဆေးရုံကြီး-ဘားအံမြို့၊ ဖုန်း-၀၅၈-၂၁၂၅၁**

---

**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**တံတားဦးစီးဌာန**
**တည်ဆောက်ရေးအဖွဲ့(၂)**
**လက်ပန်ခြေပေါ်-ညောင်ဦးမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တံတားဦးစီးဌာန၊ တည်ဆောက်ရေး(၂)အဖွဲ့မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ် ရန်ပုံငွေဖြင့် ချင်းပြည်နယ်၊ ဖလမ်းခရိုင်၊ တွန်းဇံမြို့နယ်၊ တီးတိန်-တွန်းဇံ-ကျီခါးလမ်း ကီလိုတိုင်အမှတ်(၅၄·၇) ကီလိုမီတာရှိ (မဏိပူရမြစ်ကူး) နတ်ဇန်တံတားအတွက် လိုအပ်သော ဘေလီပစ္စည်းများအား ဖြည့်တင်းရေးဌာနခွဲ၊ တံတားဦးစီးဌာန (ပျဉ်းမပင်ဝင်း) ရန်ကုန်တိုင်းဒေသကြီးမှ တံတားလုပ်ငန်းခွင်သို့လည်းကောင်း၊ Excavator (20 ton) တစ်စီး၊ Sumitomo L.S 108 BJ Crawler Crane (40 ton) တစ်စီးတို့အား လက်ပန်ခြေပေါ်၊ ညောင်ဦးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးမှ နတ်ဇန်တံတားသို့လည်းကောင်း မြန်မာကျပ်ငွေဖြင့် သယ်ယူလိုပါသည်။

**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၈-၁၁-၂၀၁၆ ရက် ၀၉း၃၀ နာရီ
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၁၆-၁၁-၂၀၁၆ ရက် ၀၆း၀၀ နာရီ
**တင်ဒါဖွင့်မည့်နေရာ** - ကုက္ကိုဝတံတားစီမံကိန်းရုံး၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းများကို တည်ဆောက်ရေးအဖွဲ့(၂)၊ လက်ပန်ခြေပေါ်၊ ညောင်ဦးမြို့နှင့် ကုက္ကိုဝတံတားစီမံကိန်းရုံး၊ ထန်းတပင်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီးတို့တွင် ၁-၁၁-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဖုန်း-၀၉-၄၃၁၈၃၀၀၀၊ ၀၉-၄၄၄၀၀၅၉၈၄**

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**တည်ဆောက်ရေးအဖွဲ့(၂)၊ လက်ပန်ခြေပေါ်၊ ညောင်ဦးမြို့**

---

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ်(၄)တည်ဆောက်ရေး၊ သူငွေးရေအားလျှပ်စစ်စီမံကိန်းတွင် ရေပိုလွှဲမြေကြီး/ကျောက်သားခိုင်ခံ့မှုလုပ်ငန်းများအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၈-၁၀-၂၀၁၆ ရက်
**တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၄-၁၁-၂၀၁၆ ရက်
**Technical Proposal နှင့် Price Proposal** - ၂၅-၁၁-၂၀၁၆ ရက်
**နောက်ဆုံးထား၍ တင်သွင်းရမည့်ရက်၊အချိန်** ၁၅း၀၀နာရီ

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၂၉၈၊ ဖက်စ်-၀၆၇-၈၁၀၄၁၈၄**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ပြည်နယ်ကုသရေးဦးစီးဌာန၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တောင်ကြီးမြို့၊ စဝ်စံထွန်းဆေးရုံကြီးတွင် Brachytherapy Machine တပ်ဆင်အသုံးပြုရန် အဆောက်အအုံ (Bunker) (၁၃၅၄ စတုရန်းပေ)အား မူလအဆောက်အအုံမှ တိုးချဲ့လုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားပိုင် ဆောက်လုပ်ရေးလိုင်စင်ရကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ စဝ်စံထွန်းဆေးရုံကြီးသို့ လူကိုယ်တိုင်(သို့)ဖုန်းဖြင့်ဆက်သွယ်၍ မေးမြန်းစုံစမ်းနိုင်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါများအား အောက်ပါအတိုင်းရောင်းချသွားမည်ဖြစ်ပါသည်။

**အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်** - ၃၁-၁၀-၂၀၁၆ ရက်
**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၁-၁၁-၂၀၁၆ ရက် ညနေ ၄း၀၀ နာရီ
**အိတ်ဖွင့်တင်ဒါရောင်းချသည့်နေရာ** - ဆေးရုံအုပ်ကြီးရုံး၊ စဝ်စံထွန်းဆေးရုံကြီး။
**အိတ်ဖွင့်တင်ဒါလက်ခံသည့်နေရာ** - ဆေးရုံအုပ်ကြီးရုံး၊ စဝ်စံထွန်းဆေးရုံကြီး။
**အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၁၅-၁၁-၂၀၁၆ ရက် မွန်းလွဲ ၂း၀၀ နာရီ
**အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်နေရာ** - စဝ်စံထွန်းဆေးရုံကြီး၊ တောင်ကြီးမြို့

**စဝ်စံထွန်းဆေးရုံကြီး၊ တောင်ကြီးမြို့**
**ဖုန်း-၀၈၁-၂၁၂၁၀၄**

---

## ၂၀၁၆ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် ဓာတ်ပုံ၊ ဆောင်းပါးနှင့် ဝတ္ထုတိုပြိုင်ပွဲကျင်းပမည်

တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် ပြည်သူလူထုများပါဝင်သည့် လူထုအားကစားလှုပ်ရှားမှုကို နှစ်စဉ် ဒီဇင်ဘာလတိုင်း ကျင်းပလျက်ရှိရာ အဆိုပါစုပေါင်းအားကစားလှုပ်ရှားမှုများ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်များပြားလာစေရေးအတွက်လည်းကောင်း၊ ပြည်သူလူထုအတွင်း အားကစားအသိအမြင် ဗဟုသုတများ၊ ကျန်းမာရေးအသိပညာဗဟုသုတများနှင့် အားကစားလှုပ်ရှားဆောင်ရွက်မှုများနှင့် အားကစားလုပ်ငန်းများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနေမှုအခြေအနေများအား ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိနေရန်လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ အားကစားလှုပ်ရှားဆောင်ရွက်မှုများသည် ကျန်းမာရေးကို အထောက်အကူပြုကြောင်း၊ အားကစားအောင်မြင်မှုသည် နိုင်ငံတစ်ခု၏ ဂုဏ်၊ လူမျိုးတစ်မျိုး၏ သိက္ခာဖြစ်ကြောင်း၊ အားကစားလုပ်ငန်းစဉ်များနှင့် အားကစားပြိုင်ပွဲများသည် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုကြောင်း၊ အားကစားအောင်မြင်မှုသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ရောင်ပြန်ဟပ်စေကြောင်း၊ အားကစားတိုးတက်မြင့်မားခြင်းသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာ၊ အဆင့်အတန်းနှင့်အခြေအနေကို ဖော်ပြနေခြင်းဖြစ်ကြောင်း၊ အားကစားပြိုင်ပွဲများ အောင်မြင်မှုရရှိရေးအတွက် အားကစားစိတ်ဓာတ်သည် အရေးပါကြောင်း၊ အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်သင့်သည့် အကြံပြုတင်ပြချက်များ၊ အားကစားနှင့် ပညာရေး ပေါင်းစပ်ဆောင်ရွက်ရမည့် အခြေအနေများနှင့် မြန်မာ့အားကစား အစဉ်အလာကောင်းများ အပါအဝင် အမျိုးသားအားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားနိုင်ရေးတို့အား စည်းရုံးဆွဲဆောင်နိုင်ရေးတို့အတွက် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ်ဓာတ်ပုံ၊ ဆောင်းပါးနှင့် ဝတ္ထုတိုပြိုင်ပွဲ ကျင်းပသွားမည်ဖြစ်သည်။

ဆောင်းပါးပြိုင်ပွဲအတွက် ကွန်ပျူတာစာလုံး Font Size(14) အရွယ်အစားဖြင့် A4 စာမျက်နှာ ၇ မျက်နှာထက်မနည်း၊ ၈ မျက်နှာထက်မများ၊ ဝတ္ထုတိုပြိုင်ပွဲအတွက် ကွန်ပျူတာစာလုံး Font Size(14) အရွယ်အစားဖြင့် A4 စာမျက်နှာ ၁၀ မျက်နှာထက်မနည်း ၁၁ မျက်နှာထက်မများ မိမိတို့ကြိုက်နှစ်သက်ရာခေါင်းစဉ်ဖြင့် ရေးသားယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင် ရောင်စုံဓာတ်ပုံများကို (၁၁×၁၂)လက်မအရွယ်ဖြင့် အကန့်အသတ်မရှိ တင်သွင်းယှဉ်ပြိုင်နိုင်ပြီး ၂၀၁၆ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှုပေါ်လွင်စေရမည့်အပြင် ဓာတ်ပုံခေါင်းစဉ် ဖော်ပြရမည်။

အထက်ဖော်ပြပါ ဝတ္ထုတို၊ ဆောင်းပါးနှင့်ဓာတ်ပုံပြိုင်ပွဲဝင်စာမူများနှင့် ဓာတ်ပုံများကို ၁၇-၁-၂၀၁၇ ရက် နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး၊ လူထုအားကစားနှင့်ပညာပေးဌာနခွဲ၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ နေပြည်တော်၊ ရုံးအမှတ် ၃၁ သို့ လိပ်မူကာ ပေးပို့ကြရန်နှင့် စာမူနှင့်အတူ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ပေါ်လွင်ထင်ရှားသော နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူမှန်တစ်စောင်၊ ကိုယ်တိုင်ရေးသားကြောင်း ဝန်ခံချက်တစ်စောင်တို့ပါရှိရမည်ဖြစ်ပြီး အဆိုပါအချက်အလက်များအားလုံး ထည့်သွင်းထားသည့် Soft Copy တစ်ချပ်ကိုပါထည့်သွင်းပေးပို့ကြပါရန်ဖြစ်သည်။

ပြိုင်ပွဲတွင် လက်ခံရရှိသော စာမူများနှင့် ဓာတ်ပုံများအနက် ဆုရရှိသည့် ဝတ္ထုတို၊ ဆောင်းပါးနှင့်ဓာတ်ပုံပြိုင်ပွဲများအတွက် ပထမဆုအား ကျပ် ၇ သိန်း၊ ဒုတိယဆုအား ကျပ် ၆ သိန်း၊ တတိယဆုအား ကျပ် ၅ သိန်းနှင့် နှစ်သိမ့်ဆုအား ကျပ် ၄ သိန်း အသီးသီးချီးမြှင့်သွားမည်ဖြစ်သည်။

ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသည့် ဆုရစာမူများအား နေ့စဉ်ထုတ်သတင်းစာများနှင့် အားကစားဂျာနယ်များတွင် ဂုဏ်ပြုဖော်ပြသွားမည်ဖြစ်ရာ စာမူပေးပို့ရန် သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသောစာမူများ၊ ဓာတ်ပုံများ၊ သတ်မှတ်ထားသည့် စာရွက်စာတမ်း အထောက်အထားမပြည့်စုံသော စာမူများနှင့် ဓာတ်ပုံများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၆၀၂၆၊ ၀၆၇-၄၀၆၀၂၇၊ ၀၉-၂၀၀၂၁၉၆ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

---

**လေလံကြော်ငြာ**

မြန်မာ့သစ်လုပ်ငန်း၊ ပဲခူးတိုင်းဒေသကြီး ( အရှေ့ )၊ ဒုတိယအထွေထွေမန်နေဂျာရုံး၊ ပဲခူးမြို့တွင် တာယာဟောင်း၊ဘက်ထရီဟောင်းနှင့် သံတိုသံစဟောင်းများအား အောက်ဖော်ပြပါအတိုင်း လေလံတင်ရောင်းချရန်ရှိပါသည်။

| စဉ် | ဒေသ | ဆိုဒ်စုံ | | | မှတ်ချက် |
|---|---|---|---|---|---|
| | | တာယာ | ဘတ္တရီ | သံတိုသံစ | |
| ၁။ | ဒု - ထွေရုံး | ၂၀ | ၆ | ၁.၂ တန် | ဒု - ထွေရုံး၊ ပဲခူး |
| ၂။ | တောင်ငူ(မြောက်) | ၁၂၄ | ၅၉ | ၅ တန် | ဆွာ/ယာဉ်/ယန္တရားစခန်း |
| ၃။ | တောင်ငူ(တောင်) | ၉၉ | ၄၀ | - | ဒေသရုံး၊ တောင်ငူ(တောင်) |
| ၄။ | ပဲခူး(မြောက်) | ၉၉ | ၃၉ | ၂.၅ တန် | ဖဒို/ယာဉ်/ယန္တရားစခန်း |
| ၅။ | ပဲခူး(တောင်) | - | - | ၂ တန် | ဒေသရုံး၊ ပဲခူး(တောင်) |
| | စုစုပေါင်း | ၃၄၂ | ၁၄၄ | ၁၀.၇တန် | |

လေလံတင်ရောင်းချမည့်ရက် - ၂၈.၁၁.၂၀၁၆
လေလံတင်ရောင်းချမည့်အချိန် - နံနက် (၁၀း၀၀) နာရီ
လေလံတင်ရောင်းချမည့်နေရာ - ဒုတိယအထွေထွေမန်နေဂျာရုံး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ ပဲခူးမြို့

အသေးစိတ်အချက်အလက်နှင့် လေလံတင်စည်းကမ်းများအား ဒုတိယအထွေထွေမန်နေဂျာ(ရုံး)၊ ပဲခူးတိုင်းဒေသကြီး (အရှေ့)၊ ပဲခူးမြို့ ဖုန်းနံပါတ်-၀၅၂-၂၂၀၁၀၂၃၊ ၀၅၂-၂၂၂၁၂၈၄ တို့တွင်၁.၁၁.၂၀၁၆ ရက်နေ့မှစ၍ ဝယ်ယူစုံစမ်းနိုင်ပါသည်။

ပစ္စည်းဟောင်းများလေလံတင်ရောင်းချရေးအဖွဲ့

---

## Ministry of Electricity and Energy
## Electric Power Generation Enterprise
## INVITATION FOR PREQUALIFICATION (EPGE G-02)
## Urgent Rehabilitation and Upgrade Project (Phase I)
## Loan Agreement No. MY-P2

This invitation for prequalification follows the general procurement notice for this project that appeared in Development Business of 31st October 2016 on-line.

The Republic Of the Union Of Myanmar has received a credit from Official Development Association (ODA) of the Japan International Cooperation Agency (JICA) toward the cost of the Urgent Rehabilitation and Upgrade Project (Phase 1). (MY-P2) and it intends to apply part of the proceeds of this credit to Payments under the contract for Package 2 "Renovation Works of Transmission System" which includes Rehabilitation Work to four Substations at the existing Gas Turbine Power Plants (Ahlone, Hlawga, Ywama and Tharkayta) in Yangon Region. The Electric Power Generation Enterprise (EPGE) intends to prequalify contractors for supply and rehabilitating of four Substations which will supply as much electricity as possible to the grid.

It is expected that invitations for bid will be made after prequalification. Prequalification will be conducted through the procedures specified in JICA Guidelines: Procurement under Guidelines for Procurement under Japanese ODA Loans dated April 2012 and is open to all bidders from eligible source countries, as defined in the guidelines.

Prequalification notice with following contents;

| | |
|---|---|
| 1. Package Name: | Urgent Rehabilitation and Upgrade Project (Phase 1) Package two (2) "Renovation Works of Transmission System" |
| 2. Prequalification Document issuance time: | 10:00 to 15:30 on 4th November 2016 |
| 3. Prequalification Document fee: | **Three Hundred Thousand (300000) Kyat** only |
| 4. Application submission closing date and time: | 26th December 2016 by 14:00 (Myanmar Standard Time) |
| 5. Submission place: | Procurement Department<br>Electric Power Generation Enterprise,<br>Ministry of Electricity and Energy<br>Building No.27, Nay Pyi Taw<br>The Republic of the Union of Myanmar |
| 6. Others: | Applications for prequalification should be submitted in sealed envelopes, and be clearly marked **"Application to Prequalify for Renovation Work to Four Substations in Yangon Region(ICB EPGE-G-02)"** |

Interested eligible Applicants may obtain further information from and inspect the prequalification document between 10:00-15:30 hrs at;

**Thermal Power Departement**
**Electric Power Generation Enterprise (EPGE),**
**Building No.27, Nay Pyi Taw**
**The Republic of the Union of Myanmar**
**Phone : + 95 67 8104282**
**Facsimile number : + 95 67 8104280**
**E-mail : epgethermal@gmail.com**

---

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁ဃ/၅၅၂၃၉ Honda C90 Custom M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကျန်ဆိုက်ဖွေ့ ၁၃/လရန(နိုင်)၀၅၃၃၄၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မူဆယ်)၊ မူဆယ်မြို့**

---

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၃၂ယ/၈၄၆၂ Yinxiang 110 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းလင်းထွန်း ၈/မကန(နိုင်)၂၀၅၀၄၁က (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး(မကွေး)**

---

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၁ဃ/၂၂၅၃၉ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဆိုင်းလိုင် ၁/မညန(နိုင်)၁၅၆၁၂၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိုးညှင်း)**

## ဦးမောင်မောင်
### ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း(ငြိမ်း)
### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ စက်မှု(၁)အိမ်ရာ၊ တိုက် ၁၂၊ အခန်း ၁၉နေ (ဦးသက်ထွန်း-ဒေါ်သန်းမေ)တို့၏သား၊ ဒေါ်စိန်စိန်မြင့်(စက်မှု-၁၊ ငြိမ်း)၏ခင်ပွန်း၊ ဦးဝင်းနိုင်ဦး(ထွေ/ဂျာ၊ မြန်မာ့စီးပွားရေးဘဏ်)-ဒေါ်သီဂီမြင့်၊ ဒေါ်သက်သက်မာ(စက်မှုဝန်ကြီးဌာန)၊ ဦးစိုင်းလူလူမော်(လျှပ်စစ်/စွမ်းအင်ဝန်ကြီးဌာန)-ဒေါ်စန်းမြထွေး(ပြည်သူ့လွှတ်တော်ရုံး)၊ ဦးရဲလင်းကျော်(မြန်မာ့စီးပွားရေးဘဏ်)တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၃၁-၁၀-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၆နာရီတွင် နေပြည်တော်၊ ပိတောက်အိမ်ရာ၊ တိုက် ၇၂၃၊ အခန်း ၃၄နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၁၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ကျွဲကြီးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၁၁-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### အထူးကျေးဇူးတင်ရှိခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်ဝင်း
### (ကွယ်လွယ်ကျေးရွာ၊ မြောင်းမြမြို့)
### ဥက္ကဋ္ဌ(ထွန်းတောက် အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း)
### A.C.E Group of Companies
### အသက်(၆၃)နှစ်

၂၅-၁၀-၂၀၁၆ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားသော ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး ဦးတင်ဝင်း(ကွယ်လွယ်ကျေးရွာ၊ မြောင်းမြမြို့)၊ အသက်(၆၃)နှစ်၏နာရေးကိစ္စတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြပါသော ဆရာတော် သံဃာတော်များ၊ အကြီးအကဲဆရာသမားများ၊ အစိုးရအဖွဲ့ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်တွင်းပြည်ပကုမ္ပဏီများ၊ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း၊ E-mail တို့ဖြင့် သတင်းမေးမြန်း စာနာအားပေးနှစ်သိမ့်ပေးပြီး သတင်းစာတွင် ဝမ်းနည်းကြောင်း ထည့်သွင်းဖော်ပြပေးကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ နာရေးသို့ပို့ဆောင်ရာတွင် လိုက်ပါပို့ဆောင်ခဲ့ကြသူအားလုံးတို့အားလည်းကောင်း၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်း၊ လှူဖွယ်ပစ္စည်းများ ပေးပို့ကြသူများနှင့် A.C.E Group of Companies မှဝန်ထမ်းများအား အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးမင်းခင်
### မြန်မာ့စီးပွားရေးဘဏ်(ငြိမ်း)၊ သိန္နီမြို့
### အသက်(၆၂)နှစ်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သိန္နီမြို့၊ ရပ်ကွက်ကြီး(၄)၊ လျှပ်စစ်ရုံးဝင်းနေ (ဦးသောင်းခင်-ဒေါ်သန်းမြ)တို့၏သား၊ (ဦးမြဦး-ဒေါ်တင်ကြည်)တို့၏သားသမက်၊ (ဦးလှတင့်)-ဒေါ်ညွှန့်ညွှန့်ခင်၊ ဦးမျိုးခင်-ဒေါ်ခင်နွဲ့ဦး၊ ဦးသန်းမြင့်-ဒေါ်ကြည်ကြည်ခင်တို့၏ညီ/မောင်၊ ဦးညီခင်၏အစ်ကို၊ ဗိုလ်ကြီးထိန်လင်း(ခ) နန္ဒမင်းခင်(ခလရ-၂၆၃) - ဒေါ်အေးသီမွန် (မြန်မာ့စီးပွားရေးဘဏ်၊ သိန္နီမြို့)၊ (မောင်ဝဏ္ဏမင်းခင်)၊ မောင်သီဟမင်းခင်(လျှပ်စစ်ကျွမ်းကျင်-၅၊ သိန္နီမြို့)၊ မစန္ဒီမင်းခင်(ZTE Company, လားရှိုး)၊ မောင်ဝေဠုမင်းခင်(အား/ကာအဖွဲ့ချုပ်၊ နေပြည်တော်)၊ မသီရိမင်းခင်(အား/ကာသိပ္ပံ၊ မန္တလေး)တို့၏ချစ်လှစွာသောဖခင်၊ မပြည့်ပြည့်၊ မငယ်ငယ်တို့၏အဘိုး၊ ဒေါ်သီတာလွင်၏ခင်ပွန်းသည် ၃၀-၁၀-၂၀၁၆ရက်(တနင်္ဂနွေနေ့)နံနက် ၁၀း၄၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၆ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်မြကြည်
### အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ချောင်းဝကျေးရွာ၊ (၂)ရပ်ကွက်၊ ၅၆ လမ်းတို့၊ အမှတ် ၈၀(ပထမထပ်-ယာ)နေ ဦးမင်းအောင်၏ချစ်လှစွာသောဇနီး၊ ဦးဇော်ဝင်း-ဒေါ်လှလှဝင်း၊ (ဦးစိုးစိုး-ဒေါ်တင်တင်ဝင်း)၊ (ဦးဝင်းထွဋ်)-ဒေါ်သိန်းသိန်းဆွေ၊ ဦးသက်လွင်-ဒေါ်ညွှန့်ညွှန့်ဆွေ၊ ဦးတိုးတိုး-ဒေါ်စန်းစန်းဌေးတို့၏မိခင်၊ မြေး ၁၄ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၃၁-၁၀-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၁၁-၂၀၁၆ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## မစန္ဒာအေးထွန်း
### အသက်(၃၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊(၁၅၆)ရပ်ကွက်၊စိတ္တသုခလမ်း၊ အမှတ် ၅၂၂နေ ဦးလှထွန်း-ဒေါ်ခင်အေးတို့၏သမီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၉)ရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ် ၄၇နေ ဦးခင်ဝေ-ဒေါ်ရီလှိုင်တို့၏သမီးချွေးမ၊ မြဝတီမြို့နေ ကိုငြိမ်းချမ်း-မထွန်းပပ (ဒို့မြန်မာဓာတ်ပုံဆိုင်)တို့၏ညီမ၊ မခိုင်ငြိမ်းအေးထွန်း၏အစ်မ၊ မသွန်းဦးငွေအိမ်၏မိခင်၊ ကိုမျိုးသန်း၏ ချစ်လှစွာသောဇနီးသည် ၃၀-၁၀-၂၀၁၆ရက် (တနင်္ဂနွေနေ့) ည ၇း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေအိမ်မှကားများမွန်းလွဲ ၁၂း၃၀ နာရီတွင်ထွက်ခွာပါမည်။] [ကွယ်လွန်သူအား ရည်စူး၍ ၅-၁၁-၂၀၁၆ရက် (စနေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ယုဝေ
### အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းလမ်း၊ အမှတ် ၄၉နေ (ဦးမြစိုး-ဒေါ်ခင်ရီ)တို့၏သမီး၊ (ဦးကြာပွင့်-ဒေါ်ပုလေး)တို့၏ချွေးမ၊ ဦးထင်ကျော်(ဦးစီးအရာရှိ၊ ငြိမ်း၊ အကောက်ခွန်)၏ဇနီး၊ ဦးကျော်သူမိုး - ဒေါ်မိုးမိုးသက်၊ ကိုလှိုင်ဘွား၊ ကိုကျော်လှိုင်မိုးတို့၏ချစ်လှစွာသောမိခင်၊ မြေး နှစ်ယောက်တို့၏အဘွားသည် ၃၁-၁၀-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၄း၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂-၁၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၆-၁၁-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးသန်းထွန်း (ထားဝယ်)
### အသက်(၅၀)

ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ မောင်မယ်ရှောင်ရွာနေ ဦးစုချစ်-ဒေါ်သီးလှိုင်တို့၏သား၊ရန်ကုန်မြို့၊မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးကျေးရွာ၊ ဓမ္မပါလကျောင်းကြီးတိုက်ဆရာတော် ဦးဣန္ဒဝံသ၏တပည့်သည် ၃၁-၁၀-၂၀၁၆ရက် (တနင်္လာနေ့)နံနက် ၁၁နာရီတွင်ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၁၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။(ဓမ္မပါလကျောင်းကြီးတိုက်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ခင်စိန် (Magaret)
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ဦးဖိုးစိန်လမ်းနေ ဝဏ္ဏကျော်ထင်(ဦးအေဆတ္တား-ဒေါ်သိန်း)တို့၏သမီး၊[ဦးစိုးညွှန့်(Desmond)]-ဒေါ်ခင်ပြုံး၊ [ဦးစိန်မြင့်(အလုပ်ရုံမှူး၊ ငြိမ်း၊ သံမဏိစက်ရုံ)]-ဒေါ်လှလှဝင်း(Daisy)၊ ဒေါ်ခင်သက်လွင်(Kitty)(အထက-၂၊ လသာ၊ ငြိမ်း)၊ ဦးကျော်မြတ်ထွဋ်(Phillip) (သုတေသနမှူး၊ မွေး/ကု)-ဒေါ်ပန်းဝါ၊ ဒေါ်သက်မြတ်အေး(Rosie)တို့၏အစ်မ၊ (ဦးညီညီ၊ ကထိက၊ ငြိမ်း၊ သတ္တဗေဒဌာန ၊ ရန်ကုန်တက္ကသိုလ်)၏ဇနီးသည် ၃၁-၁၀-၂၀၁၆ရက်(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၁၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး
## ဒေါ်ခင်ခင်စိန် (Magaret) အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ဦးဖိုးစိန်လမ်းနေ ဝဏ္ဏကျော်ထင်ဦးအေဆတ္တား-ဒေါ်သိန်းတို့၏သမီး၊ [ဦးစိုးညွှန့်(Desmond)]-ဒေါ်ခင်ပြုံး၊ (ဦးစိန်မြင့်၊ အလုပ်ရုံမှူး၊ ငြိမ်း၊ သံမဏိစက်ရုံ)-ဒေါ်လှလှဝင်း(Daisy)၊ ဒေါ်ခင်သက်လွင်(Kitty)(အထက-၂၊ လသာ(ငြိမ်း)၊ ဦးကျော်မြတ်ထွဋ်(Phillip) (သုတေသနမှူး၊ မွေး/ကု)-ဒေါ်ပန်းဝါ၊ ဒေါ်သက်မြတ်အေး(Rosie)တို့၏အစ်မ၊ (ဦးညီညီ၊ ကထိက၊ ငြိမ်း၊ သတ္တဗေဒဌာန ရန်ကုန်တက္ကသိုလ်)၏ဇနီး၊ ဒေါ်မေမော်သက်(ခေတ္တ-Japan)၊ ဦးသောင်းထိုက်(CE Chief engineer pil)၊ ဦးသန်းဆွေ၊ ဦးကျော်ကျော်သင်း(လ/ထညွှန်မှူး၊ အကောက်ခွန်)-ဒေါ်ခင်သန္တာမြင့်၊ ဦးရဲဇော်-ဒေါ်တင်သူဇာစိုး(ဌာနစုမှူး၊ဥပဒေ Y.C.D.C)၊ ဦးအောင်မြတ်ထွဋ်-ဒေါ်ဒေဝီတို့၏အဒေါ်၊ မောင်သုတအောင်(AN-School)၊ မောင်ပိုင်သက်မိုး(VII၊ လသာ-၁)၊ မောင်ဇာနည်ဝေယံသင်း(ပ)နှစ်၊ ဥပဒေ (ချင်းတွင်းကောလိပ်)၊ မောင်ကောင်းဇေဟိန်း(VII အထက-၁၊ ဒဂုံ)တို့၏အဘွားသည် ၃၁-၁၀-၂၀၁၆ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၁၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်သန်း အသက်(၈၀)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အောင်သပြေလမ်း၊ ၅/တောင်ရပ်ကွက်၊ အမှတ် ၃၀၇နေ (ဦးဘချစ်-ဒေါ်သိန်းညွှန့်)တို့၏သမီး၊ (ဦးဘစိန်-ဒေါ်လွင်)တို့၏သမီးချွေးမ၊ (ဦးမင်းအောင်)၏ဇနီး၊ ရဲမှူးနေအောင်(သတင်းရဲတပ်ဖွဲ့၊ လှိုင်ကော်)၊ ဒေါက်တာခင်မြတ်နွယ်၊ ဦးသော်ဒါ-ဒေါ်တင်မေဦး(မြန်မာ့စက်မှုဆိပ်ကမ်း)၊ ဗိုလ်ကြီးတင်ထွန်းတာ(ငြိမ်း)-ဒေါ်ရီရီဝင်း၊ ဒေါ်မင်းမင်းအောင်(မြန်မာ့စီးပွားရေးဘဏ်ခွဲ-၅)၊ဒေါ်ခိုင်ခိုင်အောင်(MK ကုမ္ပဏီ)၊(ကိုမိုးသူအောင်)တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၃၀-၁၀-၂၀၁၆ရက်(တနင်္ဂနွေနေ့)ညနေ ၄း၂၅နာရီတွင် အကယ်ဒမီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၆ရက်(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၅-၁၁-၂၀၁၆ရက်(စနေနေ့) နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်တင်မြင့် အသက်(၈၀)
### (မဟာစည်ယောဂီရွှေဟင်္သာကျောင်း၊ ပဲခူးမြို့)

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နေ(ဦးလှတင်-ဒေါ်သန်းရှင်)တို့၏သမီး၊(ဦးမောင်မောင်သောင်း)-ဒေါ်ခင်ခင်စု၊(ဦးမြင့်ဝင်း-ဒေါ်မမကြီး)၊ (ဦးတင်ငွေ-ဒေါ်တင်တင်အေး)တို့၏ညီမ၊ ဦးပြည်ညွှန့်-ဒေါ်တင်တင်ဦးတို့၏အစ်မ၊ ဦးဝင်းမော်(ညွှန်မှူး၊ ငြိမ်း၊ သစ်တောဦးစီးဌာန)-ဒေါ်ခိုင်မေဦး၊ဦးသန့်ဇင်-ဒေါ်ခင်သန့်ထူး(ဇာခြည်မင်းဆေးဆိုင်၊ပဲခူးမြို့)၊ ဒေါက်တာမောင်မောင်ကျော်(အင်ဂျင်နီယာချုပ်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)-ဒေါ်သစ်သစ်ခိုင်(ဒုတိယညွှန်ကြားရေးမှူး၊ အခြေခံပညာဦးစီးဌာန)၊ ဦးအောင်ကျော်ဦး-ဒေါ်အေးအေးသန့်(လိုတပင်မင်း၊ ပဲခူးမြို့)၊ ဦးပြည်စိုးအေး-ဒေါ်ဇင်စုလှိုင်(အင်္ဂလန်)တို့၏အဒေါ်၊ မြေး ၁၁ယောက်တို့၏အဘွားသည် ၃၀-၁၀-၂၀၁၆ရက် ည ၁၁း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၁၆ရက်တွင် ကျွဲကြီးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၅-၁၁-၂၀၁၆ရက် (စနေနေ့)တွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ ဗလသိဒ္ဓိရပ်ကွက်၊ တိုက် ၂၁၁၃၊ အခန်း ၁၁ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးဝင်းမောင် အသက်(၇၂)နှစ်
### ညွှန်ကြားရေးမှူး(ငြိမ်း)၊ (ငွေစာရင်း)
### ဆည်မြောင်းဦးစီးဌာန

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ သတိပဋ္ဌာန်လမ်း၊ အမှတ် ၃၆နေ ဒေါ်တင်တင်ဝင်း(အထက၊ ငြိမ်း၊ အထက-၄၊ ပုဇွန်တောင်)၏ခင်ပွန်း၊ ကိုကျော်စွာလင်း-မဆွေဇင်ဝင်း၊ ကိုအောင်ကျော်မိုး-နနှင်းနန္ဒာဝင်း၊ ကိုဝင်းထွဋ်-မခင်နီလာဝင်းတို့၏ဖခင်၊ မောင်ဇင်ဝေမိုး၊ မထက်ထက်လှိုင်တို့၏ဘိုးဘိုးကြီးသည် ၃၁-၁၀-၂၀၁၆ရက် (တနင်္လာနေ့) မွန်းလွဲ ၂း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၆-၁၁-၂၀၁၆ရက် (တနင်္ဂနွေနေ့)နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမြင့်သိန်း(ခ)ဦးစွမ်
### အသက်(၈၀)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၃ လမ်း၊ အမှတ် ၈၃နေ(ဦးဆိုင်-ဒေါ်တင်)တို့၏သား၊ ဒေါ်ကြင်ပို့ (လ/ထ ညွှန်၊ ငြိမ်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး)၊ (ဒေါ်ကြူကြူ-ဦးအောင်ငွေ)၊ ဒေါ်ကြင်ကြည် (ဒေါ်တင်မုန့်ဆိုင်)တို့၏ မောင်၊ မဇင်ဆွေဦး(BBM, MBA 2nd year)-မောင်ဝင်းထက်ကျော် B.E Con(Eco)၊ မဇင်မင်းထူး၊ မထက်နဒီအောင်(G-10 အထက-၂၊ လသာ)၊ မောင်ခန့်စည်သူ (G-9 UEC ကိုယ်ပိုင်အထက်တန်းကျောင်း)၊ မယွန်းပြည့်ပြည့်ဝန်း [G-7 (B) T.T.C]၊ မဖြူဖြူမေသော်[P-6 (V) Total ]တို့၏အဘိုး၊ မမေပြည့်စုံဦး၏ဘိုးဘိုးကြီးသည် ၃၀-၁၀-၂၀၁၆ရက် (တနင်္ဂနွေနေ့) ညနေ ၅း၂၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁-၁၁-၂၀၁၆ရက်(အင်္ဂါနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးစိုးပိုင်(ခ)ဦးဘောဒီ(ခ)
### Saw R.R Boreh
### ကကငွေ၊ F.A.O (ငြိမ်း)
### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်၊ ဒေးဗစ်ရွှေနုလမ်း၊အမှတ် ၃၅ နေ (ဦးစောဘိုရေး-နော်ရှည်ဒီဖိုး)တို့၏သား၊(Christbel Yar Baw)၏ခင်ပွန်း၊ စောသန့်စင် (ဗဟိုဝန်ထမ်းတက္ကသိုလ်၊ ဖောင်ကြီး)၊(ဦးမျိုးသိန်း)-နော်သဇင်စိုး၊ နော်မြင့်မြတ်မွန်စိုးတို့၏ဖခင်၊ နော်ယုသဇင်သိန်း(ခ)ရှသ်၏အဘိုးသည် ၃၁-၁၀-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၈း၂၀နာရီတွင် KBC ဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂-၁၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၉နာရီတွင် သမိုင်း ကရင်နှစ်ခြင်း အသင်းတော်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ရွှေတိဂုံရှမ်းတန်ဆောင်းအသင်း ပတ္တမြားမွှောရုံအသင်း(ဒုဥက္ကဋ္ဌ)
## ဒေါ်ခင်လှိုင်
### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၅လမ်း၊ အမှတ် ၁၆၁ (ပထမထပ်-ယာ)နေ (ဦးဘအေး-ဒေါ်မြညွှန့်)တို့၏သမီး၊(ဦးရက်ကို-ဒေါ်ကြင်)တို့၏သမီးချွေးမ၊ (ဦးကျော်ဝမ်း)၏ဇနီး၊ ဦးမြင့်ဆွေ-ဒေါ်ခင်စန်းမြင့်၊ ဦးမြင့်ဝေ-ဒေါ်ခင်ညီညီ၊ဒေါ်ခင်ပြုံးမြင့်-ဦးမျိုးအောင်၊ ဒေါ်ခင်ပြုံးရီ-ဦးခင်မောင်ကျော်၊ ဒေါ်ခင်ပြုံးချို-ဦးမောင်ဝင်းတို့၏မိခင်၊ မြေး ၁၂ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွားသည် ၃၁-၁၀-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ခင်ရွှေ
### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး (ခ)ရပ်ကွက်၊ ၁၆၆လမ်း၊ အမှတ် ၇၈ (ခြောက်လွှာ)နေ (ဦးအေး-ဒေါ်လှတင်)တို့၏သမီး၊ ဦးအုန်းနိုင်၏ချစ်လှစွာသောဇနီး၊ ပါမောက္ခ ဒေါက်တာမူမူနိုင်(ပါမောက္ခ/ဌာနမှူး၊ မေ့ဆေးပညာနှင့်အထူးကြပ်မတ်ကုသဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးတက္ကသိုလ်-၁၊ ရန်ကုန်) - ဒေါက်တာဇော်မိုး (အရိုးအထူးကုဆရာဝန်၊ တောင်ငူ)၊ ဦးနိုင်ဦး (နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်ထူးထူးနိုင်၊ ဒေါ်ဥမ္မာနိုင်-ဦးကျော်မျိုးအောင်၊ ဒေါ်စုမြတ်သဇင်နိုင် - ဦးတင်အောင်မျိုးတို့၏ချစ်လှစွာသောမိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၃၁-၁၀-၂၀၁၆ရက်(တနင်္လာနေ့)မွန်းလွဲ ၁၂း၁၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂-၁၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၆-၁၁-၂၀၁၆ရက်(တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဒေါ်ကြည်ကြည်ဝင်း
### (တေးသံရှင် ယဉ်မင်းပြုံး)
### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပင်းယ ၁၆လမ်း၊ အမှတ် ၉၉၅နေ (ဦးမောင်စိန်-ဒေါ်ညွှန့်)တို့၏သမီး၊ (ဦးအေးမောင်-ဒေါ်မြိုင်)တို့၏သမီးချွေးမ၊ ဦးမြရွှေ၏ဇနီး၊ ဦးစိုးမြင့်-(ဒေါ်စန်းကြည်)တို့၏ညီမ၊ ဒေါ်မြမြပြုံး၊ ဦးမြစိုးမိုး-ဒေါ်ယဉ်ယဉ်သန်းတို့၏မိခင်၊ ကိုအေးလွင်ဦး-မနန်းမွှေးမွှေးကြည်တို့၏အဒေါ်၊ မဆုလဲ့နန္ဒာ၊ မောင်မင်းသန်းကျော်၊ မောင်သန့်စင်၊ မကြည်စင်၊ အောင်အာကာ၊ မောင်စိုင်းဘိုဘိုလွင်ဦး-မနန်းကြည်ပြာသိန်း၊ မနန်းပိုပိုလွင်ဦးတို့၏အဘွားသည် ၃၀-၁၀-၂၀၁၆ရက် (တနင်္ဂနွေနေ့) ည ၉း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၆ရက်(အင်္ဂါနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၁၁-၂၀၁၆ရက် (စနေနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်မခင်လှ (စစ်တွေမြို့)
### ဈေးကြီးလမ်း၊ ကျေးပင်ကြီးရပ်
### အသက်(၆၃)နှစ်

စစ်တွေမြို့၊ ရူပမြောက်ရပ်နေ[ဦးရွှေဖံအောင်-ဒေါ်စံသာနု(ခ)ဒေါ်မကြီး]တို့၏သမီး၊ စစ်တွေမြို့၊ ကျေးပင်ကြီးရပ်၊ ဈေးကြီးလမ်းနေ ဦး း(လ/ထညွှန်ကြားရေးမှူး၊ ငြိမ်း၊ စာရင်းစစ်ရုံး)၏ဇနီး၊ ဒေါ်ခင်နှင်းဖံ(ကုန်စုံဆိုင်)-ဦးဇော်သန်းအောင် (မန်နေဂျာ၊ CB ဘဏ်)၊ ဒေါက်တာကျော်လှိုင်ထွန်း (ရွှေလဝင်းဆေးခန်း) - ဒေါ်အေးအေးသန်း (ဦးစီးအရာရှိ၊ ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး)၊(မောင်တင်လှိုင်ထွန်း)တို့၏ချစ်လှစွာသောမိခင်၊ မြပုဏ္ဏမီကျော်(ခ)ဂူးဂူး၏အဘောင်ရှင်သည် ၃၀-၁၀-၂၀၁၆ရက် နံနက် ၉း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၆ရက် (အင်္ဂါနေ့)မွန်းလွဲ ၂နာရီတွင် စစ်တွေမြို့ အာဂိုတ်တော်ကုန်းသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တကေသရ
### သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၆၈)ဝါ

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဝဲကျွန်းထိန်သစ်ရပ်၊ ကံသာအရှေ့တိုက်ကျောင်း၏ ဦးစီးပဓာနနာယကဆရာတော်ကြီးသည်(၁၃၇၈ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၃ရက်) ၂၉-၁၀-၂၀၁၆ရက် (စနေနေ့) ည ၉း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အန္တိမအဂ္ဂိစျာပနကျင်းပမည့်ရက်ကို ထပ်မံအသိပေးအကြောင်းကြားပါမည်။)

တပည့်ဒါယကာ၊ ဒါယိကာမများ

---

## ဦးအေး(တာပွန်၊ နတ်တလင်း) အသက်(၉၁)နှစ်
### ရန်ကုန်တိုင်းပညာရေးမှူး(ငြိမ်း)

တာပွန်မြို့နေ (ဦးနု-ဒေါ်စောနန်း)တို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရရပ်ကွက်၊ ဦးဝိစာရအိမ်ရာ၊ တိုက် ၂၄၊ အခန်း ၃၀နေ ဒေါ်စိန်အေး၏ခင်ပွန်း၊ ဦးအောင်မင်း-ဒေါ်သူဇာ၊ ဦးသောင်းထွဋ်၊ ပါမောက္ခဒေါက်တာမြင့်မြင့်စန်း(သွားရောဂါဆေးပညာဌာန၊ သွားဘက်ဆိုင်ရာ၊ ဆေးတက္ကသိုလ်၊ ရန်ကုန်)၊ ဦးကျော်ဝင်း - ဒေါက်တာစန်းစန်းဝေ (အထွေထွေရောဂါကု သမားတော်)၊ ဒေါက်တာဇော်မိုး(အရိုးအထူးကုဆရာဝန်၊ တောင်ငူမြို့)-ပါမောက္ခ ဒေါက်တာမူမူနိုင်(မေ့ဆေးပညာဌာန၊ဆေးတက္ကသိုလ်-၁၊ရန်ကုန်)တို့၏ဖခင်၊ဒေါက်တာနေလင်း၊ မမိုးဖြူလင်းအိမ်တို့၏အဘိုးသည် ၃၁-၁၀-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၁၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၁၁-၂၀၁၆ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသိန်းဇံ(ဥက္ကံ) အသက်(၇၈)နှစ်
### လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
### ဖိုသိုလစ်သိုပုံနှိပ်တိုက်၊ ပြန်ကြားရေးဝန်ကြီးဌာန

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်လရောင်လမ်း၊ အမှတ် ၁ (ပထမထပ်)နေ (ဦးထန်စူ-ဒေါ်တင်ရွှေ)တို့၏သား၊ [ဦးဓာတ်-ဒေါ်ကြွယ်(ဒီးဒုတ်မလှမြင့်ဆေးလိပ်ခုံ)]တို့၏သားသမက်၊ (ဒေါ်လှမြင့်)၏ခင်ပွန်း၊ (ဦးတင်မြင့်)၊ (ဦးစိန်ဝင်း-ဒေါ်တင်မြ)၊ [ဦးမြမောင်-ဒေါ်တင်တင်(ဥက္ကံမြို့)]တို့၏ညီ/မောင်၊ ဒေါ်မိမိဇံ(Moe Man Services Co.,Ltd.)၊ ဦးကိုကိုဇံ-ဒေါ်မျိုးမျိုးဆွေ၊ ဦးကိုကိုနိုင်-ဒေါ်သူဇာဇံတို့၏ဖခင်၊ ကိုဇော်လင်းအောင်(MAY Fashion)-မခင်ကောင်းဇံ(Nelson International Education Center)၊ မောင်ကျော်ခန့်ဇင်(E/R Noah Marine Co.,Ltd.)၊ မဆုဆုဇံ၊ မအိမ့်ခိုင်ဇံမို(G-9, TTC)၊ မောင်မင်းသန့်ဇံကို (G-4, TTC)တို့၏ဘိုးဘိုး၊ မနှင်းအိမ့်ဇံလင်း၏ ဘိုးဘိုးကြီးသည် ၃၁-၁၀-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၁၀း၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂-၁၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ရွှေ အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ် ၃၅၇(သုံးလွှာ)နေ (ဦးလူငယ်-ဒေါ်စိန်မြ)တို့၏သမီး၊ ဦးညွှန့်မောင်၏ဇနီး၊ ဒေါ်မြင့်မြင့်ခင်၊ ဦးမောင်မောင်မြင့်(လ/ထညွှန်မှူး၊ စစစ)-ဒေါ်မူမူကြည်၊ ဦးသန့်ဇင်ထွန်း၊ ဒေါ်ရွှေဇင်ညိုတို့၏ချစ်လှစွာသောမိခင်၊ မစုမြတ်သန့်ဇင်(IBTC ကုမ္ပဏီ)၏အဘွားသည် ၃၀-၁၀-၂၀၁၆ရက် ညနေ ၃နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၁၁-၂၀၁၆ရက် (စနေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်လှ အသက်(၇၇)နှစ်
### (ဒုအရာခံဗိုလ်၊ ငြိမ်း၊ ကက-ဆေး)

ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်၊ တိမ်ညွှန့်ရွာနေ (ဦးမောင်ရှင်-ဒေါ်ကျင်ခ)တို့၏သား၊ ဇီးကုန်းမြို့နေ (ဦးမောင်ငယ်-ဒေါ်ထွေး)တို့၏သားသမက်၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ တိုးချဲ့(၃)ရပ်ကွက်၊ ၄လမ်း၊ အမှတ် ၁၅၃/၁၅၄နေ (ဒေါ်သန်းမြင့်)၏ချစ်လှစွာသောခင်ပွန်း၊ ဦးမြင့်ဝင်း(ဒု-ညွှန်ကြားရေးမှူး၊ငွေတိုက်ဦးစီးဌာန)-ဒေါ်လှလှနွယ်[လယ်/ပြ၊ထခွဲ-လ(၁၂)၊ မင်္ဂလာဒုံ]၊ လားရှိုးမြို့နေ (ဦးသန့်စင်)-ဒေါ်ခိုင်ဝါဦး၊ ဒေါ်တင်မာစိုး(ကကငွေ၊ ကူး-သန်း-စစ်)၊ ဦးတင်ဇော်လတ်(မန်နေဂျာ၊ Max စွမ်းအင်ကုမ္ပဏီ)-ဒေါ်ယုယုသိမ့်(လယ်/ပြ၊ အမက သရက်ပင်ဆိပ်)တို့၏ဖခင်၊ မောင်ဘုန်းနန္ဒာကျော်၊ မကြည်ဖြူရှင်းသန့်၊ မောင်ထက်မြတ်နိုင်၊ မောင်ဗွဲ့ပိုင်ဆက်တို့၏အဘိုးသည် ၃၀-၁၀-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ ကျောင်း၊ တံတိုင်း၊ ရေအိုးစင် ဒါယိကာမကြီး
## ဒေါ်ကြည်ကြည်ရွှေ(ချောက်မြို့) အသက်(၆၈)နှစ်
### (ဒုလက်ထောက်စက်ရုံမှူး၊ ငြိမ်း၊ လနစ၊ ဝါဇီ)

ချောက်မြို့၊ ဈေးရပ်ကွက်နေ ဘုရားဒါယိကာမကြီး (အမေရုံ)၏မြစ်၊ (ဦးဖေခင်-ဒေါ်သီ)တို့၏မြေး၊ (ဦးခင်မောင်စိုး-ဒေါ်မြမြ)တို့၏သမီး၊ (ဦးစောဝင်းမောင်)-ဒေါ်ညိုညိုထွေး၊ (ဦးတင်အောင်ကျော်)-ဒေါ်သင်းသင်းအေး၊ ဦးဇော်ဝင်းမောင်-ဒေါ်နန်းကြာအေး၊ ဒေါက်တာသန်းထွေးအောင်-ဒေါ်သောင်းသောင်းဦးတို့၏အစ်မ၊ မမီမီသွယ်၊ မသီသီနွယ်၊ မရီရီကြွယ်၊ (မောင်စောသုမောင်)၊ (မောင်မျိုးမောင်မောင်ကျော်)၊ မောင်အောင်ဇေယျာကျော်၊ မောင်စိုးဇာနည်ကျော်၊ မမြဒါလီကျော်၊ မသီရိမျက်သွယ်၊ မောင်စိုးဇေယျာဝင်း၊ မပီတိသက်လှယ်တို့၏အဒေါ်၊ မောင်အောင်ကျော်စွာဦး(သားချစ်)၊ မောင်အောင်နန္ဒဦး(မုဒိတာ)တို့၏မူတီသည် ၇-၁၀-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၀-၂၀၁၆ရက်တွင် ချောက်မြို့၊ ဈေးရပ်ကွက်၊ အနော်ရထာလမ်းနေအိမ်မှ မြေနီကုန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## မဝင်းဝင်းမော်(ခ)မိမိ(မာန်အောင်မြို့) အသက်(၄၆)နှစ်
### (စာရင်းစစ်မှူး)၊ (တောင်ဥက္ကလာပမြို့နယ်)

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့၊ ဗိုလ်ချုပ်လမ်းနေ (ဦးဝင်းခင်မောင်-ဒေါ်သန်းတင်)တို့၏သမီး၊ တာမွေမြို့နယ်၊ အမှတ် ၄၁၊ အာသောကလမ်းနေ ဦးဦးထွန်းမောင်၊ ဒေါ်နုနုတို့၏သမီးချွေးမ၊ တာမွေမြို့နယ်၊ ဇေတိကလမ်း၊ အမှတ် ၂၈၊ငါးလွှာနေ ဦးကျော်ထွန်း၏ဇနီး၊ ဒေါ်ခင်ထွဏ်းမော်(ဒု/ညွှန်ခရိုင်ဥပဒေရုံး၊ ကျောက်ဖြူမြို့)၊ ဒေါ်မူမူဝင်း(ကျောင်းအုပ်၊ အထက-၄၊ အင်းစိန်)၊ ဒေါ်ဌေးဌေးဝင်း(အထက၊ မာန်အောင်)၊ (မောင်သန်းဌေးဝင်း)တို့၏ညီမသည် ၃၁-၁၀-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၁၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၁၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ကုန်သေတ္တာထုတ်ယူခွင့် ဆိပ်ကမ်းအာဏာပိုင် တိုက်ရိုက်ဆောင်ရွက်

**သတင်း - မြင့်မောင်စိုး**
**ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**




**ရန်ကုန် အောက်တိုဘာ ၃၁**

စားသုံးသူများ သက်သာချောင်ချိရေးအတွက် ဆိပ်ကမ်းလုပ်ငန်းစဉ်အဆင့်များ လျှော့ချခြင်း သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ရန်ကုန်မြို့ပန်းဆိုးတန်းလမ်းရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံး၌ ယနေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး(ပူးတွဲ) ဦးနီအောင်က "ဆိပ်ကမ်းလုပ်ငန်းစဉ်အဆင့်တွေ လျှော့ချခြင်းအားဖြင့် စားသုံးသူပြည်သူတွေရဲ့သက်သာချောင်ချိရေးရှေးရှုတဲ့ လုပ်ငန်းစဉ်ပဲဖြစ်ပါတယ်။ ကုန်ပစ္စည်းတင်သွင်းသူတွေအနေနဲ့ B/L(Bill of Lading ကုန်တင်ပို့လွှာ)မူရင်းပြနိုင်မယ်ဆိုရင် မြန်မာ့ဆိပ်ကမ်း အာဏာပိုင်အနေနဲ့ D/O လို့ခေါ်တဲ့ ကုန်ပစ္စည်းထုတ်ယူခွင့်ကို တိုက်ရိုက်ထုတ်ယူခွင့်ပြုမယ့် လုပ်ငန်းစဉ်ဖြစ်ပါတယ်။ အရင်တုန်းက ကုန်ပစ္စည်းတင်သွင်းသူတွေအနေနဲ့ B/L ရရှိပေမယ့် တိုက်ရိုက် D/O မရဘဲ သက်ဆိုင်ရာသင်္ဘောပိုင်ရှင်တွေ၊ ကုန်သေတ္တာပိုင်ရှင်တွေဆီသွားပြီး R/O(Release Order) တောင်းခံရတဲ့အတွက် အချိန်ကုန်ပြီး ငွေကြေးပေးဆောင်ရတာတွေ ရှိပါတယ်။ ဒီအတွက် အချိန်ကုန်ပြီး ငွေကြေးကုန်ကျစရိတ်များတဲ့ R/O အဆင့်ကို *စာမျက်နှာ ၁၂ ကော်လံ ၅* ❄

# မြန်မာ့လက်ရွေးစင်အသင်း အာရှဖလားတတိယအဆင့် ခြေစစ်ပွဲယှဉ်ပြိုင်မည်




**သတင်း - ညီမြတ်သော်တာ၊ ဓာတ်ပုံ - ဖိုးသော်ဇင်**

**ရန်ကုန် အောက်တိုဘာ ၃၁**

အာရှဘောလုံးအဖွဲ့ချုပ် (AFC) က ကြီးမှူးကျင်းပမည့် ၂၀၁၉ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲစဉ်များကို ၂၀၁၇ ခုနှစ်တွင် စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင်အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲကို အသင်း ၂၄ သင်းဖြင့် ကျင်းပမည်ဖြစ်သည်။

၂၀၁၉ အာရှဖလားပြိုင်ပွဲကို ယူအေအီးနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ယခု ဒုတိယအဆင့်ခြေစစ်ပွဲမှာ နောက်ဆုံးအဆင့်သို့ တက်ရောက်ယှဉ်ပြိုင်ခွင့်ရရန် အဆုံးအဖြတ်လည်း ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ယခု အာရှဖလားပြိုင်ပွဲ ခြေစစ်ပွဲကို ပုံစံပြောင်းလဲခဲ့ပြီး ဒုတိယအဆင့် ခြေစစ်ပွဲကို ၂၀၁၈ ကမ္ဘာ့ဖလား ခြေစစ်ပွဲ ဒုတိယအဆင့်နှင့် တစ်ပေါင်းတည်းကျင်းပခဲ့သည်။ မြန်မာအသင်းသည် ယင်းခြေစစ်ပွဲတွင် အဆင့် ၄ နေရာရခဲ့သောကြောင့် တတိယအဆင့် ခြေစစ်ပွဲကို တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး နှစ်ပေါင်းများစွာ ယှဉ်ပြိုင်နိုင်ခြင်းမရှိခဲ့သည့် အာရှဖလားပြိုင်ပွဲကို ပြန်လည်ယှဉ်ပြိုင်ခွင့်ရရန် ကြိုးပမ်းရမည်ဖြစ်သည်။ ၂၀၁၉ အာရှဖလား နောက်ဆုံးအဆင့်ပြိုင်ပွဲကို အသင်းပေါင်း ၂၄ သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး တတိယအဆင့် ခြေစစ်ပွဲမှ ၁၂ သင်းတက်ရောက်လာမည်ဖြစ်သည်။ နောက်ဆုံးအဆင့်ပြိုင်ပွဲတွင် အိမ်ရှင်ယူအေအီး အသင်းအပါအဝင် *စာမျက်နှာ ၁၄ ကော်လံ ၄* ❂

ဆူဇူကီးဖလားပြိုင်ပွဲအတွက် ဖွဲ့စည်းထားသည့် မြန်မာ့လက်ရွေးစင်အသင်း

## လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နိုင်

**နေပြည်တော် အောက်တိုဘာ ၃၁**

ယနေ့ မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ နောက် ၂၄ နာရီအတွင်း ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်း၌ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်။
(မိုး/ဇလ)

## မြန်မာနိုင်ငံ၏ ပြည်တွင်းဆန်ဈေးကွက် ကျဆင်းနေချိန်တွင် မြန်မာ့ဆန်စပါးကို ကင်ညာ ရသလောက်ဝယ်ယူမည်

စာမျက်နှာ- ၉

## ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ ယခုနှစ် ဇန်နဝါရီမှ အောက်တိုဘာအထိ ယာဉ်မတော်တဆမှု ၆၃၃ မှု ဖြစ်ပွားခဲ့၊ သေဆုံးသူ ၁၃၄ ဦး၊ ဒဏ်ရာရသူ ၁၀၇၄ ဦးရှိ

စာမျက်နှာ- ၁၂

